# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ နတ်တော်လဆန်း (၅) ရက် ၊ တနင်္ဂနွေနေ့ ၊ (27-11-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၁၁)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ

## ၂၀၂၃ ခုနှစ် စိန်ရတုလွတ်လပ်ရေးနေ့ ပဒေသာကပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြည့်ရှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၃ ခုနှစ် စိန်ရတုလွတ်လပ်ရေးနေ့ ပဒေသာကပွဲတွင် ပါဝင်သီဆိုကပြဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပြည်သူများ စိတ်ကြည်နူးချမ်းမြေ့စေရန်နှင့်လွတ်လပ်ရေး၏အငွေ့အသက်များ ခံစားနားလည်နိုင်စေရန် ရည်ရွယ်ချက်များဖြင့် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲကျင်းပရေး ဦးစီးကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ် စိန်ရတုလွတ်လပ်ရေးနေ့ ပဒေသာကပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်အားပေး ကြည့်ရှုကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ ဝန်ကြီးဌာနများနှင့် ရုံးအဖွဲ့အစည်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ညနေ ၆ နာရီခွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ကပွဲကျင်းပရာ လဟာပြင်ကဇာတ်ရုံသို့ရောက်ရှိလာကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပဒေသာကပွဲကို အစီအစဉ်အတိုင်းကျင်းပရာ ဒါရိုက်တာကျော်ဇောလင်း(အတွေးပုံရိပ်)၊ ဝိုင်း၊ တင်မောင်ဆန်းမင်းဝင်းတို့က တာဝန်ယူတင်ဆက်သည့် "လွတ်လပ်ရေးနေ့ဂုဏ်ပြုအစီအစဉ်"၊ သဘင်အစည်းအရုံးမှ အနုပညာရှင်များကပြသည့် "သုံးပန်ချီ သုံးပန်လှ(အပျိုတော်ကြီး)"၊

စာမျက်နှာ ၁၆ ကော်လံ ၁ သို့




ရတနာပုံ
၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၇ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သား အားကစားသမားများ

၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲဖွင့်ပွဲကို နိုဝင်ဘာ ၁၄ ရက်က နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားခဲ့ပြီး အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်းပင်ဖြစ်သောကြောင့် မိမိတို့ယှဉ်ပြိုင်ကြရမည့် အားကစားကဏ္ဍအလိုက် အောင်မြင်မှုများရရှိအောင်ကြိုးစားပြီး တပ်မတော်နှင့်နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်နိုင်သူများဖြစ်အောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားခဲ့သည်ကို တွေ့ရသည်။

စင်စစ် ယခုကျင်းပပြီးစီးသွားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများသည် နိုင်ငံတော်ကချမှတ်ထားသည့် "တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"ဟူသည့် လူမှုရေးဦးတည်ချက်ပါ ပြဋ္ဌာန်းချက်ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း ဆိုနိုင်သည်။

၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲတွင် ဘောလုံးပြိုင်ပွဲ၊ ပြေးခုန်ပစ်(ကျား၊မ)ပြိုင်ပွဲ၊ ဂျူဒို(ကျား၊ မ)ပြိုင်ပွဲ၊ တိုက်ကွမ်ဒိုပြိုင်ပွဲ၊ ဘော်လီဘော(ကျား၊ မ)ပြိုင်ပွဲ၊ မြန်မာ့သိုင်းပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ကရာတေးဒိုပြိုင်ပွဲ၊ လက်ဝှေ့ပြိုင်ပွဲနှင့်သေနတ်ပစ်(ကျား၊ မ)ပြိုင်ပွဲတို့ကို နိုဝင်ဘာ ၁၄ ရက်မှ ၂၅ ရက်ထိ ယှဉ်ပြိုင်ကစားခဲ့ကြပြီး တပ်မတော်သား အားကစားသမားများ၏ အားကစားစိတ်ဓာတ်၊ အဖွဲ့အစည်းအချင်းချင်း စည်းလုံးညီညွတ်စွာ ပေါင်းစည်းဆောင်ရွက်တတ်မှုနှင့် အားကစားစွမ်းရည်များကို မြင်တွေ့ခဲ့ကြရသည်မှာ စိတ်အားတက်ကြွဖွယ်ပင်ဖြစ်သည်။

၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်က နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့ပြီး ပြိုင်ပွဲတစ်လျှောက် ပွဲစဉ်များ၌ ဆုတံဆိပ်များအသီးသီးဆွတ်ခူးရရှိခဲ့ကြသည်များအနက် ရွှေတံဆိပ်ဆုအခု ၅၀၊ ငွေတံဆိပ်ဆု ၃၅ ခု၊ ကြေးတံဆိပ်ဆု ၃၇ ခု စုစုပေါင်း ဆုတံဆိပ် ၁၂၂ ခုဖြင့် ဆုအများဆုံးရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုအသင်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်းဆုကြီး ပေးအပ်ချီးမြှင့်ခဲ့သည်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ် တွေ့ရသည်။

၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲတွင် အားကစားအသင်း ၁၇ သင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြပြီး အားကစားပရိသတ်များ၊ ဘောလုံးဝါသနာအိုးများအတွက် စိတ်ဝင်စားဖွယ်ရာ ဖြစ်ခဲ့သည်။ အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်ကျင်းပခွင့်ရရှိလာသည့်အခြေအနေတွင် ယခုကဲ့သို့ အသင်းအဖွဲ့လိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ ပါဝင်ယှဉ်ပြိုင်ကစားခြင်းသည် အောင်မြင်မှုကို မျှော်မှန်းနိုင်ပြီး ပါဝင်ယှဉ်ပြိုင်သော အားကစားသမားအတွက် အရည်အချင်းအလိုက် အကျိုးကျေးဇူး ရရှိနိုင်သလို နိုင်ငံတော်အတွက်လည်း အကျိုးရှိပေသည်။ ပြိုင်ပွဲဝင်အားကစားသမားများအဖို့ ငွေသားဆု၊ တစ်ဦးချင်းဆုတံဆိပ်များရရှိနိုင်ကာ နိုင်ငံတော်အတွက်လည်း စစ်သားကောင်း၊ အားကစားသမားကောင်း၊ တပ်မတော်နှင့် နိုင်ငံတော်၏ပုံရိပ်ကို မြှင့်တင်နိုင်သူများ၊ စံနမူနာပြ အားကစားသမားကောင်းများ ဖြစ်လာပေမည်။

သို့ဖြစ်ပေရာ ကြံ့ခိုင်မှု၊ ခွန်အားရှိမှု၊ လျင်မြန်မှု၊ ကျွမ်းကျင်မှု၊ ခံနိုင်ရည်ရှိမှု၊ ပူးပေါင်းဆောင်ရွက်မှု စသည့်အခြေခံအချက်များပေါ်တွင် မူတည်လျက်ရှိသော အားကစားကို ထက်သန်သောစိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ပြီး အောင်ပန်းများဆွတ်ခူးခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သားအားကစားသမားများအားလုံးကို လှိုက်လှဲစွာ ဂုဏ်ပြုရေးသားလိုက်ရပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး နိုဝင်ဘာ ၂၆**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၁၂၈၁၁၇ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဒီနေ့ဟာဆိုရင် ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်ဖြစ်တာကြောင့် မန္တလေးတောင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေနဲ့ ပိုမိုစည်ကားလာပါတယ်။ အရှေ့၊ အနောက်၊ တောင်၊ မြောက် စောင်းတန်းကြီး လေးသွယ်ကနေလဲ မန္တလေးတောင်တော်ကို တက်ရောက်ဖူးမြော်နိုင်ပါတယ်။ စောင်းတန်းလမ်းခရီးမှာ အမောပြေနားဖို့ ခုံတွေနဲ့ ရေချမ်းစင်တွေပြုလုပ်ပေးထားပါတယ်။ ရင်ပြင်တော်ပေါ်မှာ ဘုရားဖူးတွေ စိတ်အေးချမ်းသာစွာဖူးမြော်နိုင်ဖို့အတွက် စီစဉ်ထားပါတယ်။ မန္တလေးမြို့ရဲ့ အလှအပရှုခင်းတွေကိုလဲ မှန်ဘီလူးတွေနဲ့ ကြည့်ရှုခံစားကြပါတယ်"ဟု မန္တလေးတောင်တော် ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၇၃၅ ဦး လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၁၂၆၂၃၂ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီ မိနစ် ၃၀ မှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများ အနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းကပြောပြသည်။

ထို့အတူ ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူးဦးရေ ၁၁၅၀ လာရောက်ဖူးမြော်ကြောင်း ဝေဠုဝန်ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေးဆိပ်ကမ်းများတွင် ကုန်စည်ရရှိမှု များပြားလာ၍ ကုန်တင်၊ကုန်ချလုပ်သားဦးရေ ၂၅၀၀ ကျော် အလုပ်အကိုင်ရရှိလာ

**မန္တလေး နိုဝင်ဘာ ၂၆**

မန္တလေးဆိပ်ကမ်းများတွင် ကုန်စည်ရရှိမှု များပြားလာ၍ ကုန်တင်၊ ကုန်ချလုပ်သားဦးရေ ၂၅၀၀ ကျော် အလုပ်အကိုင်ရရှိလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ယခုလက်ရှိ မန္တလေးဆိပ်ကမ်းမှ အခြားမြို့များသို့ တင်ပို့မည့် ကုန်စည်ရရှိမှု များပြားလျက်ရှိကြောင်း၊ မန္တလေးဆိပ်ကမ်းများဖြစ်သည့် ဂေါဝိန်၊ ရွှေကြက်ယက်၊ မရမ်းခြံ၊ ချော်ဆိပ်ကမ်းတို့မှ အခြားမြို့များသို့ တင်ပို့မည့်ကုန်စည်များထဲတွင် ဆန်၊ ဆီ၊ ဆား၊ အထည်အလိပ်နှင့် ပရိဘောဂပစ္စည်းများ ပါဝင်ကြောင်း၊ ယခင်က မန္တလေးဆိပ်ကမ်းများတွင် ကုန်တင်၊ ကုန်ချလုပ်သားဦးရေ ၂၀၀၀ ကျော်ဖြင့်သာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော်လည်း ယခုအခါကုန်စည်ရရှိမှုများပြားလာခြင်းကြောင့် ကုန်တင်၊ ကုန်ချလုပ်သားများလည်း ပိုမိုများပြားလာပြီး ဦးရေ ၂၅၀၀ ကျော်ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အခုလတ်တလော ကုန်စည်ရရှိမှုက တော်တော်လေး အားပြန်ကောင်းလာတာကြောင့် မန္တလေးဆိပ်ကမ်းမှာ ကုန်တင်၊ ကုန်ချလုပ်သားတွေ အလုပ်အကိုင်တွေပြန်ပြီး ရရှိနေကြပါတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

မန္တလေး ဆိပ်ကမ်းများမှ ရန်ကုန်၊ မုံရွာ၊ ကသာ၊ ထီးချိုင့်၊ ဗန်းမော် စသည့်မြို့များသို့ ကုန်စည်များ တင်ပို့သည့် ကုန်တင်သင်္ဘောအစီးရေ စုစုပေါင်း ၄၀၀ ကျော်ရှိကြောင်း သိရသည်။

"အခုလတ်တလော မန္တလေးဆိပ်ကမ်းကနေ တင်ပို့တဲ့ ကုန်တွေကတော့များတယ်။ အခြား မုံရွာ၊ ကသာ၊ ထီးချိုင့်ဘက်ကနေ မန္တလေးကို တင်ပို့တဲ့ကုန်စည်တွေကတော့ အနည်းအကျဉ်းလောက်ပဲ ရှိတယ်"ဟု မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။ (၁၈၄)

# သီရိမာလာကုန်စိမ်းဈေးတွင် အင်းလေးနှင့်ရှာငံတို့မှထွက်ရှိသည့် ခရမ်းချဉ်သီးများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာ ကုန်စိမ်းဈေးတွင် ယခုအခါ အင်းလေးဒေသနှင့် ရှာငံဒေသတို့မှထွက်ရှိသည့် ခရမ်းချဉ်သီးများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

ခရမ်းချဉ်သီးများသည် ရှမ်းပြည်နယ် အင်းလေးဒေသနှင့် ရှာငံဒေသတို့မှထွက်ရှိပြီး သီရိမာလာ ကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၁၂ ဘီးကား လေးစီးမှ ငါးစီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် ခရမ်းချဉ်သီး ဈေးနှုန်းများမှာ အင်းသီး ၁၈ ပိဿာဝင် သေတ္တာတစ်လုံးလျှင် ငွေကျပ် ၃၇၀၀၀ မှ ၃၉၀၀၀ ထိ၊ ရှာငံခရမ်းချဉ်သီး ၁၈ ပိဿာဝင် သေတ္တာတစ်လုံးလျှင် ငွေကျပ် ၃၂၀၀၀ မှ ၃၇၀၀၀ ထိရရှိနေကြောင်း သိရသည်။

"လက်ရှိမှာတော့ ရှမ်းပြည်နယ်ဘက်က ခရမ်းချဉ်သီးတွေ ဈေးကွက်ကို အများဆုံးဝင်ရောက်လာတာပါ။ အင်းသီးကအထားခံတော့ ဈေးကောင်းရရှိနေပါတယ်။ မကြာခင်ကာလမှာတော့ ထိုင်ဝမ်ခရမ်းချဉ်သီးတွေ ထွက်ရှိလာတော့မှာပါ။ အဲဒီခရမ်းချဉ်သီးတွေ ထွက်လာရင်တော့ ဈေးကျဖို့အလားအလာရှိနေပါတယ်။ တစ်နေ့ကို ရှာငံဒေသဘက်ကနေ ကားနှစ်စီးနဲ့ အင်းလေးဒေသဘက်ကနေ ကားသုံးစီး ပုံမှန်ဝင်ရောက်နေပါတယ်။ အရောင်းအဝယ်ကတော့ ကောင်းနေပါတယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

သီရိမာလာ ကုန်စိမ်းဈေးတွင် ခရမ်းချဉ်သီးအပြင် ကျန်ကုန်စိမ်းသီးနှံများဖြစ်သည့် ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ မုန်ညင်းဖြူ၊ ခရမ်းသီး၊ ဂေါ်ရခါးသီး၊ အာလူးသီး၊ ကြက်သွန်များလည်း အရောင်းအဝယ်ကောင်းနေကြောင်း ၎င်းက ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဆိပ်ဖြူမြို့နယ် ကျွန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆိပ်ဖြူ နိုဝင်ဘာ ၂၆**

ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းတောကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဉ္စမအကြိမ်ထုတ်ချေးခြင်းကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆိပ်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင် အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ရရှိမည့်အကျိုးကျေးဇူးများ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆိပ်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးသိမ့်သိမ့်ကျော်နှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကျွန်းတောကျေးရွာတွင် ပဉ္စမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၂၁၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ်သိန်း ၁၅၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁၇ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၂၄ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၀၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က ပြောပြ၍ သိရသည်။ **နှံ့ယဉ်**

# နတ်မောက်မြို့နယ် ချောင်းနက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နတ်မောက် နိုဝင်ဘာ ၂၆**

မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းနက်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက် ၈ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းသူရနှင့် ကျေးရွာတာဝန်ခံ ဝန်ထမ်းများက ချောင်းနက်ကျေးရွာ ကော်မတီဝင်များ၏ ငွေစာရင်းဖြည့်သွင်းထားရှိမှု၊ စာရင်းဇယားထိန်းသိမ်းမှုများနှင့်စီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နေကြာစိုက်ပျိုးဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

နတ်မောက်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ကို ယခုဘဏ္ဍာနှစ်မှစ၍ ကျေးရွာသုံးရွာတွင် ဆောင်ရွက်လျက်ရှိသည့်အနက် ချောင်းနက်ကျေးရွာ၌ ငွေကျပ်သန်း ၃၀ ဖြင့် အိမ်ထောင်စု ၁၂၀ တို့က ဆီထွက်သီးနှံ(နေကြာ)များစိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးဝင်းသူရက ပြောပြ၍ သိရသည်။

**သော်သော်**

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလထိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ကုန်တန်ချိန် ၅ ဒသမ ၀၀၁ တန်နှင့် ခရီးသည်ဦးရေ ၃၈ သိန်းကျော် သယ်ယူပို့ဆောင်ပေးခဲ့



**နေပြည်တော် နိုဝင်ဘာ ၂၆**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလထိ ခုနစ်လတာကာလအတွင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ကုန်တန်ချိန် ၅ ဒသမ ၀၀၁ တန်နှင့် ခရီးသည်ဦးရေ ၃၈ သိန်းကျော် သယ်ယူပို့ဆောင်ပေးခဲ့ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းတစ်ခုဖြစ်ပြီး စီးပွားရေးအဖွဲ့အစည်းဖြစ်သော်လည်း အကျိုးအမြတ်အတွက် အဓိကရည်ရွယ်ဆောင်ရွက်ခြင်းမပြုဘဲ အများပြည်သူ၏ ခရီးသွားလာမှု အဆင်ပြေလွယ်ကူစေရေး၊ ကုန်စည်များကိုစရိတ်စကသက်သာစွာဖြင့် သယ်ယူပို့ဆောင်ပေးနိုင်ရေးအတွက်ကိုသာ ရည်ရွယ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအနေဖြင့် ခရီးလမ်းကြောင်း ၁၀ ခုပြေးဆွဲကာ ခရီးသည်နှင့် ကုန်စည်များကို သယ်ယူပို့ဆောင်ပြေးဆွဲပေးလျက်ရှိကြောင်း၊ ထိုသို့ပြေးဆွဲပေးရာတွင် ဧရာဝတီဌာနခွဲတွင် မန္တလေး-ဗန်းမော်ခရီးစဉ်၊ ရခိုင်ဌာနခွဲတွင် စစ်တွေ-ဘူးသီးတောင် ခရီးစဉ်၊ စစ်တွေ-ကျောက်တော်ခရီးစဉ်နှင့် ကျောက်တော်-ပလက်ဝခရီးစဉ်များကို ခုတ်မောင်းပြေးဆွဲပေးလျက်ရှိကြောင်း၊ ထို့အတူ မြစ်ဝကျွန်းပေါ်ဌာနခွဲတွင်လည်း ရန်ကုန်-ကျုံမငေးခရီးစဉ်နှင့် ခေါက်တို(ကူးတို့)ခရီးစဉ်များအဖြစ် ရန်ကုန်-ဒလ၊ ရန်ကုန်-ခနောင်တို၊ ဝါးတန်း-ဒလ၊ ကျုံသွပ်-ဇီးဖြူချောင်း စသည့်ခရီးစဉ်များကို ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ဧပြီ ၁ ရက်မှအောက်တိုဘာ ၃၁ ရက်ထိကာလအတွင်းတွင် ကုန်ပို့ဌာနခွဲမှ ကုန်တန်ချိန် ၃ ဒသမ ၁၅၃ တန်၊ မြစ်ဝဌာနခွဲမှ ကုန်တန်ချိန် ၁ ဒသမ ၅၀၂ တန်နှင့် ခရီးသည် ၃၈ ဒသမ ၀၃၆ သိန်း၊ ဧရာဝတီဌာနခွဲမှ ကုန်တန်ချိန် သုည ဒသမ ၀၁၇ တန်နှင့် ခရီးသည် သုည ဒသမ ၀၀၃ သိန်း၊ ချင်းတွင်းဌာနခွဲမှ ကုန်တန်ချိန် သုည ဒသမ ၁၃၃ တန်နှင့်ခရီးသည် သုည ဒသမ ၁၇၄ သိန်း၊ သံလွင်ဌာနခွဲမှ ကုန်တန်ချိန် သုည ဒသမ ၁၀၃ တန်၊ ရခိုင်ဌာနခွဲမှ ကုန်တန်ချိန် သုည ဒသမ ၀၉၃ တန်နှင့် ခရီးသည် သုည ဒသမ ၀၈၁ သိန်း စုစုပေါင်းကုန်တန်ချိန် ၅ ဒသမ ၀၀၁ တန်နှင့် ခရီးသည် ၃၈ ဒသမ ၂၉၄ သိန်းထိ သယ်ယူပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

SKL

# ပွင့်ဖြူမြို့နယ် ရွှေဘိုရွာသစ်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေဘိုရွာသစ်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှဌေးမောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ၏ ဆင်းရဲမှုလျှော့ချနိုင်စေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြား မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ စီမံကိန်းချေးငွေများကို စဉ်ဆက်မပြတ် ဆပ်၊ ထုတ်စနစ်ဖြင့် ထုတ်ချေးပေးနေခြင်းဖြစ်ကြောင်း၊ စီမံကိန်းချေးငွေများကို အကျိုးရှိရှိအသုံးချပြီး မိမိရပ်ရွာဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ရွှေဘိုရွာသစ်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၉ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၂၁ ဦးကို ငွေကျပ် ၇၀ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ရွာငံမြို့နယ် တက်တောင်ကျေးရွာ၌ VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ရွာငံ နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် တက်တောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရွာငံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်၊စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများက တက်တောင်ကျေးရွာတွင် အရှည်ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၄ ဒသမ ၅ လက်မရှိ ကျေးရွာအဝင်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

တက်တောင်ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၇ သိန်းကို အသုံးပြု၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဂုဏ်လိုက်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ပြီးစီးပြီဖြစ်သဖြင့် ကျေးရွာရှိ အိမ်ခြေ ၃၁ အိမ်၊ လူ ၁၆၁ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူပြီး ရာသီမရွေး သွားလာနိုင်မည်ဖြစ်ကြောင်း ရွာငံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်က ပြောပြ၍ သိရသည်။

**ချိုသန်းဥမ္မာ**



# တင်ပို့၊ တင်သွင်းရန် သတ်မှတ်ထားသော စားသုံးဆီအရည်အသွေး

**မျိုးသူ(ကုန်သွယ်မြှင့်)**

မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီနှင့် ပဲပုပ်ဆီတို့ကို ပြည်တွင်းတွင် ကြိတ်ခွဲထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့သည့်အခါတွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းလျှင်လည်းကောင်း အရည်အသွေးများ သတ်မှတ်ထားသည်။ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီနှင့် ပဲပုပ်ဆီတို့သည် တန်ဖိုးမြင့်မားကြပြီး ချက်ပြုတ်စားသုံးခြင်းအတွက် အလွန်သင့်တော်သောကြောင့် စားသုံးသူများနှစ်သက်ကြသည်။ သို့ရာတွင် အရောင်အဆင်း၊ အနံ့အရသာတို့သည် လက်တွေ့မြင်တွေ့နိုင်သော်လည်း မြေပဲတွင် ပါဝင်တတ်သည့် အာလ်ဖာတောက်ဆင်မှိုဆိပ်မျိုးကို အလွယ်တကူမမြင်နိုင်သည့်အပြင် ယခုဖော်ပြသည့် ရူပဓာတုဆိုင်ရာအရည်အသွေးများမှာ ဓာတ်ခွဲခန်းအဖြေများနှင့်တိုင်းတာရသဖြင့် ရုတ်တရက်မသိနိုင်သော်လည်း သိရှိထားခြင်းဖြင့် အကျိုးယုတ်ရန်မရှိသည့်အပြင် ဓာတ်ခွဲခန်းများမှ ရလဒ်များနှင့် တိုက်ဆိုင်စစ်ဆေးကြည့်နိုင်သဖြင့် သိရှိထားသင့်သည်။ အဆိုပါ စားသုံးဆီများ၏ အရည်အသွေးသတ်မှတ်သည့်အမိန့်ကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်ကို တွေ့ရသည်။ တင်ပို့၊ တင်သွင်းရာတွင် လိုက်နာရမည့်အရည်အသွေးသတ်မှတ်ချက်ကို အဓိကအားဖြင့် ၁၀ ချက် သတ်မှတ်ထားသည်။

**အိုင်အိုဒင်းတန်ဖိုး (Iodine Value)**

မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီနှင့် ပဲပုပ်ဆီတို့၏ အရည်အသွေးများကို သတ်မှတ်ထုတ်ပြန်ခဲ့ရာတွင် အဓိကစဉ်းစားခဲ့ကြသည်မှာ အိုင်အိုဒင်းတန်ဖိုးဖြစ်သည်။ အိုင်အိုဒင်းတန်ဖိုးသည် စားသုံးဆီများတွင် တစ်ခုနှင့်တစ်ခုမတူညီတတ်သဖြင့် စားဆီအမျိုးအစားများကိုခွဲခြားနိုင်ရန်အတွက် အိုင်အိုဒင်းတန်ဖိုးကိုသိရှိထားရန်လိုအပ်သဖြင့် ယခုကဲ့သို့ သတ်မှတ်ထားခြင်းဖြစ်သည်။ အိုင်အိုဒင်းတန်ဖိုးကို တိုင်းတာသည့်အခါ စားသုံးဆီ ၁၀၀ ဂရမ်နှင့် ပေါင်းစပ်နိုင်သော အိုင်အိုဒင်းတန်ဖိုးကို တိုင်းတာဖော်ပြခြင်းဖြစ်သည်။ အိုင်အိုဒင်းတန်ဖိုးသည် အုန်းဆီတွင် အနည်းဆုံးဖြစ်၍ စားအုန်းဆီတွင်လည်း အိုင်အိုဒင်းတန်ဖိုးသည် ၅၀ နှင့် ၅၅ ကြားတွင်သာရှိတတ်သည်။ ထို့ကြောင့် ယခုဖော်ပြမည့် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီနှင့် ပဲပုပ်ဆီတို့မှာ အိုင်အိုဒင်းတန်ဖိုးများပြားကြသဖြင့် မပြည့်ဝဆီပါဝင်မှုလည်း များပြားသည်ဟုဆိုသည်။ အိုင်အိုဒင်းတန်ဖိုးသည် မြေပဲဆီတွင် ပုံမှန်အားဖြင့် ၈၆ နှင့် ၁၀၇ ကြား၊ နှမ်းဆီတွင် ၁၀၄ နှင့် ၁၂၀ ကြား၊ နေကြာဆီတွင် ၁၁၈ နှင့် ၁၄၁ ကြား၊ ပဲပုပ်ဆီတွင် ၁၂၄ နှင့် ၁၃၉ ကြားရှိတတ်သည်။ ထို့ကြောင့် ဤဆီလေးမျိုးမှာ မပြည့်ဝဆီပါဝင်မှုများပြားသည်ဟုဆိုနိုင်သည်။ ထို့ကြောင့် မြေပဲဆီတွင် စားအုန်းဆီအများအပြားရောနှောထားပါက အိုင်အိုဒင်းတန်ဖိုးမှာ ၈၆ ထိရောက်ရှိရန်မလွယ်ကူသဖြင့် ယခုသတ်မှတ်ချက်တွင် မြေပဲဆီ၏အိုင်အိုဒင်းတန်ဖိုးကို ၈၇ နှင့် ၁၀၇ ကြားဟု သတ်မှတ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် မြေပဲဆီကို ပြည်ပသို့တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှတင်သွင်းခြင်းပြုမည်ဆိုပါက မြေပဲဆီ၏ အိုင်အိုဒင်းတန်ဖိုးကို ၈၇-၁၀၇ ဟု ဖော်ပြသတ်မှတ်ထားသည့် အတိုင်းအတာအတွင်းရှိမှ ခွင့်ပြုမည်ဟုဆိုလိုခြင်းဖြစ်သည်။ အလားတူပင် နှမ်းဆီကို အိုင်အိုဒင်းတန်ဖိုး ၁၀၄ နှင့် ၁၂၀ ကြား ပါဝင်ရမည်ဟုလည်းကောင်း၊ နေကြာဆီကို အိုင်အိုဒင်းတန်ဖိုး ၁၁၈ နှင့် ၁၄၁ ကြားပါဝင်ရမည်ဟုလည်းကောင်း၊ ပဲပုပ်ဆီကို အိုင်အိုဒင်းတန်ဖိုး ၁၂၄ နှင့် ၁၃၉ ကြားပါဝင်ရမည်ဟုလည်းကောင်း သတ်မှတ်ထားသည်။

**သိပ်သည်းဆ (Relative Density)**

စားသုံးဆီ၏သိပ်သည်းဆကို တိုင်းတာရာတွင် အခန်းအပူချိန်တစ်ခုတွင်ရှိသည့် စားသုံးဆီတစ်စတုရန်းစင်တီမီတာတွင်ပါဝင်သည့် ဂရမ်အလေးချိန်ကိုဖော်ပြခြင်းဖြစ်သည်။ ယခုအမိန့်ကြော်ငြာချက်တွင် ၂၀ ဒီဂရီစင်တီဂရိတ်ရှိသည့် မြေပဲဆီသည် သုည ဒသမ ၉၀၉ မှ သုည ဒသမ ၉၂ အတွင်း၊ နှမ်းဆီသည် သုည ဒသမ ၉၁၅ မှ သုည ဒသမ ၉၂၄ အတွင်း၊ နေကြာဆီသည် သုည ဒသမ ၉၁၈ မှ သုည ဒသမ ၉၂၃ အတွင်းနှင့် ပဲပုပ်ဆီသည် သုည ဒသမ ၉၁၉ မှ သုည ဒသမ ၉၂၅ အတွင်းရှိရမည်ဟု သတ်မှတ်ထားခြင်းဖြစ်သည်။ သိပ်သည်းဆမှာ ရေထက်နည်းသဖြင့် ရေပေါ်တွင် ဆီပေါ်နေသည်ကို တွေ့နိုင်သည်။ ထို့ကြောင့် စားဆီတွင်ရေပါဝင်မှုများလျှင် သိပ်သည်းဆများလာပြီး အထက်ပါသိပ်သည်းဆများထက်ကြီးလာမည်ဖြစ်သည်။ ထို့ပြင် ရေပါဝင်မှုများသောစားဆီသည် ပျက်စီးလွယ်တတ်သည်။ ဆီကို အခန်းအပူချိန်တွင် ခြောက်လ၊ တစ်နှစ်ထားနိုင်သော်လည်း ရေပါဝင်မှုများသောဆီများ (ဥပမာ- ဆုံဆီများ) သည် အခန်းအပူချိန်တွင်ပင် ကြာရှည်အထားမခံသည်ကိုတွေ့နိုင်သည်။

**ဖရီးဖက်တီးအက်စစ် (Free Fatty Acid-FFA)**

ဖရီးဖက်တီးအက်စစ် (Free Fatty Acid -FFA) ပါဝင်မှုကို မြေပဲဆီနှင့် နှမ်းဆီတို့အတွက် နှစ်ရာခိုင်နှုန်းအမြင့်ဆုံးသတ်မှတ်ထားပြီး နေကြာဆီကို သုည ဒသမ ၁ ရာခိုင်နှုန်းအမြင့်ဆုံးနှင့် ပဲပုပ်ဆီကို သုည ဒသမ ၀၅ ရာခိုင်နှုန်း သတ်မှတ်ထားသည်။ မြေပဲဆီတွင် လတ်ဆတ်သောမြေပဲမှ ကြိတ်ခွဲပါက ဖရီးဖက်တီးအက်စစ်ပါဝင်မှုသည် နှစ်ရာခိုင်နှုန်းခန့်ရှိတတ်သဖြင့် အမိန့်ကြော်ငြာချက်တွင် နှစ်ရာခိုင်နှုန်းထိ ခွင့်ပြုထားခြင်းဖြစ်သည်။ ဖရီးဖက်တီးအက်စစ်များသည် ထရိုင်ဂလစ်စရိုက် (Triglyceride)များပြိုကွဲရာမှ လွတ်ထွက်လာခြင်းဖြစ်သဖြင့် ထိုသို့ပြိုကွဲသည့်အခါ ဖရီးဖက်တီးအက်စစ်များကသတ်သတ်၊ ဂလစ်စရိုက်မော်လီကျူးများကသတ်သတ်ဖြစ်သွားသည်။ ထိုသို့ဖြစ်သွားသည်ကို ဆီပျက်စီးသည်ဟုခေါ်ခြင်းဖြစ်သည်။

**ပါရောက်ဆိုက်တန်ဖိုး (Peroxide Value-P.V) နှင့် ညစ်ညမ်းမှုကိန်း (Rancidity)**

ပြည်ပသို့တင်ပို့သည့် သို့မဟုတ် ပြည်ပမှတင်သွင်းသည့် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီနှင့် ပဲပုပ်ဆီတို့၏ အရည်အသွေးသတ်မှတ်သည့်အမိန့်တွင် ပါရောက်ဆိုက်တန်ဖိုး (Peroxide Value-P.V) နှင့် ညစ်ညမ်းမှုကိန်း (Rancidity) တို့၏အရည်အသွေးကို ဖော်ပြရာတွင် မြေပဲဆီအတွက် ပါရောက်ဆိုက်တန်ဖိုးကို 5 meq O2/kg oil ထက်မကျော်ရနှင့် ညစ်ညမ်းမှုကိန်းကို မပါဝင်ရဟုသတ်မှတ်ထားသည်။ နှမ်းဆီတွင် ပါရောက်ဆိုက်တန်ဖိုးကို 5 meq O2/kg oil ထက်မကျော်ရနှင့် ညစ်ညမ်းမှုကိန်းကိုမပါဝင်ရဟု မြေပဲဆီကဲ့သို့ပင် သတ်မှတ်ထားသည်။ နေကြာဆီနှင့် ပဲပုပ်ဆီတို့၏ပါရောက်ဆိုက်တန်ဖိုးကို စက်ရုံမှထုတ်ချိန်တွင် 2 meqO2/kg oil ထက်မကျော်ရဟုသတ်မှတ်သော်လည်း ဆိပ်ကမ်းတွင်ရောက်ရှိချိန်၌ ပိုမိုလာနိုင်သဖြင့် 5 meqO2/kg oil ထက်မကျော်ရဟု သတ်မှတ်ထားသည်။ ညစ်ညမ်းမှုကိန်းကိုမူ မရှိရဟုသတ်မှတ်ထားသည်။ စားသုံးဆီတစ်ခုကို လေသလပ်ခံထားလျှင် အောက်ဆီဂျင်နှင့်ပေါင်း၍ ဓာတ်တိုးခြင်းဖြစ်ပြီး ပျက်စီးစပြုလာသည်။ ထိုသို့စတင်ပျက်စီးလာလျှင် ပါရောက်ဆိုက်တန်ဖိုးတက်လာကာ အရသာမကောင်းတော့သည့်အခြေအနေထိ ပျက်စီးလာတတ်သည်။ ပါရောက်ဆိုက်များသည် အဆိပ်အတောက်များဖြစ်စေပြီး ကင်ဆာရောဂါထိ ဖြစ်ပွားနိုင်သည်ဟုဆိုသည်။ ဆီကို ကြာမြင့်စွာကြော်ပါကလည်း ပါရောက်ဆိုက်များ များပြားလာနိုင်သဖြင့် ဖရီးဖက်တီးအက်စစ်များလည်းများလာကာ ဆီအရည်



အသွေးပျက်စီးသွားတတ်သည်။ ထို့ကြောင့် ကြော်လှော်ပြီးဆီများကို အစားအသောက်အတွက် ပြန်လည်သုံးစွဲခြင်းကို ရှောင်ကြဉ်သင့်သည်။

**ဆပ်ပြာဖြစ်နိုင်မှုတန်ဖိုး (Saponification Value)**

ဆပ်ပြာအဖြစ်ပြောင်းနိုင်သောတန်ဖိုးကို တွက်ချက်ရာတွင် စားသုံးဆီတစ်ဂရမ်ကို သတ်မှတ်ထားသော အခြေအနေတစ်ခု၌ ဆပ်ပြာအဖြစ်သို့ ပြောင်းလဲရာတွင် လိုအပ်သော ပိုတက်ဆီယမ်ဟိုက်ဒြောက်ဆိုက်အလေးချိန် မီလီဂရမ်မည်မျှပါဝင်သည်ဆိုသည့်အခြေအနေဖြင့် ဖော်ပြသည်။ မြေပဲဆီကို 187 mg of KOH/g oil မှ 196 mg of KOH/g oil အတွင်းရှိရမည်ဟု ဖော်ပြထားသည်။ အဆိုပါအမှတ်မြင့်လျှင် ဆီအရည်အသွေးညံ့သည်ဟု မှတ်သားမိသည်။ နှမ်းဆီတွင် 185 mg of KOH/g oil မှ 195 mg of KOH/g oil အတွင်းဟုလည်းကောင်း၊ နေကြာဆီတွင် 188 mg of KOH/g oil မှ 194 mg of KOH/g oil အတွင်း ဟုလည်းကောင်း၊ ပဲပုပ်ဆီတွင် 189 mg of KOH/g oil မှ 195 mg of KOH/g oil အတွင်းဟုလည်းကောင်း သတ်မှတ်ထားသည်။

**ဆပ်ပြာဖြစ်နိုင်ခြင်းမရှိသောပစ္စည်းများပါဝင်မှု (Un-saponification Matter)**

စားသုံးဆီအားလုံးသည် ဆပ်ပြာဖြစ်နိုင်ကိန်းရှိသော်လည်း စားသုံးဆီထဲတွင် ဆပ်ပြာဖြစ်နိုင်ခြင်းမရှိသော အချို့ဆီခဲများ၊ ဖယောင်းများနှင့် အခြားပစ္စည်းများလည်းပါဝင်တတ်သဖြင့် အလွန်အမင်းများပြားစွာပါဝင်ခြင်းမရှိစေရန် လိုအပ်သည်။ ထို့ကြောင့် မြေပဲဆီတွင် ≤ 10၊ နှမ်းဆီတွင် ≤20၊ နေကြာဆီတွင် ≤ 15 နှင့် ပဲပုပ်ဆီတွင် ≤ 15 သာပါဝင်ရမည်ဟု သတ်မှတ်ထားသည်။

**အစိုဓာတ်**

သီးနှံများတွင်ပါဝင်သောအစိုဓာတ်သည် ကြာရှည်စွာသိုလှောင်သည့်အခါတွင် အခက်အခဲဖြစ်စေတတ်သည်။ အစိုဓာတ်များပြားလျက် သိုလှောင်မိလျှင် ပျက်စီးသွားတတ်သည်။ ဆီထွက်သီးနှံများတွင်လည်း အစိုဓာတ်ပါဝင်မှုများပြားခဲ့လျှင် မြေပဲတွင် အာလ်ဖာတောက်ဆင်မှိုဆိပ်ကဲ့သို့ ကင်ဆာဖြစ်စေသည့်မှိုများပါကျရောက်တတ်သဖြင့် အစိုဓာတ်ပါဝင်မှုကို အထူးသတိထားရန်လိုအပ်သည်။ သီးနှံတွင်သာမက ကြိတ်ခွဲပြီးသောဆီထဲတွင်လည်း အစိုဓာတ်ပါဝင်မှုကို အထူးသတိပြုရန်လိုအပ်သည်။ သို့ဖြစ်၍ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီနှင့် ပဲပုပ်ဆီတို့တွင် အစိုဓာတ်ပါဝင်မှုကို သုည ဒသမ ၁ ရာခိုင်နှုန်းသာပါဝင်ရမည်ဟု သတ်မှတ်ထားခြင်းဖြစ်သည်။

**အလင်းယိုင်ညွှန်ကိန်း**

အလင်းယိုင်ညွှန်ကိန်းကို သတ်မှတ်ချက်ထားရခြင်းမှာ ဆီသန့်စင်မှုကို ထိန်းထားနိုင်ရန်အတွက်ဖြစ်သည်။ ဆီနှင့် ဆီတွင်ပါဝင်သောဓာတ်ပစ္စည်းများ၏ အလင်းယိုင်ညွှန်ကိန်းများသည် တစ်ခုနှင့်တစ်ခုမတူညီတတ်ကြသည့်အတွက် ဆီထဲတွင် အခြားဆီများရောနှောခြင်းရှိ၊ မရှိ၊ အခြားပစ္စည်းများရောနှောထားခြင်းရှိ၊ မရှိနှင့် ဆီအရည်အသွေးတို့ကိုသိရှိနိုင်သည်ဟုဆိုသည်။ သို့ဖြစ်၍ ဆီအမျိုးအစားကိုလိုက်၍ အလင်းယိုင်ညွှန်ကိန်းကို သတ်မှတ်ထားခြင်းဖြစ်သည်။ အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ရှိ မြေပဲဆီတွင် ၁ ဒသမ ၄၆၀ မှ ၁ ဒသမ ၄၆၅ ဟုလည်းကောင်း၊ နှမ်းဆီတွင် ၁ ဒသမ ၄၆၅ မှ ၁ ဒသမ ၄၉ ဟုလည်းကောင်း၊ နေကြာဆီတွင် ၁ ဒသမ ၄၅၁ မှ ၁ ဒသမ ၄၆၈ ဟုလည်းကောင်း၊ ပဲပုပ်ဆီတွင် ၁ ဒသမ ၄၆၁ မှ ၁ ဒသမ ၄၇ ဟုလည်းကောင်း သတ်မှတ်ထားခြင်းဖြစ်သည်။

**ပျော်ဝင်ခြင်းမရှိသောပစ္စည်းများ**

ပျော်ဝင်ခြင်းမရှိသောပစ္စည်းများဆိုသည်မှာ ဆီမဟုတ်ဘဲ အခြားသောဖုန်မှုန့်၊ အမှိုက်၊ အမှုန်အမွှားများနှင့် ဆီထွက်သီးနှံ၏ အနယ်အနှစ်များ စသည်တို့ဖြစ်ကြသည်။ အဆိုပါပစ္စည်းများသည် သဘာဝအတိုင်း ပါဝင်ခြင်းမျိုးဖြစ်နိုင်သကဲ့သို့ လူက တမင်တကာထည့်သွင်းထားခြင်းလည်းဖြစ်နိုင်သည်။ ဆီ၏အလေးချိန်ပိုမိုရရှိစေရန်အတွက်လည်း အနယ်အနှစ်များကို ထည့်သွင်းထားနိုင်သည်။ ပြည်တွင်းထုတ်ဆီတွင် ပျော်ဝင်ခြင်းမရှိသောပစ္စည်းများပါဝင်မှုကို သတ်မှတ်ထားခြင်းမရှိသော်လည်း တင်ပို့၊ တင်သွင်းရာတွင်မူ ပျော်ဝင်ခြင်းမရှိသောပစ္စည်းများပါဝင်မှုကို နည်းနည်းသာပါဝင်ရန် သတ်မှတ်ထားသည်။ အဆိုပါပစ္စည်းများကြောင့် ဆီ၏အရည်အသွေးနှင့် ကြည်လင်မှုတို့ကိုပါထိခိုက်စေသဖြင့် ပါဝင်ခွင့်ကို သတ်မှတ်ထားခြင်းဖြစ်သည်။ သတ်မှတ်ချက်မှာ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီနှင့် ပဲပုပ်ဆီတို့တွင် သုည ဒသမ ၀၅ ရာခိုင်နှုန်းသာအများဆုံးပါဝင်ရမည်ဟု သတ်မှတ်ထားသည်။

**ကောင်းသောဆီကိုသာစားသုံးပါ**

မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီနှင့် ပဲပုပ်ဆီတို့သည် စားသုံးသူများနှစ်ခြိုက်ကြသော ဆီအမျိုးအစားများဖြစ်ကြသည်။ အဆိုပါဆီများကို ရွေးချယ်စားသုံးရာတွင် ဈေးကောင်းပေး၍ စားကြရခြင်းဖြစ်သည်နှင့်အညီ အရည်အသွေးကောင်းသော ဆီအမျိုးအစားများကို ရွေးချယ်စားသုံးနိုင်ရန် လိုအပ်သည်။ ရွေးချယ်မှုမှန်ကန်စေရန်အတွက် အဆိုပါဆီလေးမျိုးကို တင်ပို့၊ တင်သွင်းရာတွင် ပါဝင်ခွင့်သတ်မှတ်ထားသည့်အချက်များကို ဖော်ပြထားခြင်းဖြစ်သည်။ အထက်ဖော်ပြပါအချက်များသည် ဓာတ်ခွဲခန်းတွင် စိစစ်ပြီးမှ သိရသည့်အချက်များဖြစ်သည်နှင့်အညီ ပြည်တွင်းဈေးကွက်တွင် ပြည်ပမှတင်သွင်းလာသည့် အဆိုပါ ဆီအမျိုးအစားများကို ဝယ်ယူမည်ဆိုပါက အမှတ်တံဆိပ်များ၊ လေဘယ်တွင်ပါဝင်သည့်အချက်များ၊ FDA ဌာနက စစ်ဆေးပြီးကြောင်းဖော်ပြချက်များပါဝင်မှုကို စစ်ဆေးပြီးမှ ဝယ်ယူသင့်သည်။ စားသုံးဆီစားသုံးခြင်းမှာ ကျန်းမာရေးအတွက်ဖြစ်သော်လည်း အရည်အသွေးကောင်းသောဆီများကိုစားမှသာ ကျန်းမာရေးအတွက် အထောက်အကူဖြစ်နိုင်ပါကြောင်း တင်ပြအပ်ပါသည်။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၈ ရက်ထိ မြန်မာ-ထိုင်းနယ်စပ် ကုန်သွယ်ရေးစခန်းများက ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၃၂၃၈ သန်းပိုး ဆောင်ရွက်နိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၆**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၈ ရက်ထိ ကာလအတွင်း မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးစခန်းများက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၂၃၈ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်မှုမူဝါဒဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချိုသက်မူက ပြောပြ၍ သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၈ ရက်ထိ ကာလအတွင်း မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးစခန်းများက ထိုင်းနိုင်ငံသို့ ပို့ကုန်အနေဖြင့် အမေရိကန်ဒေါ်လာ ၂၁၇၇ သန်းဖိုး တင်ပို့နိုင်ခဲ့ပြီး ထိုင်းနိုင်ငံဘက်က သွင်းကုန်အနေဖြင့် အမေရိကန်ဒေါ်လာ ၁၀၆၁ သန်းဖိုးတင်သွင်းခဲ့သဖြင့် စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၂၃၈ သန်းဖိုး ဆောင်ရွက်ထားကြောင်း သိရသည်။

"၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၈ ရက်ထိကာလအတွင်း မြန်မာ- ထိုင်းနယ်စပ်ကုန်သွယ်ရေးစခန်းတွေက ထိုင်းနိုင်ငံနဲ့ ကုန်သွယ်မှုဆောင်ရွက်ထားနိုင်တဲ့ အခြေအနေကတော့ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၂၃၈ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မြန်မာ-ထိုင်းနယ်စပ် ကုန်သွယ်ရေးစခန်းတွေထဲမှာ ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေတဲ့ မြဝတီနယ်စပ်ကုန်သွယ်ရေး စခန်းအပါအဝင် ကော့သောင်း၊ မော်တောင်၊ တာချီလိတ်၊ ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းတွေကနေ ကုန်သွယ်မှုပုံမှန်ဆောင်ရွက်နေပါတယ်"ဟု ဒေါ်ချိုသက်မူက ပြောပြသည်။

မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ-ထိုင်းနယ်စပ်ဒေသများတွင် မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်း၊ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်း၊ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်း၊ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်း၊ ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်း၊ မော်တောင်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်ကာ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ASH



# ပန်းတောင်းမြို့နယ်တွင် လုပ်ငန်းလည်ပတ်ထိန်းသိမ်းရေးသင်တန်းပို့ချ

**ပန်းတောင်း နိုဝင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု၊ တိုင်းဒေသကြီးရန်ပုံငွေ၊ နိုင်ငံတော်ပံ့ပိုးရန်ပုံငွေများဖြင့် ဆောင်ရွက်ပေးသည့် လုပ်ငန်းများ လုပ်ငန်းလည်ပတ်ထိန်းသိမ်းရေး (O&M) သင်တန်းပို့ချခြင်းကို နိုဝင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပန်းတောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းသန်းဇော်က တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာကိစ္စများနှင့် ဆောင်ရွက်ပြီး ကျေးလက်ရေရရှိရေးနှင့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများကို တန်ဖိုးထားရန်၊ အကျိုးရှိစွာအသုံးပြုရန် ရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကျေးရွာစီမံကိန်း ကော်မတီဝင်များထံ လုပ်ငန်းများအသီးသီး လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာနှင့်ဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များကို လုပ်ငန်းလည်ပတ်ထိန်းသိမ်းရေး (O&M) သင်တန်း သင်ကြားပို့ချပေးပြီး လုပ်ငန်းများနှင့်ပတ်သက်၍ လည်ပတ်ထိန်းသိမ်းမည့် အစီအစဉ်များကို အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပန်းတောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးလက်ရေရရှိရေးနှင့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်ကျေးရွာများမှ ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

## ပန်းဥယျာဉ်

\- သမီးစိုက်တဲ့ ပန်းဥယျာဉ်
အိမ်ရှေ့ခြံထောင့်တွင်၊
နီကြင် ဝါဖြူ ရောင်စုံပန်း
ရှုတိုင်းစိတ်ကြည်လန်း။

\- နှင်းပန်း သော်က ဇီဇဝါ
အင်ကြင်း သစ်ခွ ဒေလီယာ၊
နှင်းဆီ ခတ္တာ သစ္စာပန်း
ရောင်စုံဖူးပွင့် ရှုမခန်း။

\- ငွန်ပန်း ဇလပ် စံပယ်ဖြူ
မွှေးပျံ့သင်းကြူကြူ၊
လှပဖြိုးဖြိုးတွေ စုံမက်ကြ
သဇင်ပန်းခက် ဖြူရွှရွ။

\- မွှေးကြ လှကြ ရောင်စုံလင်
သမီးစိုက်တဲ့ ပန်းဥယျာဉ်၊
တချို့ကိုပင် ဦးဖျားဖျား
ဘုရားလှူဖို့ထား။

\- တချို့များတော့ ရောင်းလိုက်မယ်
သမီးမုန့်ဖိုးကွယ်၊
အမှန်တကယ် ကြည်နူးရ
ကုသိုလ်လည်းရ ဝမ်းလည်းဝ
သစ်ပင်ကျေးဇူးကြီးမားလှ။ ။

**မင်းရွှေမင်း(တောင်ကုတ်)**

# ဘားအံမြို့နယ် ထုံးအိုင်-ကော့သံခါကျေးရွာ၌ ကုန်ထုတ်တံတားတည်ဆောက်နေမှု စစ်ဆေး

**ဘားအံ နိုဝင်ဘာ ၂၆**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လယ်ယာထုတ်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်စေရန် ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ထုံးအိုင်-ကော့သံခါကျေးရွာ၌ ကျေးလက်ကုန်ထုတ်တံတား တည်ဆောက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်နှင့် ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများက ထုံးအိုင်-ကော့သံခါကျေးရွာ၌ ကုန်ထုတ်တံတားတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက လုပ်ငန်းအရည်အသွေးကောင်းမွန်စေရေး၊ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

အဆိုပါ ထုံးအိုင်-ကော့သံခါကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၅၃ ဒသမ ၈၉၇ သန်းဖြင့် ကုန်ထုတ်တံတား အရှည်ပေ ၃၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၂ ပေရှိ ကုန်ထုတ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သော ပြည့်လျှံကုမ္ပဏီက အောက်တိုဘာလစတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၃ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကုန်ထုတ်တံတား တည်ဆောက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၆၄ အိမ်၊ လူ ၇၄၃ ဦး၏ လယ်ယာမြေဧက ၂၀၀ ကျော်အတွက် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ခိုး**

# နိုင်ငံတကာ သတင်းများ

## ဂိုဏ်းအဖွဲ့ ဆက်ကြေးတောင်းခံမှုများနှိမ်နင်းရန် ဟွန်ဒူးရပ်စ်သမ္မတ အရေးပေါ်အခြေအနေပြဋ္ဌာန်း

**တီဂူစီဂယ်လ်ပါ နိုဝင်ဘာ ၂၆**

ဟွန်ဒူးရပ်စ်နိုင်ငံသည် ဂိုဏ်းအဖွဲ့ ကျူးလွန်သည့် ရာဇဝတ်မှုများကို ထိန်းချုပ်ရေးအတွက် အရေးပေါ် အခြေအနေ ပြဋ္ဌာန်းချက်တစ်ရပ် ကြေညာခဲ့ကြောင်း အေပီသတင်းဌာနက နိုဝင်ဘာ ၂၅ ရက်တွင် ဖော်ပြခဲ့သည်။

ဟွန်ဒူးရပ်စ်နိုင်ငံ၏ လမ်းပေါ်ရှိ ဒုစရိုက်ဂိုဏ်းများသည် ဘတ်စကားများ၊အနားယာဉ်များနှင့် ဈေးဆိုင်ပိုင်ရှင်များကို နှစ်ပေါင်းများစွာ ဆက်ကြေးငွေ တောင်းခံခဲ့ကြကြောင်း သိရသည်။

သို့သော် ဆက်ကြေးတောင်းမှု အပါအဝင် ဒုစရိုက်ဂိုဏ်းများ ကျူးလွန်သည့် ရာဇဝတ်မှုများကို ထိန်းချုပ်ရေးအတွက် ဟွန်ဒူးရပ်စ် သမ္မတ ရှီအိုမာရာကတ်စထရိုက နိုဝင်ဘာ ၂၄ ရက်ညပိုင်းတွင် အရေးပေါ် အခြေအနေ ပြဋ္ဌာန်းချက်တစ်ရပ် ကြေညာခဲ့ခြင်းဖြစ်သည်။

သမ္မတ ရှီအိုမာရာကတ်စထရို၏ အရေးပေါ် အခြေအနေပြဋ္ဌာန်းချက်ကို ဟွန်ဒူးရပ်စ်လွှတ်တော်က အတည်ပြုပေးရမည်ဖြစ်သည်။

ဟွန်ဒူးရပ်စ်နိုင်ငံ၌ မော်တော်ယာဉ်မောင်းများသည် လမ်းပေါ် ဒုစရိုက်ဂိုဏ်းများ၏ ဆက်ကြေးတောင်းခံမှု၊ ခြိမ်းခြောက်ရန်ပြုမှုများဖြင့် ရင်ဆိုင်နေရပြီး ၂၀၂၂ ခုနှစ်အတွင်းမှာပင် လမ်းပေါ်ဒုစရိုက်ဂိုဏ်းများကြောင့် ယာဉ်မောင်း ဦးရေ ၅၀ ကျော်တို့မှာ သေဆုံးခဲ့ရကြောင်း သိရသည်။

KKO



## တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ကျူးဘားသမ္မတတို့ ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေး



**ပေကျင်း နိုဝင်ဘာ ၂၆**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ကျူးဘားသမ္မတ မီဂွဲလ်ဒီအက်ဇ်ကာနယ်လ်တို့သည် နိုဝင်ဘာ ၂၅ ရက်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ကျူးဘားနိုင်ငံ၏ ပင်မအကျိုးစီးပွားများကို အားပေးထောက်ခံရန် သမ္မတ ရှီကျင့်ဖျင်က ကတိကဝတ်ပြုခဲ့ကြောင်း တရုတ်အစိုးရမီဒီယာများ၏အဆိုအရ သိရသည်။

ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာရေးရာနှင့် ဒေသတွင်း အရေးအရာများ၌ ကျူးဘားနိုင်ငံနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရန် မျှော်လင့်ထားသည်ဟု သမ္မတ ရှီကျင့်ဖျင်က ကျူးဘားသမ္မတနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ကြောင်း သိရသည်။

ယင်းအပြင် ကိုယ်ပိုင်စရိုက်လက္ခဏာများရှိသည့် ဆိုရှယ်လစ်စနစ်ကို တည်ဆောက်ရာတွင် တရုတ်နှင့် ကျူးဘားနိုင်ငံတို့အနေဖြင့် လက်တွဲဆောင်ရွက်မည်ဖြစ်ကြောင်း တရုတ်သမ္မတကပြောကြားခဲ့သည်။

ကျူးဘားသမ္မတ၏ တရုတ်ခရီးစဉ်သည်ကိုဗစ်-၁၉ ရောဂါကပ်ဘေးကာလအတွင်း ရပ်နားထားခဲ့သည့် ပုဂ္ဂိုလ်ချင်း တွေ့ဆုံဆွေးနွေးမှုသံတမန်ရေးလမ်းစဉ်အား တရုတ်နိုင်ငံက ပြန်လည်ကျင့်သုံးလာသည့် လက္ခဏာတစ်ရပ်ဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ယခုလအတွင်း ပေကျင်းမြို့၌ ဂျာမနီဝန်ကြီးချုပ် အိုလက်ဖ်ရှုဇ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သော ဂျီ-၂၀ ထိပ်သီးညီလာခံနှင့် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအုပ်စု (အေပက်) ထိပ်သီးညီလာခံများ သို့လည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

KKO

## ကုန်တင်ယာဉ်မောင်းများသမဂ္ဂနှင့် ဆွေးနွေးရန် တောင်ကိုရီးယားသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန စီစဉ်ထား

**ဆိုးလ် နိုဝင်ဘာ ၂၆**

တောင်ကိုရီးယားသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနသည် အစိုးရကို သပိတ်မှောက်နေသည့် ကုန်တင်ယာဉ်မောင်းများသမဂ္ဂနှင့်နိုဝင်ဘာ ၂၈ ရက်တွင် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရန် စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အရေးအတွက်အားဖြင့် ရာထောင်မကများသည့် တောင်ကိုရီးယားကုန်တင်ယာဉ်မောင်းများ သမဂ္ဂအဖွဲ့ဝင် ယာဉ်မောင်းများသည် လုပ်ခလစာတိုးမြှင့်ရေး၊ အလုပ်ခွင်အခြေအနေများတိုးတက်ကောင်းမွန်ရေးတို့အတွက် ခြောက်လတာကာလအတွင်း ဒုတိယမြောက် သပိတ်ကို နိုဝင်ဘာ ၂၄ ရက်တွင် စတင်ခဲ့ကြသည်။

ကုန်တင်ယာဉ်မောင်းများ၏ အဆိုပါသပိတ်ကြောင့် ကမ္ဘာပေါ်၌ ဒသမမြောက် စီးပွားရေးအင်အားအကြီးဆုံးနိုင်ငံဖြစ်သည့် တောင်ကိုရီးယား၌ ကုန်စည်စီးဆင်းမှုများ ထိခိုက်ခဲ့ရပြီး မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများ၊ဘိလပ်မြေနှင့် သံမဏိလုပ်ငန်းများ စီးပွားရေးအရ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်နေရသည်။

သို့သော် မိမိတို့အနေဖြင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နိုင်ရေးအတွက် နိုဝင်ဘာ ၂၈ ရက်တွင် တွေ့ဆုံရန် ကုန်တင်ယာဉ်မောင်းများသမဂ္ဂကို မေတ္တာရပ်ခံထားရာ သမဂ္ဂကလည်းသဘောတူထားကြောင်း တောင်ကိုရီးယား သယ်ယူပို့ဆောင်ရေး ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ကုန်တင်ယာဉ်မောင်းများသမဂ္ဂ၏ ကျိုးကြောင်းခိုင်လုံမှုရှိသောမည်သည့် တောင်းဆိုချက်မျိုးကိုမဆို အချိန်မရွေးဆွေးနွေးညှိနှိုင်းပေးရန် မိမိတို့အသင့်ရှိကြောင်း တောင်ကိုရီးယားသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ၏ကြေညာချက်၌ ဖော်ပြထားသည်။

ကုန်တင်ယာဉ်မောင်းများသမဂ္ဂ၏ သပိတ်တွင် ယနေ့ထိ တောင်ကိုရီးယားနိုင်ငံတစ်ဝန်းမှ ကုန်တင်ယာဉ်မောင်း ဦးရေ ၂၅၀၀၀ ခန့် ပါဝင်နေကြောင်း တောင်ကိုရီးယားသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရ သိရသည်။

KKO

## နိုင်ဂျီးရီးယားနိုင်ငံ ဇမ်ဖာရာပြည်နယ်၌ လူဦးရေ ၆၀ ပြန်ပေးဆွဲခံရ

**အဘူဂျာ နိုဝင်ဘာ ၂၆**

နိုင်ဂျီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း ဇမ်ဖာရာပြည်နယ်၌ သေနတ်သမားတစ်စုက လူဦးရေ ၆၀ ကို ပြန်ပေးဆွဲခေါ်ဆောင်သွားကြောင်း ရိုက်တာသတင်းဌာနက နိုဝင်ဘာ ၂၅ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါလက်နက်ကိုင်ပြန်ပေးဆွဲမှုသည် နိုဝင်ဘာ ၂၄ ရက်တွင် ဇမ်ဖာရာပြည်နယ်အတွင်းရှိ အစွန်အဖျားဒေသတစ်ခု၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပြန်ပေးဆွဲခံရသူအများစုမှာ အမျိုးသမီးများဖြစ်ကြကြောင်း ပြည်နယ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

နိုင်ဂျီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းဇမ်ဖာရာပြည်နယ်သည် လက်နက်ကိုင် တောပုန်းအုပ်စုများသည်ဓားပြတိုက်လုယက်ခြင်း၊လူများကို အစုလိုက်အပြုံလိုက် ပြန်ပေးဆွဲ၍ ပြန်ပေးရွေးငွေတောင်းခံမှုများနှင့်မကြာခဏရင်ဆိုင်ရတတ်သောပြည်နယ်ဖြစ်သည်။

ထိုသို့ တောပုန်းအုပ်စုများ ဆူပူသောင်းကျန်းနေမှုကြောင့်လာမည့် သမ္မတ ရွေးကောက်ပွဲ၌ ဇမ်ဖာရာပြည်နယ်မှပြည်သူများ ဘေးကင်းလုံခြုံစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် အခက်အခဲများ ရှိလာနိုင်သည်ဟု လေ့လာသူများက သုံးသပ်ထားကြောင်း သိရသည်။

နိုင်ဂျီးရီးယားသမ္မတရွေးကောက်ပွဲကို လာမည့်နှစ် ဖေဖော်ဝါရီလတွင် ကျင်းပမည်ဖြစ်ပြီး နိုင်ဂျီးရီးယားပြည်သူများအနေဖြင့်လက်ရှိသမ္မတ ဘူဟာရီနေရာ၌ အစားဝင်ရမည့် သမ္မတသစ်ကို ရွေးချယ်ပေးရမည်ဖြစ်ကြောင်း သိရသည်။

KKO

## အဘစ်ဂျန်ဆိပ်ကမ်း၏ ဒုတိယမြောက်ကုန်သေတ္တာတင် ဆိပ်ခံတံတားတည်ဆောက်မှု အိုင်ဗရီကိုစ့် အပြီးသတ်

**အဘစ်ဂျန် နိုဝင်ဘာ ၂၆**

အဘစ်ဂျန်မြို့ဆိပ်ကမ်း၌ ဒုတိယမြောက်ကုန်သေတ္တာတင် ဆိပ်ခံတံတားတည်ဆောက်မှုလုပ်ငန်းကို အိုင်ဗရီကိုစ့်နိုင်ငံက အပြီးသတ်နိုင်ခဲ့ပြီဖြစ်ကြောင်းရိုက်တာသတင်းဌာနက နိုဝင်ဘာ ၂၅ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါကုန်သေတ္တာတင် ဆိပ်ခံတံတားသစ်ကြောင့် အဘစ်ဂျန်ဆိပ်ကမ်းသည် အနောက်အာဖရိကဒေသ၏ အဓိကကုန်သွယ်ရေးဆိပ်ကမ်းတစ်ခုဖြစ်လာနိုင်ကြောင်း အိုင်ဗရီကိုစ့် တာဝန်ရှိသူများက နိုဝင်ဘာ ၂၅ ရက်တွင် ပြောကြားခဲ့သည်။



အဘစ်ဂျန်ဆိပ်ကမ်းကုန်သေတ္တာတင်ဆိပ်ခံတံတားသစ်တည်ဆောက်မှုလုပ်ငန်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၉၅၃ သန်းထိရှိပြီး ၈၅ ရာခိုင်နှုန်းကို တရုတ်အစိုးရပို့ကုန်သွင်းကုန်ဘဏ်က စိုက်ထုတ်ပေး၍ ၁၅ ရာခိုင်နှုန်းကို အိုင်ဗရီကိုစ့်နိုင်ငံက စိုက်ထုတ်ခဲ့ခြင်း ဖြစ်သည်။

အဘစ်ဂျန် ဆိပ်ကမ်းသည် အိုင်ဗရီကိုစ့်နိုင်ငံ၏ စီးပွားရေးအတွက် အရေးကြီးသလို အိုင်ဗရီကိုစ့်မြောက်ဘက်ရှိ အိမ်နီးချင်း ကုန်းတွင်းပိတ် နိုင်ငံများအတွက်လည်း အဓိကကုန်စည်ဝင်ပေါက် ဖြစ်သည်။


အဘစ်ဂျန်ဆိပ်ကမ်း၏ ဒုတိယမြောက် ကုန်သေတ္တာတင်ဆိပ်ခံတံတားသည် နိုဝင်ဘာ ၁၇ ရက်ကပင် စတင်လုပ်ငန်းလည်ပတ်နေပြီဖြစ်သော်လည်း နိုဝင်ဘာ ၂၅ ရက်မှစ၍ တရားဝင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကုန်သေတ္တာတင်ဆိပ်ခံတံတားသစ်ကြောင့် အဘစ်ဂျန်ဆိပ်ကမ်းအနေဖြင့် တစ်နှစ်လျှင်သဘောတင် ကုန်သေတ္တာပေါင်း သုံးသန်းထိ ကိုင်တွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏လမျက်နှာပြင်လေ့လာရေးအာကာသယာဉ်ငယ်က ပျံသန်းရာလမ်းကြောင်းပြင်ဆင်ထိန်းညှိမှုကို လုပ်ဆောင်နိုင်မှုမရှိခဲ့



**ဝါရှင်တန် နိုဝင်ဘာ ၂၆**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ လမျက်နှာပြင် လေ့လာရေးအာကာသယာဉ်ငယ်သည် အရေးပါသည့်ပျံသန်းရာလမ်းကြောင်း ပြင်ဆင်ထိန်းညှိမှုလုပ်ငန်းကို စီစဉ်ထားသည့်အတိုင်း လုပ်ဆောင်နိုင်မှု မရှိခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၂၅ ရက်က ရေးသားတင်ပြထားသည်။

Lunah - Map အမည်ရှိ အဆိုပါ အာကာသယာဉ်ငယ်သည် နိုဝင်ဘာ ၁၆ ရက်က အိုရီယွန် အာကာသယာဉ်နှင့်အတူ လွှတ်တင်ခဲ့သည့် ကျူဆက်ဂြိုဟ်တုငယ် ၁၀ စင်းထဲတွင် အပါအဝင်ဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် အဆိုပါ အာကာသယာဉ်ငယ်ဖြင့် လကမ္ဘာတောင်ဝင်ရိုးစွန်းနယ်မြေ၌ ဟိုက်ဒရိုဂျင်မော်လီကျူးများနှင့် ရေခဲများ ပျံ့နှံ့တည်ရှိမှုကို မြေပုံရေးထိုးရန် ရည်ရွယ်ထားသည်။

အဆိုပါ အာကာသယာဉ်ငယ်သည် နိုဝင်ဘာ ၂၁ ရက်က လကမ္ဘာကို အနီးကပ်ဖြတ်သန်းစဉ် ဒုံးအင်ဂျင်ဖွင့်၍ ပျံသန်းရာလမ်းကြောင်း ထိန်းညှိမှုပြုလုပ်ရမည်ဖြစ်သော်လည်း ထိုသို့လုပ်ဆောင်နိုင်မှု မရှိခဲ့ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

Lunah-Map အာကာသယာဉ်အနေဖြင့် အဆို့ရှင်ပြဿနာတစ်ရပ်ကြောင့် ဒုံးကန်အားစနစ်ကို မဖွင့်နိုင်ခဲ့ခြင်းဖြစ်နိုင်သည်ဟု နာဆာတာဝန်ရှိသူများက ယူဆထားကြောင်း သိရသည်။

သို့ရာတွင် အဆိုပါအာကာသယာဉ်၏ ကျန်စနစ်များမှာ ပုံမှန်အခြေအနေ၌ရှိနေဆဲဖြစ်ရာဒုံးကန်အားစနစ် ပြန်ဖွင့်နိုင်ချိန်တွင် လပတ်လမ်းအတွင်း ပြန်လည်ဝင်ရောက် နေရာယူနိုင်ဖွယ်ရှိသည်ဟု နာဆာတာဝန်ရှိသူများက ပြောကြားကြောင်း သိရသည်။ KKO

## နာဆာမြေပြင်ထိန်းချုပ်ရေးစခန်းနှင့်အိုရီယွန်အာကာသယာဉ်တို့ကြား နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက ယာယီအဆက်အသွယ်ပြတ်တောက်ခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၂၆**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) မြေပြင်ထိန်းချုပ်ရေးစခန်းသည် နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက အိုရီယွန်အာကာသယာဉ်နှင့် ယာယီအဆက်အသွယ် ပြတ်တောက်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၂၅ ရက်က ရေးသားတင်ပြထားသည်။

နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက မည်သည့်အကြောင်းကြောင့်ဟူ၍ မသိရဘဲ နာဆာမြေပြင်ထိန်းချုပ်ရေးစခန်းနှင့် အိုရီယွန်အာကာသယာဉ်တို့ကြား ၄၇ မိနစ်ကြာ အဆက်အသွယ် ပြတ်တောက်ခဲ့ရကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

နာဆာ၏ အာကာသဆက်သွယ်ရေးကွန်ရက်နှင့် အိုရီယွန်အာကာသယာဉ်တို့ကြား ချိတ်ဆက်မှုလမ်းကြောင်းတစ်ခုကို ချိန်ညှိနေစဉ် ယာယီမျှ အဆက်အသွယ်ပြတ်တောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၄၇ မိနစ်ကြာ အဆက်အသွယ်ပြတ်တောက်ခဲ့မှုကြောင့် အာကာသယာဉ်၏ အခြားစနစ်များထိခိုက်မှု မရှိခဲ့ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။



အိုရီယွန် အာကာသယာဉ်သည် နိုဝင်ဘာ ၂၅ ရက်က ဒုံးကန်အားစနစ်များ အကူအညီဖြင့် လပတ်လမ်းအတွင်း ဝင်ရောက်ခဲ့ပြီး အဆိုပါပတ်လမ်းပေါ်၌ ရက်သတ္တတစ်ပတ်ခန့် ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

လာမည့် ဒီဇင်ဘာ ၁၁ ရက်တွင် အိုရီယွန်အာကာသယာဉ်သည် ကယ်လီဖိုးနီးယား ကမ်းရိုးတန်း ကမ်းလွန်ပစိဖိတ်သမုဒ္ဒရာရေပြင်အတွင်း ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

KKO

## နေအဖွဲ့ အစည်းနှင့်အလင်းနှစ် ၇၀၀ အကွာတွင်ရှိသော ဂြိုဟ်တစ်စင်း၏လေထုလွှာကို ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က အသေးစိတ်လေ့လာနိုင်ခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၂၆**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် နေအဖွဲ့အစည်းနှင့် အလင်းနှစ် ၇၀၀ အကွာ၌ရှိသော ဂြိုဟ်တစ်စင်း၏ လေထုလွှာကို အသေးစိတ်လေ့လာနိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၂၅ ရက်က ရေးသားတင်ပြထားသည်။

ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်သည် WASP-39b အမည်ရှိ အဆိုပါဂြိုဟ်၏ လေထုလွှာအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့မော်လီကျူးများတည်ရှိမှုကို ယခုနှစ် ဩဂုတ်လအတွင်း ဖော်ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် နောက်သုံးလအကြာတွင် ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယို တယ်လီစကုပ်သည် WASP-39b ဂြိုဟ်၏ လေထုလွှာနှင့်ပတ်သက်၍ အသေးစိတ်အကျဆုံး အချက်အလက်များ ထပ်မံပေးပို့နိုင်ခဲ့ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါအချက်အလက်များမှာ WASP-39b ဂြိုဟ်၏ လေထုလွှာနှင့်ပတ်သက်၍ အသေးစိတ်အကျဆုံးအချက်အလက်များဖြစ်ရာ ၎င်းဂြိုဟ်၏ဖွဲ့စည်းဖြစ်ပေါ်ပုံသမိုင်းကို လေ့လာရာ၌ အထောက်အကူပေးနိုင်မည်ဖြစ်သည်ဟု နာဆာတာဝန်ရှိသူများက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်မှ ရရှိထားသော အချက်အလက်များအရ WASP-39b ဂြိုဟ်ကို ဆာလ်ဖာနှင့်ဆီလီကိတ်များ ပါဝင်ဖွဲ့စည်းထားသော တိမ်တိုက်များက ဖုံးလွှမ်းထားကြောင်း သိရသည်။ KKO

# HEALTH

## RCC ကျောက်ကပ်ကင်ဆာကို ကုသရာတွင် အဆုတ်ကင်ဆာဆေးတစ်မျိုးက ကူညီပေးနိုင်ဖွယ်ရှိ

**လန်ဒန် နိုဝင်ဘာ ၂၆**

လက်ရှိ သုံးစွဲနေကြသည့် အဆုတ်ကင်ဆာဆေးတစ်မျိုးသည် ကျောက်ကပ်ကင်ဆာ Renal Cell Carcinoma (RCC) ရောဂါကို ကုသရာတွင် အကူအညီပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက နိုဝင်ဘာ ၂၅ ရက်က ရေးသားတင်ပြထားသည်။

Renal Cell Carcinoma (RCC) ကျောက်ကပ်ကင်ဆာသည် အဖြစ်အများဆုံး ကျောက်ကပ်ကင်ဆာတစ်မျိုးဖြစ်သည်။

အဆိုပါ ကျောက်ကပ်ကင်ဆာဖြစ်ပွားခဲ့ပါက လူနာငါးဦးလျှင် သုံးဦးမှာ ရောဂါရင့်ချိန်မှသာ ရောဂါလက္ခဏာများပေါ်လာတတ်ရာ သေဆုံးနှုန်း ၅၀ ရာခိုင်နှုန်းရှိသည့် ကင်ဆာတစ်မျိုးဖြစ်သည်။

သို့ရာတွင် ဗြိတိန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Canakinumab အမည်ရှိ အဆုတ်ကင်ဆာဆေးတစ်မျိုးသည် RCC ကျောက်ကပ်ကင်ဆာရောဂါ တိုးလာမှုကို ကာကွယ်နိုင်သို့မဟုတ် အရှိန်လျှော့ပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

Canakinumab ဆေးသည် RCC ကျောက်ကပ်ကင်ဆာလူနာများ၏ IL1B ခေါ် သွေးဖြူဆဲလ်တစ်မျိုးကို ထိန်းချုပ်ပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

လက်ရှိအချိန်တွင် ဗြိတိန်သုတေသနပညာရှင်များသည် Canakinumab ဆေးဖြင့် IL1B သွေးဖြူဆဲလ်များကို ထိန်းချုပ်ခြင်းဖြင့် RCC ကျောက်ကပ်ကင်ဆာကုသမှုကို ကူညီပေးနိုင်မှုရှိမရှိ လက်တွေ့စမ်းသပ်မှုများပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။ KKO

## ပန်းနာရင်ကျပ်လူနာများ၌ လေဖြတ်နိုင်ခြေနှင့် နှလုံးရုတ်တရက်ဖောက်နိုင်ခြေ မြင့်မားနေတတ်

**နယူးယောက် နိုဝင်ဘာ ၂၆**

ပန်းနာရင်ကျပ်ရောဂါ လူနာများ၌ လေဖြတ်နိုင်ခြေနှင့် နှလုံးရုတ်တရက် ဖောက်နိုင်ခြေတို့ မြင့်မားနေတတ်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက နိုဝင်ဘာ ၂၅ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ဝစ္စကွန်ဆင်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ပျမ်းမျှအသက် ၆၁ နှစ်ရှိပြီး နှလုံးသွေးကြောဆိုင်ရာရောဂါများဖြစ်နိုင်ခြေ မြင့်မားသောအရွယ်ရောက်သူ ၅၀၀၀ ခန့်ကို လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ ပန်းနာရင်ကျပ်ရောဂါ ရှိသူများသည် မရှိသူများနှင့်နှိုင်းယှဉ်ပါက ဦးနှောက်တွင်းသို့ သွေးကိုသယ်ဆောင်ပေးသည့် သွေးကြောများ (Carotid Arteries) အတွင်းအဆီစုစည်းမှုလွန်ကဲနိုင်ခြေ နှစ်ဆပိုများကြောင်း သိရသည်။

Carotid သွေးကြောများအတွင်း အဆီစုစည်းမှုသည် နှလုံးသွေးကြောရောဂါများ ဖြစ်ပွားရမှု၏ အဓိကအကြောင်းတစ်ရပ်ဖြစ်ပြီး ဦးနှောက်သွေးယိုလေဖြတ်မှု လေးပုံသုံးပုံအတွက်လည်း တာဝန်ရှိသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ပန်းနာရင်ကျပ်ရောဂါသည် ရောင်ရမ်းမှုအဆင့် အလွန်မြင့်မားမှုကြောင့် သွေးကြောများအတွင်း အဆီစုစည်းမှုကို အားပေးလှုံ့ဆော်တတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ဘဝနေထိုင်မှုပုံစံကို ထိန်းညှိခြင်းသည် ပန်းနာရင်ကျပ်ရောဂါလူနာများအတွက် နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်များကို ဒန်နီလို လွဲချော်မည်ဟု ဘရာဇီးဘောလုံးအဖွဲ့ချုပ် ထုတ်ပြန်

**ဘရာဇီးလီးယား နိုဝင်ဘာ ၂၆**

ဆားဘီးယားအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်အပြီးတွင် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့သည့် ခံစစ်ကစားသမား ဒန်နီလိုအနေဖြင့် အုပ်စုပွဲစဉ်များဖြစ်သည့် ဆွစ်ဇာလန်အသင်းနှင့် ကင်မရွန်းအသင်းတို့ပွဲစဉ်ကို လွဲချော်မည်ဖြစ်ကြောင်း ဘရာဇီးဘောလုံးအဖွဲ့ချုပ်က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ခံစစ်ကစားသမား ဒန်နီလိုသည် ဆားဘီးယားအသင်းနှင့်ပွဲစဉ်တွင် ပွဲပြီးဆုံးခါနီး၌ ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့သော်လည်း ပြိုင်ပွဲကို ဆက်လက်ကစားခဲ့ပြီး အသင်းအား နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ယခုအခါ အဆိုပါဒဏ်ရာကြောင့် လာမည့် အုပ်စုပွဲစဉ်များကို လွဲချော်မည်ဖြစ်သည်။

ထို့အတူ ယင်းပွဲစဉ်တွင် ခြေချင်းဝတ်ဒဏ်ရာကြောင့် လူစားလဲထွက်ခွာခဲ့ရသည့် တိုက်စစ်မှူးနေမာသည်လည်း ဒန်နီလိုနှင့်အတူ အုပ်စုပွဲစဉ်များကို လွဲချော်မည်ဖြစ်ကြောင်း ဘရာဇီးဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည်။

ဘရာဇီးဘောလုံးအဖွဲ့ချုပ်က "ဒန်နီလိုနဲ့နေမာတို့ရဲ့ ခြေချင်းဝတ်ဒဏ်ရာကိုတော့ လိုအပ်တဲ့ကုသမှုတွေ ပြုလုပ်ပေးနေပါတယ်။ သူတို့နှစ်ဦးစလုံး အုပ်စုလက်ကျန်ပွဲစဉ်တွေဖြစ်တဲ့ ဆွစ်ဇာလန်နဲ့ ကင်မရွန်းအသင်း ပွဲစဉ်တွေကို လွဲချော်မှာပါ။ ရှုံးထွက်ပွဲစဉ်တွေမှာတော့ ပြန်လည်ကစားနိုင်မှာဖြစ်ပါတယ်။ နေမာကတော့ ဒဏ်ရာပြဿနာတွေကြောင့်၂၀၁၄ ကမ္ဘာ့ဖလားမှာ ကွာတားအဆင့်က ထွက်ခွာခဲ့ရသလို ၂၀၁၈ ကမ္ဘာ့ဖလားတွေမှာလဲ ပါဝင်ခွင့်မရဘဲ ကမ္ဘာ့ဖလားအိပ်မက်တွေ ပျက်စီးခဲ့ပေမဲ့ အခုပြိုင်ပွဲမှာတော့ ရှုံးထွက်ပွဲစဉ်တွေမှာ ပြန်လည်ပါဝင်နိုင်မှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ML



# ကြီးလေးသည့်ပြစ်ဒဏ်ချမှတ်မည်ဟု သတိပေးခံခဲ့ရပြီးနောက် အီရန်အသင်း ကစားသမားများ နိုင်ငံတော်သီချင်း ပြန်လည်သီဆိုခဲ့ကြ



**တီဟီရန် နိုဝင်ဘာ ၂၆**

အီရန်အစိုးရက နိုင်ငံတော်သီချင်းသီဆိုမှုမပြုခဲ့ပါက အီရန်အသင်းမှ ကစားသမားများကို ကြီးလေးသည့် ပြစ်ဒဏ်များချမှတ်သွားမည်ဟု ကြေညာခဲ့ပြီးနောက် အီရန်အသင်း ကစားသမားများအနေဖြင့် ဝေးလ်အသင်းနှင့်ကစားခဲ့သည့်ပွဲစဉ်တွင် နိုင်ငံတော်သီချင်းကို ပြန်လည်သီဆိုခဲ့ကြသည်ဟု ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အီရန်အသင်း ကစားသမားများသည် အီရန်နိုင်ငံအတွင်း အစိုးရကို ဆန့်ကျင်ဆန္ဒပြမှုများ ထောက်ခံအားပေးသည့်အနေဖြင့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ကစားခဲ့သည့် အင်္ဂလန်အသင်းနှင့်ပွဲစဉ်တွင် အီရန်နိုင်ငံတော်သီချင်းသီဆိုမှု မပြုလုပ်ခဲ့ဘဲ ဆန့်ကျင်ဆန္ဒပြမှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

သို့သော် အီရန်အစိုးရ တရားစီရင်ရေးဌာနက အီရန်အသင်းကို ကိုယ်စားပြုကစားနေသည့် ကစားသမားများအနေဖြင့် လာမည့်ပွဲစဉ်များတွင် အီရန်နိုင်ငံတော်သီချင်း သီဆိုမှုမပြုလုပ်ပါက ကမ္ဘာ့ဖလားပြိုင်ပွဲအပြီး နိုင်ငံတွင်း ပြန်လည်ရောက်ရှိချိန်တွင် သေဒဏ်ပင်ချမှတ်ရလိမ့်မည်ဟု ခြိမ်းခြောက်မှုပြုလုပ်ခဲ့ပြီးနောက် အီရန် ကစားသမားများက နိုင်ငံတော်သီချင်း ပြန်လည်သီဆိုခဲ့ကြခြင်းဖြစ်သည်။

သို့သော် အီရန်ကစားသမားများအနေဖြင့် ဝေးလ်အသင်းနှင့် ပွဲစဉ်တွင် နိုင်ငံတော်သီချင်း ပြန်လည် သီဆိုခဲ့ကြသော်လည်း အီရန်အသင်းကို လိုက်ပါအားပေးသည့်ပရိသတ်များက ကစားသမားများနိုင်ငံတော်သီချင်း သီဆိုချိန်တွင် အော်ဟစ်လှောင်ပြောင်ကာ နှောင့်ယှက်ခဲ့ကြသည့်အပြင် အီရန်နိုင်ငံအတွင်းအမျိုးသမီးများအပေါ် လူ့အခွင့်အရေးပိတ်ပင်မှုများ ပြုလုပ်ခြင်းအတွက် ဆန္ဒပြမှုတစ်ရပ်ပြုလုပ်ခဲ့သည့် အမျိုးသမီးတစ်ဦးကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းသိမ်းမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

STA

# ၂၀၂၂ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အကောင်းဆုံးသွင်းဂိုးဆုကို ရစ်ချာလီဆန်၏ သွင်းဂိုး သတ်မှတ်ခံရဖွယ်ရှိ

**ဘရာဇီးလီးယား နိုဝင်ဘာ ၂၆**

ကာတာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အကောင်းဆုံးသွင်းဂိုးဆုကို ဘရာဇီးအသင်းနှင့် ဆားဘီးယားအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်မှသွင်းဂိုးဖြင့် ရစ်ချာလီဆန်က ရရှိဖွယ်ရှိနေသည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဘရာဇီးအသင်းက ဆားဘီးယားအသင်းကို ရစ်ချာလီဆန်၏ သွင်းဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရစ်ချာလီဆန်က ပွဲချိန် မိနစ် ၇၀ တွင် တောင်ပံကစားသမား ဗင်နီစီးယက်စ်ပေးပို့ခဲ့သည့် ဘောလုံးကို တစ်ချက်ထိန်းပြီးနောက်ပြန်ကန်ချက်ဖြင့် လှလှပပ သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါသွင်းဂိုးမှာ ရစ်ချာလီဆန်၏ဖြတ်ထိုးဉာဏ်ကောင်းမွန်မှုနှင့် ဘောလုံးနည်းစနစ်ကောင်းမွန်မှုကို မြင်သာစေခဲ့ပြီး လက်ရှိအချိန်ထိ ကစားလျက်ရှိသည့် အုပ်စုပွဲစဉ်များတွင် ရစ်ချာလီဆန်၏ သွင်းဂိုးမှာ အကောင်းဆုံးနှင့် အလှပဆုံးသွင်းဂိုးအဖြစ် သတ်မှတ်ခံထားရခြင်းဖြစ်သည်။

အဆိုပါသွင်းဂိုးဖြင့် ရစ်ချာလီဆန်သည် လက်ရှိ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အကောင်းဆုံး သွင်းဂိုးဆုအပြင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ကပေးအပ်မည့် ကမ္ဘာ့တစ်နှစ်တာ အကောင်းဆုံးကစားသမားဆု ပေးအပ်ပွဲအခမ်းအနားတွင်လည်း ၂၀၂၂ ခုနှစ်အတွက် တစ်နှစ်တာ အကောင်းဆုံးသွင်းဂိုးဆုဆန်ခါတင်စာရင်း၌ ဝင်ရောက်ဖွယ်ရှိနေသည်။

ရစ်ချာလီဆန်သည် ဘရာဇီးအသင်းနှင့် အုပ်စုပွဲစဉ်တစ်ပွဲကစားပြီးချိန်တွင် သွင်းဂိုး နှစ်ဂိုးသွင်းယူထားနိုင်ခဲ့ပြီး အင်္ဂလန်အသင်းမှ ဆာကာနှင့် ပြင်သစ်အသင်းမှ ဂီးရောဒ်တို့နှင့်အတူ သွင်းဂိုးအများဆုံးကစားသမားစာရင်း၌ ထိပ်ဆုံးမှပူးတွဲရပ်တည်လျက်ရှိနေကြောင်း သိရသည်။

STA

## အားကစားသတင်း အတိုအထွာများ

- မန်ယူအသင်းက စီရော်နယ်ဒို၏နေရာတွင် အစားထိုးရန်အတွက် နာပိုလီအသင်းတိုက်စစ်မှူး အိုစီမန်ကို ဦးစားပေးပစ်မှတ်ထားနေကြောင်း သိရသည်။
- ကမ္ဘာ့ဖလားပြိုင်ပွဲတွင်နယ်သာလန်အသင်း၌ ခြေစွမ်းပြနေသည့် တိုက်စစ်မှူး ဂက်ပိုကို ရီးရဲလ်မက်ဒရစ်၊ ဘာစီလိုနာ၊ လီဗာပူးအသင်းနှင့် မန်ယူအသင်းတို့က စိတ်ဝင်စားနေကြောင်း သိရသည်။
- အမေရိကန်အသင်းအား သရေရလဒ်ထွက်ပေါ်ခဲ့သည့် ပွဲစဉ်တွင် ဖိုဒင်အား အသုံးမပြုခဲ့သည့် အင်္ဂလန်အသင်း နည်းပြဆောက်ဂိတ်ကို ကစားသမားဟောင်း ကာရေဂါက ဝေဖန်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။

ML

## ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်ရလဒ်

| | | | | |
|---|---|---|---|---|
| တူနီးရှား | ၀ | - | ၁ | သြစတြေးလျ |
| ပိုလန် | ၂ | - | ၀ | ဆော်ဒီအာရေဗျ |
| ပြင်သစ် | ၂ | - | ၁ | ဒိန်းမတ် |

(၀၄၀)

# MMA PFL 2022 World Championship ပြိုင်ပွဲတွင် မိုဟာမက်အလီ၏မြေးဖြစ်သူ ဘီယာဂျီအလီ အနိုင်ရရှိ

**နယူးယောက် နိုဝင်ဘာ ၂၆**

MMA လောကသို့ ဝင်ရောက်လာသည့် အမေရိကန်ဂန္ထဝင်လက်ဝှေ့သမား မိုဟာမက်အလီ၏ မြေးဖြစ်သူ ဘီယာဂျီအလီသည် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကျင်းပနေသည့် MMA PFL 2022 World Championship ပြိုင်ပွဲ လိုက်ဝိတ်တန်းစိန်ခေါ်ပွဲစဉ်၌ အမေရိကန် MMA ကစားသမား တွမ်ဂရေဇာနှင့် ထိုးသတ်ခဲ့ရာပထမအချီ၌ အလဲထိုးရလဒ်ဖြင့် အနိုင်ရခဲ့ကြောင်း Mirror သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၄ နှစ်ရှိ အမေရိကန် MMA ကစားသမား ဘီယာဂျီအလီသည် အဖိုးဖြစ်သူကဲ့သို့ လက်ဝှေ့လောကသို့ ဝင်ရောက်ခဲ့ခြင်းမရှိဘဲ MMA လောကသို့ ဝင်ရောက်ခဲ့သူဖြစ်သည်။

ဘီယာဂျီအလီသည် MMA လောကသို့ ဝင်ရောက်လာပြီးနောက် ဒုတိယမြောက် ထိုးသတ်ခဲ့သည့် စိန်ခေါ်ပွဲဖြစ်ပြီး တွမ်ဂရေဇာနှင့် ထိုးသတ်ခဲ့သည့်ပွဲစဉ်တွင် ပထမအချီ ၄၅ စက္ကန့်၌ အလဲထိုးကာ အနိုင်ရခဲ့ခြင်းလည်းဖြစ်သည်။



ဘီယာဂျီအလီက "ကျွန်တော့်အတွက် MMA လောကထဲ ဝင်ရောက်လာတာ ဖိအားများပါတယ်။ ကျွန်တော့်အဖိုး ပုံရိပ်ကို ထိခိုက်မှာလဲ စိုးရိမ်ပါတယ်။ ဒါပေမဲ့လဲ ဒါဟာကျွန်တော့်အတွက် ကြီးမားတဲ့ စိန်ခေါ်မှု တစ်ရပ်လို့ခံယူထားတယ်။ ဒါကြောင့် ဖိအားဒဏ်အောက်ကနေ အကောင်းဆုံးလုပ်ပြနိုင်အောင် ကြိုးစားခဲ့တယ်။ တွမ်ဂရေဇာနဲ့ပွဲစဉ်မှာ အလဲထိုးရလဒ်နဲ့ အနိုင်ယူဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေလုပ်ခဲ့တယ်။ အချိန်တိုအတွင်းမှာပဲအလဲထိုးရလဒ်နဲ့အနိုင်ထိုးသတ်ဖို့အတွက်ပြင်ဆင်လေ့ကျင့်မှုတွေအတွက်လဲ အချိန်ယူခဲ့တယ်။ တွမ်ဂရေဇာကလဲ ယှဉ်ပြိုင်ထိုးသတ်ရခက်တဲ့ ပြိုင်ဘက်တစ်ယောက်ဖြစ်တဲ့အတွက်အခုလိုပထမအချီမှာ အနိုင်ရမယ်လို့တော့ မယုံကြည်ခဲ့ဘူး။ အနိုင်ရမယ်လို့တော့ယုံကြည်ထားတယ်။ ဒုတိယအချီဒါမှမဟုတ် တတိယအချီလောက်မှာ အနိုင်ရမယ်လို့မျှော်မှန်းခဲ့တာ ပထမအချီမှာပဲ အနိုင်ထိုးသတ်နိုင်ခဲ့လို့ ထင်တာထက်တောင် ကျွန်တော် ပိုပြီးလုပ်ပြနိုင်ခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# မိခင်ဘာသာစကားဖြင့် ဆေးပညာသင်ကြားမည့်အိန္ဒိယ

ယနေ့ခေတ် ဆေးတက္ကသိုလ်ဟုဆိုလိုက်လျှင် အနောက်တိုင်းဆေးပညာသင်ကြားသည့် ဆေးတက္ကသိုလ်ကိုဆိုလိုကြောင်း အများနားလည်ထားကြသည်။ ဆရာဝန်ဘွဲ့ရရှိထားသူများအနေဖြင့် ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်မည်ဆိုလျှင်လည်း ဆေးပညာကို အင်္ဂလိပ်ဘာသာစကားဖြင့် သင်ကြားခဲ့ကြောင်း ထောက်ခံစာတောင်းတတ်ကြသည်။ သို့သော် ဆရာဝန်ဘွဲ့ရရှိပြီးနောက်ပိုင်း အလုပ်အကိုင်အခွင့်အလမ်းကောင်းကောင်း ရနိုင်သည့်နိုင်ငံများတွင် ဆေးပညာကို မိခင်ဘာသာစကားဖြင့်သာ သင်ကြားလေ့ရှိကြသည်။ အထူးသဖြင့် အာရှအရှေ့ဖျားနိုင်ငံများဖြစ်သည့် ဂျပန်၊ ကိုရီးယား၊ တရုတ်နိုင်ငံ ဆေးတက္ကသိုလ်များတွင် မိခင်ဘာသာစကားဖြင့် အနောက်တိုင်းဆေးပညာကို သင်ကြားပို့ချပေးနေကြသည်။

အိန္ဒိယတိုက်ငယ်တစ်ခုလုံးကို စိုးမိုးထားသည့် အိန္ဒိယနိုင်ငံမှာ ဗြိတိသျှကိုလိုနီလက်အောက်တွင် ကြာမြင့်စွာနေခဲ့ရသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း တရားဝင်ရုံးသုံးစကားမှာ အင်္ဂလိပ်စကားဖြစ်ခဲ့သည်။ ၁၉၆၅ ခုနှစ်နောက်ပိုင်းတွင် တရားဝင်ရုံးသုံးစကားကို ဟင်ဒီဘာသာစကားဖြင့် ပြောင်းလဲခဲ့ကြပြန်သည်။ သို့သော် အင်္ဂလိပ်ဘာသာစကားကိုလည်း အချို့နေရာများတွင် ရုံးသုံးအဖြစ် ဆက်လက်အသုံးပြုနေကြသည်။

၂၀၁၁ ခုနှစ် သန်းခေါင်စာရင်းကောက်ခံချက်အရ အိန္ဒိယနိုင်ငံတွင် အဓိကဘာသာစကား ၁၂၂ မျိုးရှိပြီး အခြားဘာသာစကား ၁၅၉၉ မျိုးရှိနေသည်။ လူဦးရေတစ်သန်းနှင့်အထက် ပြောဆိုသုံးနှုန်းနေကြသည့် ဘာသာစကားအမျိုး ၃၀ ရှိပြီး လူဦးရေတစ်သောင်းအထက် ပြောဆိုသုံးနှုန်းနေကြသည့် ဘာသာစကား ၁၂၂ မျိုးရှိသည်။ လူမျိုးစုကွဲပြားများပြားလှသည့် အိန္ဒိယနိုင်ငံတွင် သမိုင်းကြောင်းတစ်လျှောက် လူတစ်ဦးနှင့်တစ်ဦး ဆက်သွယ်ပြောဆိုလေ့ရှိကြသည့် အဓိကဘာသာစကားနှစ်မျိုးမှာ ပါရှန်းဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကားတို့ဖြစ်ကြောင်း မှတ်သားဖွယ်တွေ့ရပါသည်။ နိုင်ငံ၏အခြေခံဥပဒေအရ အမျိုးသားဘာသာစကားအဖြစ် ဘာသာစကားတစ်ခုခုကို ရွေးချယ်သတ်မှတ်ခွင့်မရှိပေ။

၂၀၁၁ ခုနှစ်တွင် နောက်ဆုံးကောက်ယူထားသည့် အိန္ဒိယသန်းခေါင်စာရင်းအရ ဟင်ဒီစကားပြောဆိုသူဦးရေ ၆၂၅ သန်းရှိပြီး အသုံးပြုမှုအများဆုံးဘာသာစကားဖြစ်ကြောင်း တွေ့ရသည်။ ဘင်္ဂါလီစကားပြောဆိုသူဦးရေက ၂၆၅ သန်းရှိပြီး ဒုတိယလိုက်သည်။ ပါဠိသက္ကတဘာသာစကားပြောဆိုသူဦးရေ ၂၅၀၀၀ ခန့် ရှိနေကြောင်းကိုလည်း မှတ်သားဖွယ်တွေ့ရသည်။

အိန္ဒိယဆေးတက္ကသိုလ်များတွင် အစဉ်အဆက် အင်္ဂလိပ်ဘာသာစကားဖြင့်ပင် သင်ကြားလာခဲ့ကြသည်။ ခြွင်းချက်အားဖြင့် ၁၉၁၈ ခုနှစ်မှ ၁၉၄၉ ခုနှစ်ကြားကာလများအတွင်း အိန္ဒိယနိုင်ငံတစ်ဝန်း ဆေးကျောင်းများတွင် အင်္ဂလိပ်ဘာသာစကားကို စိတ်ကြိုက်ရွေးချယ်ခွင့်ရှိခဲ့သည့်အချိန်တစ်ခုတွင် ဟိုက်ဒရာဘတ်မြို့ အော့စ်မန်နီးယားဆေးတက္ကသိုလ်တွင် အာဒူး(Urdu) ဘာသာစကားဖြင့် ဆေးပညာသင်ကြားပို့ချပေးခြင်းရှိခဲ့ဖူးသည်။ ကျန်ကာလများတွင် အင်္ဂလိပ်ဘာသာစကားဖြင့်သာ ဆေးပညာသင်ကြားပို့ချပေးခဲ့ကြသည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာလအတွင်းတွင် အိန္ဒိယနိုင်ငံအလယ်ပိုင်း မဒ်ရာပရာဒေ့ရှ်ပြည်နယ် ဆေးကောလိပ် ၂၄ ခုတွင် MBBS ဘွဲ့သင်တန်းကို ဟင်ဒီဘာသာဖြင့် ပထမဆုံးအနေဖြင့် စတင်သင်ကြားဖွင့်လှစ်မည်ဖြစ်ပြီး တက်ရောက်မည့်သူဦးရေ ၄၀၀၀ ခန့်ရှိကြောင်း သိရသည်။ အိန္ဒိယအစိုးရ၏ ဟင်ဒီဘာသာစကားကို ရုံးသုံးဘာသာအဖြစ် အသုံးများလာစေရေး ကြိုးပမ်းမှု၏ ခြေလှမ်းတစ်ရပ်လည်းဖြစ်သည်။ မဒ်ရာပရာဒေ့ရှ်ပြည်နယ် ဆေးပညာသင်ကြားရေးဆိုင်ရာ ညွှန်ကြားရေးမှူးရုံးအနေဖြင့် ဆေးကျောင်းပထမနှစ်ဘာသာရပ်များဖြစ်သော ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒနှင့် ဇီဝဓာတုဗေဒဘာသာရပ်များအတွက် ဟင်ဒီဘာသာသို့ ဘာသာပြန်ဆိုထားသည့် ပြဋ္ဌာန်းစာအုပ်များ အသင့်ရှိနေပြီဟုဆိုသည်။ စာသင်ခန်းပို့ချမှုများတွင် အင်္ဂလိပ်နှင့် ဟင်ဒီဘာသာစကားနှစ်မျိုးစလုံးဖြင့် အလျဉ်းသင့်သလို သင်ကြားပေးသွားမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုရာတွင်လည်း အင်္ဂလိပ် သို့မဟုတ် ဟင်ဒီ ကြိုက်နှစ်သက်ရာဘာသာစကားဖြင့် ဖြေဆိုနိုင်မည်ဟုဆိုသည်။

၂၀၁၇ ခုနှစ်မှစတင်လျက် အိန္ဒိယနိုင်ငံတစ်ဝန်း ဆေးတက္ကသိုလ်ဝင်ခွင့်စာမေးပွဲများကို ဟင်ဒီနှင့် အခြားသော အိန္ဒိယတိုင်းရင်းသားဘာသာစကားများဖြင့် ဖြေဆိုနေခဲ့ကြပြီးဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် အိန္ဒိယပညာရေးမူဝါဒအသစ်ချမှတ်သည့်အခါ နည်းပညာဆိုင်ရာဘာသာရပ်များကို မိခင်ဘာသာစကားဖြင့် သင်ကြားရမည်ဟုဆုံးဖြတ်ခဲ့ကြသည်။ ၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်း ထုတ်ပြန်သည့် ရုံးသုံးဘာသာစကားဆိုင်ရာ လွှတ်တော်ကော်မတီ၏ ကြေညာချက်တစ်ခု၌ ဟင်ဒီစကားပြော ပြည်နယ်များတွင် အဆင့်မြင့်ပညာရေးသင်ကြားမှုများအားလုံးကို ဟင်ဒီဘာသာဖြင့် သင်ကြားရမည်ဟုပါရှိခဲ့သည်။

အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်မိုဒီကလည်း ဟင်ဒီဘာသာဖြင့် ထုတ်ဝေလိုက်သည့် ဆေးပညာပြဋ္ဌာန်းစာအုပ်များသည် ‘သမိုင်းဝင်’ဖြစ်ကြောင်း တွစ်တာလူမှုကွန်ရက်၌ ရေးသားခဲ့သည်။ မဒ်ရာပရာဒေ့ရှ်ပြည်နယ် ဆေးတက္ကသိုလ်ဝင်ခွင့်စာမေးပွဲအောင်မြင်ခဲ့ကြသူ ကျောင်းသားထက်ဝက်ခန့်မှာ ကျေးလက်ဒေသများ၊ တိုင်းရင်းသားလူမျိုးစုဒေသများမှဖြစ်ပြီး ဟင်ဒီဘာသာစကားဖြင့် ပညာသင်ကြားခဲ့ရသူများဖြစ်သည်။

ပြည်နယ်အတွင်း အင်္ဂလိပ်ဘာသာစကားကို ကြားခံအဖြစ် သင်ကြားပေးသည့် အခြေခံပညာကျောင်းများကို တက်ရောက်ခဲ့သူများပင်လျှင် အင်္ဂလိပ်စာဘာသာရပ်ကို ပြီးပြည့်စုံအောင်တတ်ကျွမ်းသူရှားသည်။ ဆေးကောလိပ်ရောက်သည့်အခါ အထက်ပါကျောင်းသားများအားလုံး ဒုက္ခများကြုံရတော့သည်။

> ❖ မိခင်ဘာသာစကားဖြင့် ဆေးပညာသင်ကြားမှုကို ထောက်ခံသူများအမြင်အရ အိန္ဒိယနိုင်ငံ၏ တချို့သောပြည်နယ်များသည် ဥရောပနိုင်ငံတချို့ထက်ပင်ကြီးမားသည်။ လူဦးရေလည်းပိုများပြီး ရောဂါဘယမျိုးစုံလည်းထူပြောသည်။ မိခင်ဘာသာစကားဖြင့် ဆရာဝန်ဘွဲ့ရခဲ့သူတစ်ဦးသည် ပြည်ပနိုင်ငံများသို့ သွားရောက်တာဝန်ထမ်းဆောင်ရန် အခက်အခဲရှိမည်မှန်သော်လည်း မိခင်တိုင်းပြည်နှင့် မိမိတို့ပြည်နယ်များတွင် အလုပ်အကိုင်ရရှိရန် သေချာသည်။ ဆရာဝန်နှင့် လူနာဆက်ဆံရေးသည်လည်း ပြီးပြည့်စုံအောင် ကောင်းမွန်သွားနိုင်သည်။ ❖

မဒ်ရာပရာဒေ့ရှ်ပြည်နယ် ဆေးပညာသင်ကြားရေးဆိုင်ရာဝန်ကြီး၏အဆိုအရ ဆေးပညာပြဋ္ဌာန်းကျမ်းများကို အင်္ဂလိပ်ဘာသာမှ ဟင်ဒီဘာသာသို့ပြန်ဆိုရာတွင် သက်ဆိုင်ရာဆေးပညာဘာသာရပ်အသီးသီးမှ ဌာနမှူးများ၊ ဘာသာစကားကျွမ်းကျင်သူပညာရှင်များ၊ ဆေးပညာရှင်များနှင့် အကြိမ်ကြိမ်တိုင်ပင်ဆွေးနွေးအကြံဉာဏ်ရယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ပညာရှင်အချင်းချင်း အပြန်အလှန်ဝေဖန်အကြံပေးချက်များ ပေးပို့ပြင်ဆင်ခဲ့ကြပြီး ကျောင်းသား၊ ကျောင်းသူများထံမှ အကြံပြုချက်များကိုလည်း ထည့်သွင်းစဉ်းစားခဲ့သည်။ ပြဋ္ဌာန်းစာအုပ်များကို ပုံနှိပ်ပေးခဲ့သူက နိုင်ငံတကာဆေးပညာဂျာနယ်များကို ပုံနှိပ်ထုတ်ဝေနေသည့် Elsevier ကုမ္ပဏီကြီးမှဖြစ်သည်။

ဆေးပညာသင်ကြားမှု၊ ဘာသာစကားပြောင်းလဲမှုနှင့်အတူ ဆရာဝန်တချို့၏ စိုးရိမ်ပူပန်မှုများလည်း ရှိလာသည်။ မျိုးဆက်သစ်ဆေးပညာရှင်များအတွက် ပညာရပ်ဆိုင်ရာနိမ့်ကျအားနည်းမှုများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်ကြသည်။ တစ်ဆက်တည်း၌ပင် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းကို ထိခိုက်လာမည်ကိုလည်း စိုးရိမ်ကြသည်။ အိန္ဒိယဆရာဝန်၊ ဆေးကျောင်းသားများအားလုံးနှင့်သက်ဆိုင်သည့် အိန္ဒိယဆေးပညာရှင်များအဖွဲ့ချုပ်ဥက္ကဋ္ဌက မိခင်ဘာသာစကားဖြင့် ဆေးပညာသင်ကြားတတ်မြောက်လာသူဆရာဝန်များသည် အပြည်ပြည်ဆိုင်ရာဆေးပညာရပ်ဆိုင်ရာစာမေးပွဲများ ဝင်ရောက်ဖြေဆိုရန်ခက်ခဲနိုင်ကြောင်း၊ ပြည်ပဘွဲ့လွန်သင်ကြားရေးသင်တန်းများ တက်ရောက်ခွင့်ရရန်လည်း ခက်ခဲသွားနိုင်ကြောင်း၊ အလုပ်အကိုင်များ လျှောက်ထားရာတွင်လည်း နောက်ဆုံးဦးစားပေးများအဖြစ်သာ နေရာရနိုင်ကြောင်း ထောက်ပြဝေဖန်ထားသည်။

မိခင်ဘာသာစကားများဖြင့် ဆေးပညာသင်ကြားရာတွင် နောက်ထပ်တွေ့ကြုံရမည့်အခက်အခဲတစ်ခုရှိသေးသည်။ ဘွဲ့လွန်ဆေးပညာသင်ကြားရေးအတွက် နာမည်ကျော်ဆေးတက္ကသိုလ်ကြီးများသို့ ရောက်လာကြသည့်အခါ ဘွဲ့လွန်သင်တန်းသားများအားလုံးက အင်္ဂလိပ်ဘာသာဖြင့် ဆေးကျောင်းပြီးဆုံးခဲ့သည်ဆိုပါက ပြဿနာမရှိပေ။ မတူညီသောမိခင်ဘာသာစကားကိုယ်စီဖြင့် ဘွဲ့လွန်ဆေးပညာသင်ကြားရေးသင်တန်းများတက်ရောက်ရန် ရောက်လာကြသူများသည် ကြားခံဆက်သွယ်မည့် ဘာသာစကားအခက်အခဲရှိလာသည်။ ဥပမာ-ဟင်ဒီဘာသာစကားဖြင့် သင်ကြားသည့်ဌာနသို့ရောက်လာသည့် ဘွဲ့လွန်ကျောင်းသားတစ်ဦးက မာရသီဘာသာဖြင့် ဆရာဝန်ဘွဲ့ရခဲ့သည်ဆိုလျှင် ဘွဲ့လွန်သင်တန်းသားဘဝတွင် ဟင်ဒီဘာသာရော၊ အင်္ဂလိပ်ဘာသာကိုပါ ပြန်လည်လေ့လာရမည့်အခြေအနေဖြစ်သည်။ ကျောင်းသားအတွက်သာမကပါ။ သင်ကြားပေးမည့်ဆရာများဘက်တွင်ပါ ဘာသာစကားအခက်အခဲရှိလာသည်။

ထိုသို့သောအခြေအနေမျိုးက အိန္ဒိယနိုင်ငံတစ်ဝန်း ဆေးကျောင်းအတော်များများ၌ ရင်ဆိုင်နေကြရပြီဟုဆိုသည်။ အပြည်ပြည်ဆိုင်ရာဆေးပညာဂျာနယ်များသို့ ဆေးပညာဆောင်းပါးများ ပေးပို့မည်ဆိုလျှင်လည်း အင်္ဂလိပ်ဘာသာစကားဖြင့် ဆေးပညာမသင်ခဲ့ကြရသူများမှာ အခက်အခဲများဖြင့် ရင်ဆိုင်ကြရမည်ဖြစ်သည်။

မိခင်ဘာသာစကားဖြင့် ဆေးပညာသင်ကြားမှုကို ထောက်ခံသူများအမြင်အရ အိန္ဒိယနိုင်ငံ၏ တချို့သောပြည်နယ်များသည် ဥရောပနိုင်ငံတချို့ထက်ပင်ကြီးမားသည်။ လူဦးရေလည်းပိုများပြီး ရောဂါဘယမျိုးစုံလည်းထူပြောသည်။ မိခင်ဘာသာစကားဖြင့် ဆရာဝန်ဘွဲ့ရခဲ့သူတစ်ဦးသည် ပြည်ပနိုင်ငံများသို့ သွားရောက်တာဝန်ထမ်းဆောင်ရန် အခက်အခဲရှိမည်မှန်သော်လည်း မိခင်တိုင်းပြည်နှင့် မိမိတို့ပြည်နယ်များတွင် အလုပ်အကိုင်ရရှိရန် သေချာသည်။ ဆရာဝန်နှင့် လူနာဆက်ဆံရေးသည်လည်း ပြီးပြည့်စုံအောင် ကောင်းမွန်သွားနိုင်သည်။ ထိုသို့သော ဆရာဝန်မျိုးများမှာ ယနေ့ ဆရာဝန်နှင့် လူနာကြား အလှမ်းဝေးနေစေသည့် လူမှုအဆင့်အတန်းကွာဟချက်ကို လျှော့ချပေးနိုင်မည့်သူများဖြစ်သည်ဟု မျှော်လင့်ကြသည်။

မဒ်ရာပရာဒေ့ရှ်ပြည်နယ်၏ လုပ်ဆောင်ချက်ကို အားကျလျက် အာတာပရာဒေ့ရှ်ပြည်နယ်နှင့် အာတာရဒ်ခန်ပြည်နယ်တို့ကလည်း လိုက်ပါဆောင်ရွက်ရန် ပြင်ဆင်နေကြသည်။ အိန္ဒိယတောင်ပိုင်း တမီးလ်လူမျိုးများ အဓိကနေထိုင်သည့် တမီးလ်နာဒူးပြည်နယ်ဝန်ကြီးများကလည်း ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် တမီးလ်ဘာသာဖြင့် အင်္ဂလိပ်ဆေးကျမ်းများ ထုတ်ဝေနိုင်တော့မည်ဟု ကြေညာထားသည်။ အိန္ဒိယနိုင်ငံ ပြည်နယ်အသီးသီးမှ တာစူနေကြသည့် ဘာသာစကားနှစ်မျိုးဖြင့် ဆေးပညာသင်ကြားမည့်အစီအစဉ်ကို အိန္ဒိယနိုင်ငံ အမျိုးသားဆေးဘက်ဆိုင်ရာကော်မရှင်နှင့် ဘွဲ့ကြိုဆေးပညာသင်ကြားရေးဘုတ်အဖွဲ့များက တစ်စုံတစ်ရာထုတ်ပြန်ပြောဆိုခြင်းမရှိသေးပေ။

မဒ်ရာပရာဒေ့ရှ်ပြည်နယ် တာဝန်ရှိသူများက ၎င်းတို့၏ ဆေးပညာသင်ကြားရေးအစီအစဉ်မှာ မူလရှိပြီးသားအင်္ဂလိပ်ဘာသာစကား အခြေပြုဆေးပညာသင်ကြားရေးစနစ်ကျောရိုးအတိုင်း အခြေပြုထားခြင်းဖြစ်ပြီး ဟင်ဒီဘာသာစကားဖြင့် ထပ်လောင်းဖြည့်စွက်သင်ကြားခြင်းသာဖြစ်၍ အမျိုးသားဆေးဘက်ဆိုင်ရာကော်မရှင်ကဲ့သို့ အဆင့်မြင့်ထိန်းကျောင်းကွပ်ကဲသည့်အဖွဲ့အစည်းများထံ တင်ပြရန်မလိုကြောင်း ပြောဆိုနေကြသည်။

ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံကြီးဖြစ်သည့် အိန္ဒိယနိုင်ငံ၏ ပြည်နယ်အလိုက် ဘာသာစကားနှစ်မျိုး ဆေးပညာသင်ကြားမှုစနစ်များ၏ အနာဂတ်ကို ဆက်လက်လေ့လာကြရန်ဖြစ်ပါသည်။

**ကိုးကား**

- **Language changes for Indian medical education by Dinesh C Sharmafrom Lancet Nov 2022**

**ဒေါက်တာလွှမ်းမိုးဟန်**

# ကျောက်တံတားမြို့နယ် The Collector Art Gallery တွင် A Snap အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်



ရန်ကုန် နိုဝင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ The Collector Art Gallery တွင် A Snap အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်ဖြစ်ကြောင်း The Collector Art Gallery ပန်းချီပြခန်းတာဝန်ခံ ဒေါ်ကေဇာဦးက ပြောပြ၍ သိရသည်။

အဆိုပါ A Snap အွန်လိုင်းပန်းချီပြပွဲကို ဒီဇင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၁၀ ရက်ထိ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီထိ The Collector Art Gallery တွင် ပြသသွားမည်ဖြစ်ပြီး ပြခန်းသို့ လူကိုယ်တိုင်လည်း လာရောက်ကြည့်ရှုလေ့လာဝယ်ယူနိုင်ကြောင်း၊ ပြပွဲတွင် ပန်းချီ ဇော်မင်းမြတ်၊ ပန်းချီ မြင့်စိုး၊ ပန်းချီ သာဆိုင်၊ ပန်းချီအောင်သန်းညို၊ ပန်းချီ အောင်ဇော်ဝင်း၊ ပန်းချီ စိုင်းပြည့်စုံအေး၊ ပန်းချီမင်းလွင်တို့၏ ရေဆေး၊ ဆီဆေးအပါအဝင် လက်ရာစုံဖြင့် ဖန်တီးထားသည့် ပန်းချီကား ၃၅ ကားကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုပြသမဲ့ အွန်လိုင်းပန်းချီပြပွဲမှာတော့ ကျွန်မတို့ပြခန်းက ဝယ်ယူစုဆောင်းထားတဲ့ ကိုယ်ပိုင်ပန်းချီကားတွေကို ပြသရောင်းချမှာဖြစ်ပါတယ်။ A Snap လို့အမည်ပေးထားတဲ့အတိုင်း လျှပ်တစ်ပြက်ပန်းချီရေးချက်တွေကို မြင်ရမှာပါ။ ပန်းချီသာဆိုင်၊ ပန်းချီအောင်သန်းညိုတို့လို ဝါရင့်ပန်းချီဆရာကြီးတွေရဲ့ ရှုမျှော်ခင်းလျှပ်တစ်ပြက်ရေးချက်တွေကို မြင်ရမှာဖြစ်သလို ပန်းချီစိုင်းပြည့်စုံအေး၊ ပန်းချီ မင်းလွင်တို့လို လူငယ်ပန်းချီဆရာတွေရဲ့ မြို့ပြလျှပ်တစ်ပြက်ရေးချက်တွေကို မြင်ရမှာပါ"ဟု ဒေါ်ကေဇာဦးက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသထားမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၁၁×၁၅) လက်မ၊ (၁၅×၂၂) လက်မ၊ (၁၈×၃၆) လက်မ၊ (၂၀×၃၀) လက်မ၊ (၂၄×၂၄) လက်မ၊ (၂၄×၃၀) လက်မ စသည့်အရွယ်အစားအစုံပန်းချီ ကားများပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံးငွေကျပ် ငါးသိန်းမှ အများဆုံးငွေကျပ် ၁၅ သိန်းထိရှိကြောင်း သိရသည်။ ASH

# Avatar: The Way of Water ထုတ်လုပ်မှုနောက်ဆုံးအဆင့် တရားဝင်ပြီးဆုံး

နယူးယောက် နိုဝင်ဘာ ၂၆

ကမ္ဘာကျော် ဒါရိုက်တာကြီး ဂျိမ်းကင်မရွန်၏ Avatar: The Way of Water ဇာတ်ကားထုတ်လုပ်မှု နောက်ဆုံးအဆင့်တရားဝင်ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၂၅ ရက်တွင် ရေးသားတင်ပြထားသည်။

ထုတ်လုပ်မှုလုပ်ငန်း နောက်ဆုံးအဆင့်ပြီးဆုံးခဲ့မှုကြောင့် Avatar: The Way of Water ဇာတ်ကားမှာ ကမ္ဘာတစ်ဝန်း ရုံတင်ပြသရေးအတွက် အသင့်အနေအထားသို့ ရောက်ခဲ့ပြီဖြစ်သည်။

အဆိုပါဇာတ်ကားထုတ်လုပ်မှုလုပ်ငန်း နောက်ဆုံးအဆင့်အပြီးသတ်မှုကို ထုတ်လုပ်သူ ဂျွန်လန်ဒိုးက နိုဝင်ဘာ ၂၅ ရက်တွင် လူမှုမီဒီယာ စာမျက်နှာမှတစ်ဆင့် ကြေညာခဲ့ခြင်းဖြစ်သည်။

Avatar: The Way of Water ဇာတ်ကားတွင် မူလ Avatar ဇာတ်ကားမှ မင်းသားဆမ်ဝဲ့သင်တန်၊ စတီဖင်လန်း၊ မင်းသမီး ဇိုးဆယ်ဒါနာ၊ ကိတ်ဝင်းစလက် စသည့်သရုပ်ဆောင်များ ပြန်လည်ပါဝင်ထားကြောင်း သိရသည်။ KKO




# ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ရင်းတိုက်သားဖြင့် ထုလုပ်ထားသည့် လိပ်နဂါးပန်းပုရုပ်များ ဝင်ရောက်လာ

ပဲခူး နိုဝင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီးရှိ အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ရင်းတိုက်သားဖြင့် ထုလုပ်ထားသည့် လိပ်နဂါးပန်းပုရုပ်များ ဝင်ရောက်လာကြောင်း ရွှေယမင်းမြန်မာလက်မှုပစ္စည်းအရောင်းဆိုင်ပိုင်ရှင် ဒေါ်ယမင်းရွှေစင်က ပြောပြ၍ သိရသည်။

လက်ရှိ ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သည် ရွှေမော်ဓောဘုရားကြီး ဘုရားဈေးတန်း၊ ကမ္ဘောဇသာဒီနန်းတော်နှင့် ပဲခူးမြို့ပေါ်ရှိ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များဖြစ်ကြောင်း၊ အဆိုပါဆိုင်များတွင် ယခုနှစ် သီတင်းကျွတ်ကာလမှစတင်ကာ အမှတ်တရလက်ဆောင်ပစ္စည်းများ အရောင်းအဝယ်သွက်နေကြောင်း သိရသည်။

"ဈေးကွက်အခြေအနေကတော့ ဘုရားကြီး (ရွှေမော်ဓောဘုရား)ဈေး၊ ကမ္ဘောဇသာဒီနန်းတော်က ဈေးတန်းနဲ့ မြို့ပေါ်က အမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းဆိုင်တွေမှာ သီတင်းကျွတ်ပိတ်ရက်တွေကစပြီး အရောင်းပြန်သွက်လာတယ်လို့ ပြောလို့ရပါတယ်။ ပြည်တွင်းခရီးသွားတွေ ပြန်များလာတဲ့အတွက် ရောင်းအားပြန်တက်နေပါတယ်။ အခုလအတွင်းမှာ ပန်းပုရုပ်တုတွေ၊ ရုပ်သေးတွေ အရောင်းအဝယ်ဖြစ်တယ်။ နိုဝင်ဘာလစတုတ္ထပတ်ကစပြီး မန္တလေးကနေ တရုတ်ပန်းပုလက်ရာအတိုင်း ရင်းတိုက်သားနဲ့ ထုလုပ်ထားတဲ့ လိပ်နဂါးပန်းပုရုပ်အစုရေ ၃၀၀ လောက် ဈေးကွက်ထဲဝင်လာပါတယ်"ဟု ဒေါ်ယမင်းရွှေစင်က ပြောပြသည်။



အဆိုပါ လိပ်နဂါးပန်းပုရုပ်များမှာ အရွယ်အစားအားဖြင့် အမြင့် ခြောက်လက်မ၊ အလျား ရှစ်လက်မဖြစ်ရာ ဈေးနှုန်းမှာ ငွေကျပ် ၇၅၀၀၀ ဖြစ်ပြီး နေအိမ်၊ ရုံးခန်း၊ ဟိုတယ်နှင့် စားသောက်ဆိုင်များတွင် အလှဆင်လာဘ်ကောင်အဖြစ် ဝယ်ယူကြကြောင်း သိရသည်။ ASH

# Avengers: Endgame ဇာတ်ကားမှ Captain America ကိုင်သည့်ဒိုင်းကို လေလံတင်ရောင်းချမည်

နယူးယောက် နိုဝင်ဘာ ၂၆

မာဗယ်စတူဒီယို၏ ကမ္ဘာကျော်စူပါဟီးရိုးဇာတ်ကားဖြစ်သော Avengers: Endgame ဇာတ်ကားမှ အဓိကဇာတ်ကောင် Captain America ကိုင်ဆောင်သည့် ဒိုင်းကို ဟာရီတိတ် လေလံကုမ္ပဏီက လေလံတင်ရောင်းချမည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၂၅ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဒိုင်းသည် Avengers: Endgame ဇာတ်ကားရိုက်ကူးစဉ် အဓိကဇာတ်ကောင် စတိဗ်ရော်ဂျာ (Captain America)အဖြစ် သရုပ်ဆောင်စဉ် မင်းသား ခရစ်အီဗန်အသုံးပြုခဲ့သောဒိုင်းဖြစ်သည်။

အဆိုပါဒိုင်းကို ပရဟိတလုပ်ငန်းရန်ပုံငွေအတွက် မာဗယ်စတူဒီယိုက ဟာရီတိတ်လေလံကုမ္ပဏီမှတစ်ဆင့် ရောင်းချရန်စီစဉ်ထားခြင်းဖြစ်ပြီး Captain America ၏ ဒိုင်းကို ဟာရီတိတ်လေလံကုမ္ပဏီက ဒီဇင်ဘာ ၁၃ ရက်တွင် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း၊ လေလံတင်မည့်ကြမ်းခင်းဈေးကို မသတ်မှတ်ရသေးကြောင်း သိရသည်။

အဆိုပါ လေလံပွဲတွင် Captain America ၏ ဒိုင်းအပြင် ကမ္ဘာကျော်ဇာတ်ကားများမှ ဇာတ်ကောင်များ အသုံးပြုခဲ့ကြသည့် ပစ္စည်းများ၊ ဝတ်စုံများနှင့် မော်တော်ယာဉ်များအပါအဝင် ဇာတ်ဝင်ခန်းသုံးပစ္စည်း ၄၀၀ ကျော်တို့ကိုလည်း လေလံတင်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။ KKO



# မော်တင်ဆိပ်ကမ်းမှ ကုန်တင်၊ ကုန်ချလုပ်သားအိမ်ထောင်စုများကို သစ္စာမေတ္တာရွှေမန်းသဘင် ဦးချမ်းသာမိသားစုက ဆန်နှင့် ကြက်ဥများ လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၆


ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ မော်တင်ဆိပ်ကမ်းမှ ကုန်တင်၊ ကုန်ချလုပ်သားအိမ်ထောင်စုများကို သစ္စာမေတ္တာရွှေမန်းသဘင်မှ မင်းသားကြီး ဦးချမ်းသာမိသားစုက ဆန်နှင့်ကြက်ဥများကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက လှူဒါန်းခဲ့ကြောင်း သိရသည်။

သစ္စာမေတ္တာရွှေမန်းသဘင်မှ မင်းသားကြီး ဦးချမ်းသာမိသားစုက ဦးချမ်းသာ၏ မွေးနေ့အလှူအဖြစ် မော်တင်ဆိပ်ကမ်းမှ ကုန်တင်၊ ကုန်ချလုပ်သားအိမ်ထောင်စု ၁၅၀ ကို အိမ်ထောင်စုတစ်စုလျှင် ဆန်နှစ်ပြည်နှင့် ကြက်ဥလေးလုံး ပံ့ပိုးလှူဒါန်းခဲ့ခြင်းဖြစ်ရာ အဆိုပါ လှူဒါန်းမှုအတွက် ငွေကျပ်ခုနစ်သိန်းခန့်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်ရဲ့ အသက် ၆၄ နှစ်ပြည့် မွေးနေ့အလှူအနေနဲ့ မော်တင်ဆိပ်ကမ်းက လုပ်သားအိမ်ထောင်စုတစ်စုကို ဆန်နှစ်ပြည်နဲ့ ကြက်ဥလေးလုံးစီ လှူဒါန်းခဲ့ပါတယ်"ဟု မင်းသားကြီး ဦးချမ်းသာက ပြောပြသည်။

မင်းသားကြီး ဦးချမ်းသာသည် သစ္စာမေတ္တာရွှေမန်းသဘင်အဖွဲ့၊ ရွှေမန်းချမ်းသာဇာတ်သဘင်ဖြင့် ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုများကို Sky Net ရုပ်သံလိုင်းနှင့် Channel K ရုပ်သံလိုင်းတို့မှ ဖျော်ဖြေတင်ဆက်ပေးလျက်ရှိကြောင်း သိရသည်။ ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla attend opening ceremony of 2023 Diamond Jubilee Independence Day variety dance show





Senior General Min Aung Hlaing and wife Daw Kyu Kyu Hla applaud as the 2023 Diamond Jubilee Independence Day variety dance show takes place.

**Nay Pyi Taw November 26**

The opening ceremony of 2023 Diamond Jubilee Independence Day variety dance show, sponsored by Diamond Jubilee Independence Day Organizing Steering Committee with the aim of ensuring pleasure and understanding the essence of independence, at the open air theatre at the City Hall here this evening. Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla enjoyed the show.

Also present were the SAC Secretary and wife, the Joint Secretary and wife, SAC members and their wives, Union level officials and their wives, senior military officers of Office of Commander-in-Chief and their wives, deputy ministers and their wives, heads of departments of ministries and office organizations, officers, employees and families and the public.

The Senior General and wife arrived at the venue at 6.30 pm and were welcomed by officials.

The show was staged in accord with the program, which included, the program to honour Independence Day produced by directors Kyaw Zaw Lin (Atwayponyeik), Waing and Tin Maung Hsan Min Win, Thonpanchi Thonpanhla (senior maiden) staged by artistes of Thabin Asioyon, songs sung by vocalists Kaytun Win Htut, Than Myat Soe, Shwe Htaik a choral in honour of the Diamond Jubilee Independence Day performed by vocalists and artistes of film, music and drama, and a variety of songs performed by vocalists Htoo Aal Lin, Zin Thuza Tun, Zin Thu Thu Tun, Mintha Lay.

The program also included a stage performance "A rendezvous" of Myanmar Motion Picture Association staged by Director Ko Thet, a comedian talent contest, songs staged by vocalists Pu Su, Waing Lamin Aung, Hta, L Hsai Zi, Shwe Yamin Oo, Myanmar Pyay Thein Dan and team, a musical show staged by Amaymya Team, a drama "a house of happiness" staged by Director Ko Zaw (Aryon Oo), a play of Myanmar Thabin Asiayon staged by Soe Thabin of Mon State, and program honouring Diamon Jubilee Independence Day.

The Senior General and wife presented flower basket and honorary cash awards to artistes and cordially greeted them.

The variety dance show is being staged on a grand scale and national level for public enjoyment and for understanding the essence of independence. It is the first and the biggest show to relieve the public from the stress caused by Covid-19. Civil servants and artistes are staging the show in all seriousness and goodwill for the nation and people. It will continue till 30 November between 6.30 pm and 11 pm daily.

100



The opening ceremony of 2023 Diamond Jubilee Independence Day variety dance show in progress.

# Deadly landslide tears through Italian island of Ischia

**Naples November 26**

A number of people are feared to have been killed after a mudslide triggered by heavy rains swept away homes on the island of Ischia, near Naples.

The torrent of mud and debris dislodged trees, engulfed buildings and dragged cars into the sea as it reached the coast early on Saturday.

The body of a woman was reported to have been found under the mud, and several other people are still missing.

Dozens of homes are cut off and some people are reportedly stuck in a hotel.

Resident Lisa Mocciaro told Ansa news agency: "We started hearing loud thunder at about 03:00 (02:00 GMT), then the first landslide came down, followed by a second one around 05:00. It was horrifying."

Interior Minister Matteo Piantedosi told reporters the situation was "very complicated" and that the people missing were believed to be trapped under the mud. Up to 155mm (6.1in) of rain fell over the course of six hours.

Heavy rains have been battering Campania, the region surrounding Naples and Ischia, for several days. A weather warning for rainfall and strong winds is in place until Sunday.

BBC



The mudslide dragged debris and trees down the mountains towards the coast of the island of Ischia.

# Raw materials worth US$4,934 million imported till 11 November in current fiscal year


Yangon port filled with cargo containers.

**Nay Pyi Taw November 26**

Myanmar imported raw materials worth US$4,934 million from 1 April to 11 November in the current 2022-2023 fiscal year, said U Nanda, director of the Trade Department under the Ministry of Commerce.

In the period, raw materials worth over US$72 million were imported by the State sector and US$4,862 million by the private sector.

"The country imported raw materials for agricultural, construction and industrial sectors from around 20 countries. From 1 April to 11 November this FY, the amount of imported goods was US$4,934 million. In the same period of last fiscal, the amount was just US$3,138 million. So we saw the exceeding amount of over US$1,790 million. Such an increase is seen as business operations get higher," U Nanda said.

Myanmar imports textile, fuel oil and accessories for industries, cement and materials for construction, fertilizers and pesticides for agriculture and wheat and cooking oil for the foodstuff industry. The import of oil and oil products tops all of imports.

ASH

# Myanmar earns over US$ 439 m from fishery exports from Apr 1 to Nov 11

**Nay Pyi Taw November 26**

More than 300 types of fishery products have been exported to more than 40 countries, and the export income has reached more than US$ 439.94 million from April 1 to November 11 in 2022-2023 FY, according to U Nyunt Win, director of the Department of Fisheries (Nay Pyi Taw).

Myanmar regularly exported fishery products to Japan, Middle East countries, EU member countries, Malaysia, Chinese Taipei and Australia. It is also reported that the Myanmar Fisheries Federation and the Department of Fisheries are cooperating closely to improve the export of fishery products.

The department and exporters are working together to meet the needs of each purchasing country in order to ensure that regular exports are maintained and depending on the market situation, and to ensure that exports do not decrease. Efforts are being made to ensure that exports do not decrease in line with the market needs when exporting to countries such as China that have strict inspections to ensure that fishery products are free of Covid-19.

ASH

# Muse Border Trade Zone trades with China operating over 150 export cargo trucks daily

**Muse November 26**

Muse (105th mile) Border Trade Zone in Shan State carries out border trade activities with China with over 150 export cargo trucks daily, said U Zaw Than Tun, executive member of Myanmar-China Border Trade Association in Shan State (North).

These days, the number of cargo trucks loaded with export items such as rice, broken rice is increasing with 1,084 export trucks and 531 import trucks that could carry out border trade activities from 1 to 14 November.

"We engage in border trade with China with about 150 trucks every day. Currently, there are few trucks of muskmelons and watermelons. Rice and broken rice are regular export items. This month saw a larger volume than last month. In the second week of November, 102 truckloads were exported including 19 trucks of melons and 24 trucks of rice and broken rice. About 50 trucks from China came here," said U Zaw Than Tun.

Khinsankyawt gate from Muse border trade zone exports agricultural products such as rice, broken rice, beans and pulses and foodstuffs to China and imports electrical goods, construction materials, household utensils and industrial goods.

ASH


Muse border trade zone seen with cargo trucks.

# Govt. issues export licenses to over 40 companies to export rice to Bangladesh under G to G MOU program

**Nay Pyi Taw November 26**

Export licenses have been issued to more than 40 companies that will export rice to Bangladesh under the G to G MOU program, according to reports from the Department of Trade released on November 21.

According to the G to G MOU between the government of Myanmar and Bangladesh on rice trade, two hundred thousand tons of rice will be exported from Myanmar.

The types of rice that will be exported and sold are white rice (ATAP) GPCT Broken STX) type of rice will be exported and sold according to the contract between the officials of the two countries.

The FOB price of rice will be 2.78856 Chinese yuan per kilo and 2,788.56 yuan per ton.

The export and sale of 200,000 tons of rice to Bangladesh in Chinese yuan will be carried out between October 2022 and January 2023 by 48 companies under the supervision of the Myanmar Rice Federation.

Myanmar will export 300,000 tons of rice annually to Bangladesh until 2027. 336


Bags of rice being loaded onto a vessel.

# Number of passengers on the rise as of 22 November on Chaw jetty of Mandalay to Bhamo

**Mandalay November 26**

Number of passengers is on the increase as of 22 November from Chaw jetty in Mandalay to Shwegu, Katha and Bhamo, said Chair U Win Maung of Mandalay Region Private Vessel Disciplinary Enforcement Committee.

Shwekyetyet, Gawwein, Mayanchan and Chaw jetties in Mandalay are bustling with transport of passengers and commodities from Mandalay to upstream areas of Ayeyawady River. Now, many passengers take vessels from Chaw jetty to Katha and Bhamo.

"Up to the first week of November this year, passenger numbers were a few at Chaw jetty. Now, number of passengers is on the rise for transport purpose of passengers and commodities leading to Shwegu and Bhamo. Most of them are traders. They carry onion from Mandalay to Shwegu, Katha and Bhamo," he addd.

Some 50 passengers to Shwegu, Katha and Bhamo took vessel till the first week of November at Chaw jetty. As of 22 November, more than 200 travellers take vessels on a daily basis.

"More than 300 freight handling workers are serving at Chaw jetty due to arrivals of heavy loads. Most of commodities are onion, rice and gram," he continued.

More than 150 vesses centre at Chaw jetty for transport of passengers and commodities on a daily basis.

184

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## တရုတ်နိုင်ငံက Zhuhai Airshow တွင်ပြသခဲ့သည့် လေကြောင်းရန်ကာကွယ်ရေးစနစ်များ



တရုတ်စက်မှုလုပ်ငန်းမှ ထုတ်လုပ်သော လေကြောင်းရန်ကာကွယ်ရေးစနစ်အမျိုးမျိုးမှာ အံ့မခန်းဖြစ်ပြီး နိုဝင်ဘာ ၈ ရက်မှ ၁၃ ရက်ထိ ကျင်းပခဲ့သည့် Zhuhai Airshow တွင် ဒီဇိုင်းသစ်များ ထပ်မံမပေါ်မီကပင် တိုးတက်ဖွံ့ဖြိုးထုတ်လုပ်နိုင်နေခြင်းဖြစ်သည်။

တာလတ်မှတာဝေးပစ် HQ-9B သည် ပါးလွှာသော်လည်း မူလဒုံးကျည်နှင့်အရှည်ဆင်တူကာ ပြုပြင်မွမ်းမံထားသည့်ဒုံးကျည်အမျိုးအစားဖြစ်ပြီး ၎င်းကိုပြသထားသည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA)သည် HQ-9B ကို တပ်တော်ဝင်အသုံးပြုနေပြီဖြစ်သည်။ ဒုံးကျည်၏အချင်းအပြောင်းအလဲသည် 8×8 ဒုံးပစ်လောင်ချာကို လေးစင်းအစား ဒုံးကျည်ရှစ်စင်းကို သယ်ဆောင်နိုင်သည်ဟု ဆိုလိုသည်။ ဒုံးကျည်အသစ်သည် အကွာအဝေးပိုတိုနိုင်ဖွယ်ရှိသော်လည်း ၎င်းသည် HQ-9 ၏ တိုက်ပွဲဝင်စွမ်းဆောင်ရည်များကို မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်သည်။

Zhuhai Airshow တွင် ပြသခဲ့သည့် အခြားသော လေကြောင်းရန်ကာကွယ်ရေးစနစ်အသစ်များမှာ FK-3000၊ HQ-16FE၊ HQ-11 နှင့် Type 625E တို့ဖြစ်ကြသည်။

China Aerospace Science and Industry Corporation (CASIC) မှ FK-3000 ကို တန်ပြန်-UAV၊ ခဲယမ်းနှင့် လေယာဉ်ပစ်လက်နက်အဖြစ် ထုတ်လုပ်ထားခြင်းဖြစ်သည်။

အချက်အချာနေရာ လေကြောင်းရန်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန်အတွက် Shaanxi SX2220 6×6 ထရပ်ကားတွင် SAM အမျိုးအစားနှစ်မျိုး (ပိုမိုကြီးမားသောလေကြောင်းပစ်မှတ်များအတွက် FK-3000/L ဒုံးကျည်ခြောက်စင်းနှင့် သေးငယ်သော UAV များအတွက် FK-3000/S ဒုံးကျည် ၄၈ စင်း) သယ်ဆောင်စစ်ဆင်နိုင်ပြီး မီလီမီတာ ၃၀ လေယာဉ်ပစ်အမြောက်၊ ၂၅ ကီလိုမီတာအကွာအဝေးဖမ်းယူထောက်လှမ်းနိုင်သောရေဒါနှင့် ရေဒီယို Jammer တို့ ပါဝင်ဖွဲ့စည်းထားသည်။ FK-3000 သည် အကွာအဝေး မီတာ ၃၀၀ မှ ၁၂ ကီလိုမီတာအတွင်း ဝေဟင်ပစ်မှတ်များကို မည်သည့်ရာသီဥတုအခြေအနေတွင်မဆို နေ့၊ ညမရွေးတိုက်ပွဲဝင်နိုင်သည်ဟု CASIC က ဖော်ပြထားသည်။ ထို့ပြင် FK-3000 တွင် တပ်ဖွဲ့ဝင်များမပါရှိသည့် ဒုံးပစ်လွှတ်ရေးယာဉ် (အရန်)နှစ်စီးပါရှိသည်။ ဤချိန်းတပ်ဒုံးပစ်လွှတ်ရေးယာဉ်များတွင် မတူညီသောလက်နက်ဖွဲ့စည်းမှုပုံစံများပါရှိနိုင်သည်။ ဥပမာအားဖြင့် FK-3000/S SAM ခြောက်စင်းပါရှိသော ဒုံးပစ်လောင်ချာပြွန်လေးလုံး၊ EO/IR အာရုံခံကိရိယာတစ်ခုပါရှိသည့်ယာဉ်တစ်မျိုးကို Zhuhai Airshow တွင် ပြသခဲ့သည်ကို တွေ့နိုင်သည်။

ထို့ပြင် တရုတ်နိုင်ငံသည် HQ-16FE လေကြောင်းရန်ကာကွယ်ရေးစနစ်ကိုလည်း ထုတ်ဖော်ပြခဲ့သည်။ HQ-16FE စတုတ္ထမျိုးဆက် တာလတ်၊ တာဝေးမြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်ကို CASIC ၏ အမှတ်(၈)အကယ်ဒမီက တီထွင်ထုတ်လုပ်ခဲ့သည်။ Taian 6×6 ထရပ်ကားပေါ်တွင် ဒေါင်လိုက်ပစ်လွှတ်နိုင်သည့် ဒုံးကျည်ခြောက်စင်းတပ်ဆင်ထားပြီး လေယာဉ်နှင့် UAV များကို အကွာအဝေးတွင် ကီလိုမီတာ ၁၆၀ ထိ တိုက်ခိုက်နိုင်စွမ်းရှိသည့်အပြင် ခရုဇ်ဒုံးကျည်များနှင့် နည်းဗျူဟာမြောက်ပဲ့ထိန်းဒုံးကျည်များကို ကြားဖြတ်ဟန့်တားနိုင်စွမ်းရှိသည်။ ယခင်ဗားရှင်း HQ-16B သည် အကွာအဝေး ကီလိုမီတာ ၈၀ သာ တိုက်ပွဲဝင်နိုင်သည်။ HQ-16FE စနစ်တွင် Semi-active သို့မဟုတ် Active synthetic radar အာရုံခံစနစ်များပါရှိပြီး ရန်သူ့လှည့်စား၊ နှောင့်ယှက်မှုများ အလွယ်တကူခံရနိုင်မှုနည်းပါးသည်။ ၎င်းတွင်ပါရှိသော 2D phased-array ရေဒါသည် ကီလိုမီတာ ၂၅၀ ထိ ထောက်လှမ်းနိုင်သည်။

နောက်ထပ် လက်နက်စနစ်အသစ်ဖြစ်သည့် HQ-11 သည် ဝေဟင်မှဝေဟင်ပစ်ဒုံးကျည်များ၊ ပဲ့ထိန်းဗုံးများ၊ ခရုဇ်ဒုံးကျည်များ၊ တိုက်ခိုက်ရေးလေယာဉ်များ၊ ရဟတ်ယာဉ်များနှင့် အခြား ဝေဟင်မှတိုက်ခိုက်လာသည့်လက်နက်များကို တန်ပြန်နိုင်သည့် Universal terminal defense system တစ်ခုဖြစ်သည်။ ၎င်းကို PLA လေတပ်ကပြသခဲ့ပြီး နိုင်ငံအတွင်း၌လည်း အသုံးပြုနေပြီဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။ HQ-11 စနစ်တွင် 8×8 ဒုံးပစ်လောင်ချာယာဉ်၊ အနီးကပ်လက်နက်စနစ်(CIWS)ယာဉ်နှင့် ကွပ်ကဲမှုယာဉ်တို့ ပါဝင်ဖွဲ့စည်းထားသည်။ လောင်ချာယာဉ်တွင် ဒေါင်လိုက်ပစ်လွှတ်နိုင်သည့် ဒုံးကျည်ရှစ်စင်းပါရှိသည်။ ဒုံးကျည်အမျိုးအစားအတိအကျကို မသိရသေးသော်လည်း HQ စီးရီးများမှ အသုံးပြုထားခြင်းပင်ဖြစ်နိုင်သည်။ CIWS ယာဉ်သည် အဝေးထိန်းစနစ်ဖြင့်ထိန်းချုပ်လုပ်ဆောင်နိုင်သည့် ဆုံလည်ပေါ်တွင် Type 1130 အမြောက်ကို တပ်ဆင်အသုံးပြုထားသည်။ ယာဉ်နှစ်စီးစလုံးတွင် ရေဒါများ အသီးသီးပါဝင်ကြသည်။ HQ-11 သည် တရုတ် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့အားလုံးတွင်အသုံးပြုရန် ဒီဇိုင်းထုတ်ထားသောကြောင့် ၎င်းကို Universal (ဘက်စုံသုံး)အမည်ပေးထားခြင်းဖြစ်သည်။

နောက်ထပ်ထုတ်ဖော်ပြသည့်စနစ်သစ်တစ်ခုမှာ Type 625E တာတိုပစ် လေကြောင်းရန်ကာကွယ်ရေး ဒုံး/အမြောက်ဒွန်တွဲစနစ်ဖြစ်သည်။ China South Industries Group Corporation နှင့် Norinco တို့ ပူးပေါင်းထုတ်လုပ်ထားခြင်းဖြစ်ပြီး 30mm လေယာဉ်ပစ်အမြောက်နှင့် FN-6 ဒုံးကျည်ပြွန် နှစ်ခုပါရှိသော CS/SA5 စနစ်မှ ဆင်းသက်ထုတ်လုပ်ထားသည့်ပုံစံမျိုးဖြစ်သည်။ 8×8 ကိုယ်ထည်ကိုအခြေခံထားသည့် Type 625E တွင် 25mm Gatling-type စက်သေနတ်တစ်လက်အပြင် ကျောဘက်တွင်တပ်ဆင်ထားသော SAM လေးစင်းနှင့် EO/IR အာရုံခံကိရိယာ၊ ရေဒါတစ်ခုတို့ပါရှိသည်။ အဆိုပါဒုံးကျည်များသည် မည်သည့်ဒုံးကျည်အမျိုးအစားဖြစ်သည်ကို ပြပွဲပြသသူက မဖော်ပြထားသော်လည်း ၎င်းတို့သည် FN-6 သို့မဟုတ် FB-10 မိသားစုများမှ ဖြစ်နိုင်သည်။ Type 625E ဒုံး/အမြောက်ဒွန်တွဲစနစ်များသည် UAV များကိုတိုက်ခိုက်ရာတွင် အသုံးပြုရန်အတွက် စံပြုလေကြောင်းရန်ကာကွယ်ရေးစနစ်ဟုလည်း ထုတ်လုပ်သူက ပြောကြားထားကာ ဥပမာအနေဖြင့် ယူကရိန်းအရေးကဲ့သို့သော မကြာသေးမီကပဋိပက္ခများတွင် ယခုလိုစနစ်မျိုး လိုအပ်ကြောင်း တရုတ်နိုင်ငံ ကာကွယ်ရေးထုတ်လုပ်သူများအသိုင်းအဝိုင်းက ပြောကြားသွားခဲ့သည်။

**China displays a bewildering array of air defence systems at Zhuhai ကို ဘာသာပြန်ဆိုပါသည်။**

## အမေရိကန်က ယူကရိန်းကို HARM ရေဒါပျက်ဒုံးကျည်များ၊ NASAMS၊ HIMARS စနစ်သုံး ခဲယမ်းများပံ့ပိုးမည်

ယခုနောက်ဆုံးပေးအပ်မည့် စစ်ရေးအကူအညီ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အမေရိကန်နိုင်ငံသည် ယူကရိန်းကို နောက်ထပ် HARM ရေဒါဖျက်ဒုံးကျည်များနှင့် High Mobility Artillery Rocket Systems-HIMARS နှင့် National Advanced Surface-to-Air Missile Systems-NASAMS လက်နက်စနစ်များအတွက် နောက်ထပ်ခဲယမ်းများကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က နိုဝင်ဘာ ၂၃ ရက်က ပြောကြားခဲ့သည်။

အခြားလက်နက်များတွင် အမေရိကန်သည် မောင်းသူမဲ့လေယာဉ်များကိုတန်ပြန်ရန်အတွက် ယူကရိန်းကို အကြီးစားစက်သေနတ် အလက် ၁၅၀ ပံ့ပိုးပေးမည်ဖြစ်သည်။ တိကျ-ပဲ့ထိန်းစနစ်ပါ ၁၅၅ မီလီမီတာ အမြောက် ၂၀၀၊ မီလီမီတာ ၁၂၀ အမြောက်ကျည် တစ်သောင်း၊ High Mobility Multipurpose Wheeled Vehicles ဘက်စုံသုံးယာဉ်အစီးရေ ၁၅၀၊ နည်းဗျူဟာမြောက် အပေါ့စားယာဉ် ၁၀၀ ကျော်၊ လက်နက်ငယ်ကျည် သန်း ၂၀ ကျော်၊ မီးစက် ၂၀၀ ကျော်၊ ၁၀၅ မီလီမီတာ ဟောင်ဝစ်ဇာအမြောက်များနှင့် အခြားစစ်လက်နက်ပစ္စည်းကိရိယာများအတွက် အပိုပစ္စည်းများပါဝင်မည်ဖြစ်သည်။

လုံခြုံရေးအကူအညီသည် ဒေါ်လာသန်း ၄၀၀ ထိတန်ဖိုးရှိသည်။ စစ်လက်နက်ပစ္စည်းများသည် ပင်တဂွန်စစ်ဌာနချုပ်ပိုင် လက်နက်တိုက်များမှ ထုတ်ယူပံ့ပိုးပေးခြင်းလည်းဖြစ်သည်။ လက်ရှိ သမ္မတဂျိုးဘိုင်ဒင် အုပ်ချုပ်မှုစတင်ချိန်မှစ၍ ယူကရိန်းနိုင်ငံအတွက် အမေရိကန်နိုင်ငံသည် လုံခြုံရေးအကူအညီ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၇ ဘီလီယံကျော်နှင့် ၂၀၁၄ ခုနှစ်မှစပြီး တွက်မည်ဆိုလျှင် အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၈ ဘီလီယံကျော် ကတိပြုပေးအပ်ခဲ့ပြီးဖြစ်သည်။



ရုရှားသမ္မတပူတင်က Donbass ရီပတ်ဘလင်ကန်ခေါင်းဆောင်များ၏ အကူအညီတောင်းခံမှုကို တုံ့ပြန်သည့်အနေဖြင့် အထူးစစ်ဆင်ရေးတစ်ရပ်ကို ဖေဖော်ဝါရီ ၂၄ရက်က ကြေညာခဲ့သည်။ နောက်ပိုင်းတွင် အနောက်နိုင်ငံများက ရုရှားအပေါ် ပိတ်ဆို့အရေးယူမှုများ ချမှတ်ခဲ့ပြီး ယူကရိန်းသို့ အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာတန်ဖိုးရှိသည့် လက်နက်များ တင်ပို့မှုကို အရှိန်မြှင့်လုပ်ဆောင်ခဲ့သည်။

**New assistance to Kiev includes HARM missiles, munitions for NASAMS, HIMARS—Pentagon ကို ဘာသာပြန်ဆိုပါသည်။**

**မင်းမျိုး**

# ဒေးဒရဲမြို့နယ်၌ ဆီထွက်သီးနှံနေကြာဧက ၃၀၀ စိုက်ပျိုးလျက်ရှိ


ယခင်နှစ်ကစိုက်ပျိုးခဲ့သည့် နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ဒေးဒရဲ နိုဝင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနေကြာဧက ၃၀၀ ကို နိုဝင်ဘာလ တတိယပတ်က စတင်စိုက်ပျိုးလျက်ရှိကြောင်း ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒေးဒရဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနေကြာဧက ၃၀၀ ကို နိုဝင်ဘာလတတိယပတ်က စတင်စိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါ ဆီထွက်သီးနှံနေကြာဧက ၃၀၀ ကို အဆင်ပြေပြေစိုက်ပျိုးနိုင်ရန်အတွက် လိုအပ်သည့်နည်းပညာနှင့်စိုက်ပျိုးရေးသွင်းအားစုများကို ယခုနှစ် အောက်တိုဘာလအတွင်းက ကြိုတင်ပြင်ဆင် ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံနေကြာဧက ၃၀၀ လျာထား စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဆီထွက်သီးနှံနေကြာတွေကို နိုဝင်ဘာလတတိယပတ်ထဲမှာ စတင်စိုက်ပျိုးခဲ့တာပါ။ ဆီထွက်သီးနှံနေကြာတွေ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာတွေကို စတင်မစိုက်ပျိုးမီ စီမံဆောင်ရွက်ပေးထားပါတယ်။ ဆီထွက်သီးနှံနေကြာကို ထပ်တိုးစိုက်သွားဖို့ရှိပါတယ်။ အရင်နှစ်တွေကလဲ တောင်သူတွေက နေကြာစိုက်တဲ့အတွေ့အကြုံရှိပါတယ်။ ဒီနှစ် စိုက်ပျိုးမဲ့ နေကြာစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းစေဖို့၊ အထွက်နှုန်းတိုးစေဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

ဒေးဒရဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံများ စိုက်ပျိုးနိုင်ရန် နည်းပညာများ၊ လိုအပ်သောပံ့ပိုးမှုများ၊ မြေဆီလွှာပြုပြင်ခြင်းများ၊ စိုက်ပျိုးရေးသွင်းအားစုများ အသုံးပြုရေးနည်းစနစ်များ စသည့်လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြစ်ကြီးနားမြို့နယ် မော်ဖောင်းနယ်မြေ(၃)ကျေးရွာတွင် သဲကျောက်လမ်းခင်းခြင်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

**မြစ်ကြီးနား နိုဝင်ဘာ ၂၆**

ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစ်ကြီးနားမြို့နယ် မော်ဖောင်းကျေးရွာအုပ်စု မော်ဖောင်းနယ်မြေ(၃)ကျေးရွာတွင် သဲကျောက်လမ်းခင်းခြင်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်စိုးစိုးဦးနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မော်ဖောင်းနယ်မြေ(၃) ကျေးရွာတွင် ကွန်ကရစ်ဘောင်ခတ် သဲကျောက်လမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် အဆိုပါကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို စစ်ဆေးကာ ဒုတိယညွှန်ကြားရေးမှူးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



မြစ်ကြီးနားမြို့နယ် မော်ဖောင်းကျေးရွာအုပ်စု မော်ဖောင်းနယ်မြေ(၃)ကျေးရွာတွင် လမ်းအရှည်ပေ ၁၀၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ဘောင်ခတ် သဲကျောက်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် သိန်း ၁၀၀ ဖြင့် မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဩဂုတ်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ဒေသခံများအနေဖြင့်အဆင်ပြေချောမွေ့စွာသွားလာ အသုံးပြုနိုင်ပြီဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေး၊ ကျေးရွာနေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကျိုးပြုစေမည်ဖြစ်ကြောင်း မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# အုတ်ဖိုမြို့နယ် ရှမ်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေး

**အုတ်ဖို နိုဝင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက ရှမ်းကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှမ်းကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၁၃ ဒသမ ၂၅ သိန်း၊ မွေးမြူရေးလုပ်ကိုင်သူ ၁၃၂ ဦးကို ငွေကျပ် ၂၈ ဒသမ ၉၅သိန်း စုစုပေါင်းအသင်းသူ၊ အသင်းသား ၁၆၅ ဦးကို ငွေကျပ် ၄၂ ဒသမ ၂သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်စီးပွား ဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၆-၁၁-၂၀၂၂

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၁၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၀၀၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၅၀၀/၆၇၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၃၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၀၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၅၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၅၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ မြန်မာနိုင်ငံလေ့လျော်အဖွဲ့ချုပ်ရှိ ခြောက်ခန်းတွဲ လေးထပ်အိပ်ဆောင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေး



**ရန်ကုန် နိုဝင်ဘာ ၂၆**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မြန်မာနိုင်ငံ လေ့လျော်အဖွဲ့ချုပ်သို့ ရောက်ရှိပြီး ခြောက်ခန်းတွဲ လေးထပ် အားကစားသမား အိပ်ဆောင်ဆောက်လုပ်နေမှုကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံလေ့လျော်အားကစားအဖွဲ့ချုပ်ရှိ လူငယ်အားကစားသမားများ၊ လက်ရွေးစင်အားကစားသမားနှင့်တွေ့ဆုံ၍ အားကစားသမားများ အတွေ့အကြုံကောင်းများရရှိစေရန်အတွက် ဖိတ်ခေါ်ပြိုင်ပွဲများကိုလည်း စေလွှတ်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပူးတွဲလေ့ကျင့်ရန်စေလွှတ်ခြင်းနှင့်ပတ်သက်၍ မြန်မာ့အားကစားအောင်နိုင်ရေးအတွက် အထောက်အကူပြုအကျိုးရှိစေရန်သေချာစိစစ်၍ စေလွှတ်ပေးနေခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံလေ့လျော်အားကစားအဖွဲ့ချုပ်က တင်ပြတောင်းခံထားသည့် Gym ခန်းခွဲအသုံးပြုမည့် လေ့ကျင့်ရေးစက် အမျိုးအစားကိုလည်း အသုံးပြုနိုင်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းပြောကြားကာ စားရိပ်သာနှင့် အားကစားသမားများ အိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ကျိုက္ကဆံအားကစားကွင်းရှိ အမျိုးသမီးအိပ်ဆောင်၊ အမျိုးသားအိပ်ဆောင်၊ စားရိပ်သာနှင့် စားဖိုဆောင် ဆောက်လုပ်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) သင်တန်းသား၊ သင်တန်းသူများနှင့်အတူ အထူးနေ့လယ်စာကိုအတူတကွ သုံးဆောင်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သယ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏသို့ရောက်ရှိပြီး မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ငါးလသာလိုတော့သည့်အချိန်တွင် အချိန်မှန်မှန်လေ့ကျင့်မှုမှာ အဓိကကျသည့်အတွက် ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အဖွဲ့ချုပ်များအနေဖြင့် နေပြည်တော်တွင် လေ့ကျင့်မှုများပြုလုပ်လိုပါကလည်း နေထိုင်စားသောက်ရေးကိစ္စရပ်များ၊ လေ့ကျင့်မှုကိစ္စရပ်များကို စနစ်တကျ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာ့အားကစားအာဆီယံနိုင်ငံများအကြား ရင်ပေါင်တန်းနိုင်အောင် ကြိုးစားရာမှတစ်ဆင့် ဂုဏ်ယူဝင့်ကြွားနိုင်သည်အထိ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသည့် ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက တာဝန်ယူဆောင်ရွက်နေသောအားကစားနည်းအလိုက် ဆီးဂိမ်းတွင် အောင်မြင်မှုရရှိရေးဆောင်ရွက်ထားရှိမှုများနှင့် လိုအပ်ချက်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၏ တင်ပြဆွေးနွေးမှုများအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# Engineering Education Programs for New National Education System ဖိုရမ် ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၆**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီတို့ ပူးပေါင်းကျင်းပသည့် "Engineering Education Programs for New National Education System" ဖိုရမ်ကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ခရေပင်လမ်းရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၌ ကျင်းပသည်။

ဖိုရမ်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က သင်ရိုးညွှန်းတမ်းများ ပြုပြင်ပြောင်းလဲရေးအတွက် KG+12 စနစ်ကိုအခြေခံ၍ သင်ရိုးညွှန်းတမ်းများ ရေးဆွဲလျက်ရှိကြောင်း၊ နည်းပညာတက္ကသိုလ်များသည် စနစ်သစ်နှင့်ကိုက်ညီအောင်သင်ကြားပေးနိုင်ရန် သင်ရိုးညွှန်းတမ်းများကို ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ နည်းပညာဆိုင်ရာဘာသာရပ်များကို ပြုပြင်ပြောင်းလဲရာတွင် Industrial ၏ ကျွမ်းကျင်မှုလိုအပ်ချက်၊ အသိပညာလိုအပ်ချက်နှင့် အရည်အချင်းလိုအပ်ချက်များကို သေချာစွာထည့်သွင်းရေးဆွဲရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အင်ဂျင်နီယာပညာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအကြောင်းအရာများကို Virtual စနစ်ဖြင့်ပြောကြားပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌနှင့် အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ ပညာရှင်များက အင်ဂျင်နီယာ ပညာဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

ဖိုရမ်ကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အနာဂတ်အင်ဂျင်နီယာ ပညာရေးစနစ်ဖော်ဆောင်ရန်ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး နိုဝင်ဘာ ၂၇ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး ဖိုရမ်သို့ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ နည်းပညာတက္ကသိုလ်များ၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ တပ်မတော် နည်းပညာတက္ကသိုလ်တို့နှင့် ကောလိပ်နှင့် သိပ္ပံများမှပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ပါမောက္ခဌာနမှူးများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**






# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်းပဲတီစိမ်းနှင့် နွေစပါးစိုက်တောင်သူများကို ထောက်ပံ့ပေးသွားမည်



**ပဲခူး နိုဝင်ဘာ ၂၆**

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဆောင်းပဲတီစိမ်းနှင့် နွေစပါးစိုက်တောင်သူများအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များနှင့် သွင်းအားစုများထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ယမန်နေ့မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ဆောင်းပဲတီစိမ်းနှင့် နွေစပါးစိုက်တောင်သူများအား မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများ ထောက်ပံ့ပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ ဆောင်းပဲတီစိမ်းနှင့် နွေစပါးစိုက်ပျိုးသည့် တောင်သူများကို အစုအဖွဲ့များဖွဲ့စည်း၍ တောင်သူစိတ်ကြိုက် သွင်းအားစုများ ထောက်ပံ့ပေးနိုင်ရေး မြေပြင်ကွင်းဆင်း၍ စနစ်တကျ စာရင်းကောက်ယူသွားရမည်ဖြစ်ပြီး တောင်သူများလက်ဝယ်တိုက်ရိုက်ရောက်ရှိစေရေး ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ မြေပြင်တွင် အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်နေသူကိုသာ ထောက်ပံ့ပေးနိုင်ရေး ကြီးကြပ်ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးစရိတ်ချေးငွေများကိုလည်း အပြည့်အဝကောက်ခံရရှိရေး အထူးအလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစိုးရအဖွဲ့တာဝန်ရှိသူများက တောင်သူအစုအဖွဲ့များနှင့် သမဝါယမအစုအဖွဲ့များအတွက် ပံ့ပိုးဆောင်ရွက်ပေးသွားမည့်အခြေအနေနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်သွားရမည့် အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများက စီမံကိန်းလုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်၊ စိုက်ပျိုးရေးရရှိရေးနည်းလမ်းများနှင့် အစုအဖွဲ့များဖွဲ့စည်းထားရှိမှုများကိုလည်းကောင်း အကြံပြုတင်ပြဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာသည့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက မြို့နယ်အလိုက်ဆောင်းပဲတီစိမ်းစိုက်ဧက၊ နွေစပါးစိုက်ပျိုးနိုင်ရေးလျာထားမှုနှင့် တောင်သူများထောက်ပံ့မှုရရှိရေးဆောင်ရွက်သွားမည့် အခြေအနေများကိုတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များဖြည့်စွက်မှာကြားသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများအတွက် ဆောင်းပဲတီစိမ်း တစ်ဧကလျှင် ငွေကျပ် ၁၂၀၀၀၀ နှုန်း၊ နွေစပါးတစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀၀ နှုန်းဖြင့် တောင်သူစိတ်ကြိုက်မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး သီးနှံပေါ်ချိန်တွင် ကာလပေါက်ဈေးအတိုင်းဝန်ဆောင်ခ တစ်ရာခိုင်နှုန်းနှင့်အတူ ပြန်လည်ပေးဆပ်သွားရမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို ကျောက်ဆည်ခရိုင်အတွင်းရှိ ၂၀၂၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်သူများ ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် MSME လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များကို တွေ့ဆုံ





**မန္တလေး နိုဝင်ဘာ ၂၆**

ကျောက်ဆည်ခရိုင်အတွင်းရှိ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်သူ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက ကျောက်ဆည်မြို့တော်ခန်းမတွင် ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူများက အခမ်းအနားကို ဂုဏ်ပြုသီချင်းသီဆို၍ ဖွင့်လှစ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ဝန်ကြီးချုပ်၊ ဝန်ကြီးများက အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမ ၃၇၉၉ ဦး အတွက် ကျောင်းစိမ်းဝတ်စုံများကိုလည်းကောင်း၊ ကျောက်ဆည်၊ စဉ့်ကိုင်နှင့် မြစ်သားမြို့နယ် အခြေခံပညာကျောင်းများမှ အလယ်တန်း၊ အထက်တန်းကျောင်းသား၊ ကျောင်းသူဦးရေ ၂၇၀ အတွက် ဝန်ကြီးချုပ် မိသားစုကလှူဒါန်းသည့် စက်ဘီးအစီး ၂၇၀ ကိုလည်းကောင်း၊ ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူ ၃၅ ဦးတို့အား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ တက်ရောက်လာသော ဆရာ၊ ဆရာမ ဦးရေ ၁၈၀ အတွက် ချီးမြှင့်ငွေကျပ် ကိုးသိန်း၊ ကပြသီဆိုဖျော်ဖြေကြသည့် ကျောင်းသား၊ ကျောင်းသူ ၅၂ ဦး အတွက် ချီးမြှင့်ငွေကျပ် ၂၆၀၀၀၀ တို့ကိုလည်းကောင်းပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများ၏ သီဆိုတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီးနောက် ကျောင်းသား၊ ကျောင်းသူများ စက်ဘီးစီးထွက်ခွာမှုများကို အားပေးနှုတ်ဆက်ကြသည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင်အတွင်းရှိ MSME လုပ်ငန်းရှင်များနှင့် လူမှုရေးအသင်းအဖွဲ့များကို မွန်းလွဲပိုင်းတွင်တွေ့ဆုံကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လူမှုရေးအသင်းအဖွဲ့များအနေဖြင့် ပြည်တွင်းအသင်းအဖွဲ့များနှင့်ပတ်သက်၍ နိုင်ငံတော်က ဥပဒေပြဋ္ဌာန်းထားမြစ်ထားသည့် အချက်(၇)ချက်အား တိကျစွာစောင့်ထိန်းလိုက်နာကာ ပြည်သူများ၏ လှူဒါန်းငွေများဖြင့် အကျိုးပြုလုပ်ငန်းများ၌ အလေအလွင့်မရှိ မှန်ကန်စွာသုံးစွဲရေး၊ စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်ကချမှတ်ထားသော စီးပွားရေးမူဝါဒများကိုသိရှိလိုက်နာပြီး မိမိတိုင်းဒေသကြီးမှနိုင်ငံ၊ မိမိနိုင်ငံမှပြည်ပဈေးကွက်ထိ စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက် တင်ပို့နိုင်အောင် ရည်ရွယ်ထုတ်လုပ်ရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အားလုံးဝိုင်းဝန်းပူးပေါင်းကာ တက်ညီလက်ညီဆောင်ရွက်ရေးတို့ကိုမှာကြားပြီး တက်ရောက်လာသူများ၏ အခက်အခဲများနှင့် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လူမှုရေးအသင်းအဖွဲ့ ၂၄ ဖွဲ့အတွက် ငွေကျပ် ၂၄ သိန်းကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**




# အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် တပ်မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံ၊ စာရေးကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများ ဒုတိယအကြိမ် ထောက်ပံ့



**နေပြည်တော် နိုဝင်ဘာ ၂၆**

အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေအတွင်း ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် တပ်မိသားစုဝင်အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများ ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်ရှိ ဗန္ဓုလခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

> **အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး ကျောင်းသားတစ်ဦးကို ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။**

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တပ်မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများ အသီးသီး ထောက်ပံ့ပေးအပ်ပြီး တက်ရောက်လာကြသူများကို ရင်းနှီးနွေးထွေးစွာ လိုက်လံနှုတ်ဆက်သည်။

အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များ၌လည်း တပ်မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများကို တပ်နယ်အလိုက် တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီး၌ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

☆ **ကျောဖုံးမှအဆက်**

ဆန်တန်ချိန် ၂၆၅၀ ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တိုက်ရိုက်စတင်တင်ပို့ခဲ့ပြီး နိုဝင်ဘာ ၇ ရက်တွင် MV MCL-21 သင်္ဘောဖြင့် ဆန်တန်ချိန် ၂၆၁၅ တန်ကိုလည်းကောင်း၊ နိုဝင်ဘာ ၁၃ ရက်တွင် MV MCL-12 သင်္ဘောဖြင့် ဆန်တန်ချိန် ၂၆၅၀ ကိုလည်းကောင်း၊ နိုဝင်ဘာ ၂၂ ရက်တွင် MV MCL-18သင်္ဘောဖြင့် ဆန်တန်ချိန် ၂၆၅၀ ကိုလည်းကောင်းတင်ပို့ခဲ့ရာ ဆန်တန်ချိန်စုစုပေါင်း ၁၀၅၆၅ တန်ကိုတင်ပို့ခဲ့ပြီးဖြစ်သည်။ ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်များတင်ပို့ရာတွင် ဧည့်မထဆန် ၅မတ်၊ 50 kg အလေးချိန်ရှိ ဆန်အိတ်ပေါင်း ၂၁၁၃၀၀ ကိုတင်ပို့ခဲ့ခြင်းဖြစ်ပြီး ဒုတိယအသုတ်အနေဖြင့် ဆက်လက်တင်ပို့နိုင်ရန်ကြိုးပမ်းလျက်ရှိသည်။

ပြည်ပသို့ ဆန်တိုက်ရိုက်တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံတော်၊ တောင်သူနှင့် စီးပွားရေးလုပ်ငန်းရှင်များ အကျိုးဖြစ်ထွန်းမှုနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းက "ပထမတစ်ဖြတ်ကို တန်ချိန်နှစ်သောင်း၊ ဒုတိယတစ်ဖြတ်ကို တန်ချိန်လေးသောင်းနဲ့ စုစုပေါင်းတန်ချိန် ခြောက်သောင်းတင်ပို့ဖို့နဲ့ စဉ်ဆက်မပြတ်တင်ပို့နိုင်အောင် တက်ညီလက်ညီဆောင်ရွက်ဖို့ ညွှန်ကြားထားတာရှိပါတယ်။ ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းကနေ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဆန်တိုက်ရိုက်တင်ပို့တဲ့အတွက် တိုင်းဒေသကြီးရဲ့စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အပံ့ဖြစ်စေပြီး တောင်သူတွေရဲ့ စီးပွားရေးအခွင့်အလမ်းတွေကိုလည်း ပိုမိုပွင့်လန်းစေတဲ့အပြင် နိုင်ငံတော်အနေနဲ့လည်း စက်သုံးဆီချွေတာနိုင်မှုကိုရရှိစေပါတယ်။ နိုဝင်ဘာ ၂၂ ရက်မှာ လေးကြိမ်မြောက် သင်္ဘောနဲ့ဆန်တန်ချိန် စုစုပေါင်း ၁၀၅၆၅ တန်တင်ပို့ပြီးပါပြီ။ ဌာနအနေနဲ့ ပြည်ပကိုဆန်တင်ပို့ရာမှာ လုပ်ငန်းမြန်ဆန်ဖို့အတွက် ပူးပေါင်းဆောင်ရွက်နေပြီး ကြိတ်ခွဲပြီးဆန်အသင့်ရှိတဲ့ အချိန်နှစ်ပတ်ကျော်သုံးပတ်ဆိုရင် ဒုတိယအသုတ်ဆန်တင်ပို့ဖို့အတွက် သင်္ဘောဆိုက်ကပ်ဖို့ရှိနေပါတယ်"ဟု ပြောပြသည်။

တိုင်းဒေသကြီးမှထွက်ရှိသော စပါးများကိုကြိတ်ခွဲ၍ တိုက်ရိုက်တင်ပို့မှု၏ အကျိုးကျေးဇူးအဖြစ် ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့်တင်ပို့သော ကုန်ကျစရိတ်များစွာ သက်သာပြီး ဆန်စက်များနှင့်လုပ်ငန်းရှင်များ အထွေထွေ ကုန်ကျစရိတ်သက်သာမှုဖြင့် မူလဝင်ငွေထက်သာလွန်သော ဝင်ငွေများကို ရရှိခဲ့ခြင်းဖြစ်သည်။

ပြည်ပသို့တင်ပို့သော ဆန်များအရည်အသွေးပြည့်မီစေရန်နှင့် မြန်ဆန်စွာတင်ပို့နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပို့ကုန်ကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ ဒီဇင်ဘာလ ဒုတိယပတ်တွင် ပို့ကုန်ဒုတိယအသုတ်အဖြစ် ပထမဆုံး သင်္ဘောဝင်ရောက်မည်ဖြစ်ပြီး အရည်အသွေးကောင်းမွန်သော ဆန်များကို ဆက်လက်တင်ပို့နိုင်ရန် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဆန်စက်များ၌ ဆန်များကို ကြိတ်ခွဲလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ကုသရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ စုပေါင်းမိတ်ဆုံနေ့လယ်စာစားပွဲ တက်ရောက်




**နေပြည်တော် နိုဝင်ဘာ ၂၆**

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန နိုင်ငံ့ဝန်ထမ်းများ၏ မိသားစုမိတ်ဆုံနေ့လယ်စာစားပွဲကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ကုသရေးဦးစီးဌာနရုံးချုပ်၌ ကျင်းပသည်။

မိတ်ဆုံ နေ့လယ်စာစားပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ဝန်ထမ်းများကို ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်ကာ မိတ်ဆုံစားပွဲများကျင်းပခြင်းဖြင့် ဝန်ထမ်းအချင်းချင်း ပိုမိုစည်းလုံးကာ ရင်းနှီးကြမည်ဖြစ်ကြောင်း၊ အထက်အောက် ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်မှသည် ပိုမိုနားလည်ချစ်ကြည်လာကာ လုပ်ငန်းများ ချောမွေ့မြန်ဆန်လာမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထုကို ကျန်းမာရေးဝန်ဆောင်မှုပေးနေသည့် ဌာနဖြစ်သည်နှင့်အညီ ဦးစီးဌာနများရှိ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း ပြောကြားပြီး ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကုသရေးဦးစီးဌာနရုံးချုပ်ရှိ ဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့်အတူ နေ့လယ်စာ အတူတကွ သုံးဆောင်သည်။

အဆိုပါ မိတ်ဆုံစားပွဲတွင် ဝါသနာရှင် ဝန်ထမ်းများက တေးသီချင်း၊ အကများဖြင့် ပါဝင်ဆင်နွှဲကြကာ ဝန်ထမ်းများအတွက် ကံစမ်းမဲဖောက်ခြင်း၊ ပျော်ရွှင်စရာ Game ကစားနည်းများဖြင့် ပျော်ရွှင်စွာ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် နိုဝင်ဘာ ၂၆**

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ဆောင်းပါးပြိုင်ပွဲကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် လွတ်လပ်ရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများ၊ ၇၅ နှစ် စိန်ရတုတိုင် ဖြတ်သန်းခဲ့သည့် လွတ်လပ်ရေး၏အနှစ်သာရများ၊ သမိုင်းမှတ်တမ်းတစ်လျှောက် အစဉ်အလာကြီးမားခဲ့သည့် လွတ်လပ်ရေးနေ့၏ပုံရိပ်များနှင့် လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ရမည့် မွန်မြတ်သောရည်ရွယ်ချက်များ အစရှိသည်တို့ကို ဖော်ညွှန်းရေးသားထားသော ဆောင်းပါးများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်။

ဆောင်းပါးပြိုင်ပွဲကို မည်သူမဆို ကြိုက်နှစ်သက်ရာခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပုံနှိပ်ဖော်ပြခြင်းမရှိသေးသည့် စာမူများကို Pyidaungsu Font Size 13 ဖြင့် စာမျက်နှာ ငါးမျက်နှာမှ ခုနစ်မျက်နှာထိ ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်စာမူနှစ်စောင်နှင့် Softcopy CD တစ်ခွေကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့နှင့်အတူ ပေးပို့ရမည်။ ပြိုင်ပွဲဝင်ဆောင်းပါးများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများတွင် အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။

ပြိုင်ပွဲဝင်စာမူများကို ဒီဇင်ဘာ ၂၈ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ စာမူစိစစ်ရွေးချယ်ရေးအဖွဲ့ အတွင်းရေးမှူး ညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးအမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသောစာမူများကို ပြိုင်ပွဲဆောင်းပါးအဖြစ် လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း ရေသိုလှောင်ထားရှိမှုနှင့် ရေဖြန့်ဝေပေးထားမှုကို ကြည့်ရှုစစ်ဆေး



**စစ်တွေ နိုဝင်ဘာ ၂၆**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းသည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းအမှိုက်ကောက် သန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် စစ်တွေမြို့သို့ သောက်သုံးရေ ဖြန့်ဝေပေးလျက်ရှိသော ကန်တော်ကြီး၌ ရေသိုလှောင်ထားရှိမှု၊ ရေဖြန့်ဝေပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေလေဆိပ်အဝင်လမ်း လမ်းဆုံမှ လေဆိပ်အဝင်ထိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကိုလည်းကောင်း၊ စစ်တွေမြို့ တိုင်းရင်းဆေးရုံ၌ စစ်တွေတပ်နယ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ စုပေါင်း အမှိုက်ကောက်သန့်ရှင်းရေး ဆောင်ရွက်နေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ပေါ်ရပ်ကွက်များသို့ သောက်သုံးရေ ဖြန့်ဝေပေးလျက်ရှိသော ကန်တော်ကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကျော်မိုးက ရေသိုလှောင်ထားရှိမှု၊ မြို့ပေါ်ရပ်ကွက်များသို့ သောက်သုံးရေဖြန့်ဝေပေးနေမှု အခြေအနေ၊ ကန်တော်ငယ်မှ ရေဖြည့်တင်းဝေပေးနေမှုနှင့် နွေရာသီတွင် ရေဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်မည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက နွေရာသီ ရေအခက်အခဲမရှိစေရေးအတွက် ဆောင်ရွက်နိုင်မည့် အခြေအနေများအား ဆွေးနွေးပြောကြားကြပြီး လိုအပ်သည်များကို သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နမ့်ဆန်မြို့နယ် ပန်စမိန်းကျေးရွာတွင် ကွန်ကရစ်ဘီးသွားလမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေး

**နမ့်ဆန် နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် ပန်စမိန်းကျေးရွာတွင် ကွန်ကရစ်ဘီးသွားလမ်း ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့တွင် နမ့်ဆန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်မင်းထွန်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း အဆိုပါဌာနမှ သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်ဆန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဖြင့်ဆောင်ရွက်သည့် ပန်စမိန်းကျေးရွာအုပ်စု ပန်စမိန်းကျေးရွာတွင် ကွန်ကရစ်ဘီးသွားလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို စစ်ဆေးကြပြီး ကွန်ကရစ်လမ်းကို ရေရှည်အသုံးပြုနိုင်စေရေးအတွက် စနစ်တကျထိန်းသိမ်းသွားရန် ကျေးရွာကော်မတီမှ တာဝန်ရှိသူများကို ပြောကြားသည်။

နမ့်ဆန်မြို့နယ် ပန်စမိန်းကျေးရွာတွင် ဆောင်ရွက်ပြီးစီးသည့် ကွန်ကရစ်ဘီးသွားလမ်းခင်းခြင်းသည် အရှည်ပေ ၁၆၀၀၊ အကျယ်သုံးပေ၊ အမြင့်ခြောက်လက်မဖြစ်ကြောင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) နိုင်ငံတော်က ပံ့ပိုးငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ်ငါးသန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများကို ယခုနှစ် နိုဝင်ဘာ ၅ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ နမ့်ဆန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဆိုပါကွန်ကရစ်ဘီးလမ်း ခင်းပေးနိုင်မှုကြောင့် ဒေသခံပြည်သူများ ရာသီမရွေး အဆင်ပြေချောမွေ့စွာဖြင့် သွားလာအသုံးပြုနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ဆက်လက်ပြောပြ၍ သိရသည်။ **ကျော်ဇေဦး(မောရှမ်းမြေ)**

# နိုဝင်ဘာ ၂၆ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ဦးရေ ၂၀ တွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၆**

နိုဝင်ဘာ ၂၅ ရက် ည ၈နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၈၄၀၃ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်ဦးရေ ၂၀ တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၁၅၇ ဦး |
| သေဆုံးသူ | ၁၉၄၈၈ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၇၆၁၅ ဦး |

# သန့်ရှင်းသာယာသော မြို့ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်



တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ရပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၆**

မိမိတို့၏ နေ့စဉ်လူမှုဘဝနေထိုင်ဖြတ်သန်းရာတွင် ကျန်းမာရွှင်လန်းသော လူမှုပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မျက်စိပသာဒဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင်တစ်ခုရှိရန် အလွန်လိုအပ် အရေးကြီးလှသည်။ မိမိတို့တစ်ဦးချင်းနေထိုင်ကြသည့် ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်နေမှသာလျှင် သန့်ရှင်းသာယာလှပသော မြို့ရွာ Clean city၊ Clean Village များဖြစ်လာမည်ဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်မှုတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာသန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မပြတ်မနေ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ်စနေနေ့တိုင်းတွင်လည်း မိမိတို့၏မြို့ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အပါအဝင် မြို့နယ်ရှစ်မြို့နယ်တို့၌လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့အပါအဝင် မြို့နယ်သုံးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့အပါအဝင် မြို့နယ် ခြောက်မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့အပါအဝင် မြို့နယ်ခြောက်မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့အပါအဝင် မြို့နယ်ငါးမြို့နယ်တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ အပါအဝင် မြို့နယ် ရှစ်မြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် အပါအဝင် မြို့နယ်၁၉ မြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌ လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်းတံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိလူငယ်လူရွယ်များ စုစည်း၍ "မြို့ရွာသန့်ရှင်းရောဂါကင်း၊ ရပေါင်းအမှိုက်ရှင်း" စာသားတံဆိပ်ပါ တူညီဝတ်စုံများဝတ်ဆင်ပြီး ချမ်းမြသာစည်မြို့နယ် ၆၉ လမ်း မနော်ဟရီလမ်းမှ ၄၄ လမ်းကြားနှင့် ၁၁၁ လမ်းထိ အမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိသာလျှင် ၁၀၀ ကျပ်ဖြင့် ဝယ်ယူပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ပေါ်ရှိ တာဝန်သိ လူငယ်လူရွယ်များစုစည်း၍ "မြို့ရွာသန့်ရှင်း ရောဂါကင်း၊ ရပေါင်းအမှိုက်ရှင်း" စာသားတံဆိပ်ပါ တူညီဝတ်စုံများ ဝတ်ဆင်ပြီး ရပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုကို တွေ့ရစဉ်။

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးစဉ်။



ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ တာဝန်ရှိသူများက ဒေသခံပြည်သူများကို Mask များ အခမဲ့ပေးဝေလှူဒါန်းစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၆**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၆၈၈ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၅၂၆၉ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ကျောင်းသား၊ ကျောင်းသူ ဦးရေ ၃၉၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များ တပ်ဆင်ပြီးသွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# PDF အမည်ခံအကြမ်းဖက်သမားများက ပုလောမြို့နယ် ပလမြို့ အမှတ်(၃)ရပ်ကွက်၌ ရွှေထည်ပစ္စည်းမျိုးစုံအလေးချိန် ၁၆ ကျပ် ၁ မတ်သားနှင့်ငွေကျပ်သိန်း ၃၀ ခန့်တို့ကို သေနတ်ပြခြိမ်းခြောက်ကာ လုယက်ယူဆောင်၊ နေအိမ်ကို မိုင်းခွဲဖျက်ဆီး





**PDF အမည်ခံအကြမ်းဖက်သမားများက ပုလောမြို့နယ် ပလမြို့ အမှတ်(၃)ရပ်ကွက်၌ ရွှေထည်ပစ္စည်းများ၊ ငွေကြေးများကို သေနတ်ပြခြိမ်းခြောက်ယူဆောင်ခဲ့ပြီး နေအိမ်ကို မိုင်းခွဲဖျက်ဆီးခဲ့ကာ မိုင်းနှစ်လုံး ထောင်ထားခဲ့မှုကို တွေ့မြင်ရစဉ်။**

**နေပြည်တော် နိုဝင်ဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ပလမြို့ အမှတ်(၃)ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးနေအိမ်မှ ရွှေထည်ပစ္စည်းမျိုးစုံ အလေးချိန် ၁၆ ကျပ် ၁ မတ်သားခန့်နှင့် ငွေကျပ်သိန်း ၃၀ ခန့်တို့ကို PDF အမည်ခံအကြမ်းဖက်သမားများက သေနတ်ပြခြိမ်းခြောက်ယူဆောင်ပြီး နေအိမ်ကို မိုင်းခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုလောမြို့နယ် ပလမြို့ အမှတ်(၃)ရပ်ကွက် အောင်သီရိလမ်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးနေအိမ်သို့ နိုဝင်ဘာ ၂၅ ရက် ညနေ ၅ နာရီခွဲတွင် PDF အကြမ်းဖက်သမား ၁၀ ဦးခန့် လက်နက်ငယ်ကိုယ်စီဖြင့်ရောက်ရှိလာပြီး သော့ခတ်ထားသော နေအိမ်ဘာဂျာသံတံခါးကိုဖွင့်ပေးရန်နှင့် မဖွင့်ပါက မိသားစုအားလုံးကိုပစ်သတ်မည်ဟုသေနတ်ဖြင့်ခြိမ်းခြောက်၍ ဖွင့်ခိုင်းခဲ့ကြောင်း၊ ထို့နောက် နေအိမ်အတွင်းသို့ ဝင်ရောက်၍ ပရိဘောဂများကို ရိုက်ခွဲဖျက်ဆီးကာ ရွှေထည်ပစ္စည်းမျိုးစုံ အလေးချိန် ၁၆ ကျပ် ၁ မတ်သားခန့်နှင့် ငွေကျပ်သိန်း ၃၀ ခန့်တို့ကို ယူဆောင်ပြီး မိုင်း တစ်လုံး ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း၊ ထို့ပြင် နေအိမ်အတွင်း လက်လုပ်မိုင်း နှစ်လုံးထောင်ထားခဲ့ပြီး အဆိုပါ PDF အမည်ခံ အကြမ်းဖက်သမားများသည် မြောက်ဘက်သို့ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ပြီး နေအိမ်အတွင်း PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားခဲ့သည့် မိုင်း နှစ်လုံးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်းနှင့် အဆိုပါ PDF အမည်ခံအကြမ်းဖက်သမားများကို ဖမ်းဆီးရမိနိုင်ရေး လိုအပ်သောပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ၊ ထိန်းချုပ်ဓာတုပစ္စည်းနှင့် မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၆**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကိုဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သတင်းအရစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ရွှေမြင်တင်အုပ်စု သစ်ပုတ်ကုန်းကျေးရွာ၌ တရားမဝင် သစ်ခွဲသားမျိုးစုံ ၃ ဒသမ ၅၉၈၈ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၁၉၁၆ ကိုဖမ်းဆီးရမိခဲ့ပြီးသစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ နိုဝင်ဘာ ၂၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း (သီလဝါ)၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသော လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၃၇၇၂၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် နန့်စီးအောင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က သတင်းအရ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မန္တလေးမြို့မှ မိုးညှင်းမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ ထိန်းချုပ်ဓာတုပစ္စည်းများဖြစ်သည့် အမိုနီယမ်နိုက်ထရိတ်ဟုယူဆရသော အဖြူရောင်အစေ့ငယ်များ ကီလိုဂရမ် ၂၀၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော MITSUBISHI FUSO အမျိုးအစား မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၂၅ ရက်၌စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားမဝင်ကျွန်းမှန်လည်ပြတင်းချပ်များ ၄ ဒသမ ၅၂၁၉ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၈၄၄၅၄ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သာယာဝတီခရိုင် သာယာဝတီမြို့နယ် ဝွေးချောင်းလမ်းဆုံ၌ တရားမဝင်မအူသစ်ခွဲသား ၆ ဒသမ ၉၄၃၈ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၆၀၆၆ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ နိုဝင်ဘာ၂၂ရက်မှ ၂၅ ရက်ထိ ဖမ်းဆီးရမိမှုစုစုပေါင်းအမှုတွဲ ခြောက်မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၉၉၆၃၆ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ငွေကျပ် ၂၈ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ



**နေပြည်တော် နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ငွေကျပ် ၂၈ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီခွဲတွင် တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်ရှိ မအိရှဲန်ကျွဲ၏ နေအိမ်ကို သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ် ၂၈ ဘီလီယံကျော် တန်ဖိုးရှိ Ecstasy ဆေးပြား ၆၁၆၀၀၀၊ စိတ်ပြောင်းဆေးဝါးများရောစပ်ထားသော အမှုန့် (Happy Water) ၁၁၃ ဒသမ ၀၄ ကီလို၊ Erimin-5 ဆေးပြား ၃၅၀၀၀ နှင့် Honda မော်တော်ယာဉ်တစ်စီးတို့ကိုသိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ပြစ်မှုကျူးလွန်သူများနှင့် ဆက်စပ်ပါဝင်သူများ၏ ငွေကြေးပစ္စည်းများ၊ ပိုင်ဆိုင်မှုများကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေအရ ထပ်မံအရေးယူနိုင်ရေးနှင့် ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေး စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဖမ်းဆီးရမိသူကို မော်တော်ယာဉ်၊ စိတ်ပြောင်းဆေးဝါးများနှင့် တွေ့ရစဉ်။**

# စည်းကမ်းရှိခြင်းမှသည် ချိုမြိန်သောအနာဂတ်ဆီသို့

နခန့်ယဉ်(ရစ်ကန်ကြီး)

"စည်းကမ်း"ဟူသည် လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်ဟုအဓိပ္ပာယ်ရသည်။ လူသားတို့သည် စိတ်ဆန္ဒထူးထွေများပြားသည်။ စိတ်ဆန္ဒအလျောက် ပြုမူနေထိုင်လျှင် ကောင်းကျိုးရှိသလို ဆိုးကျိုးလည်း ရှိနိုင်ပေသည်။ ထိုစိတ်ဆန္ဒတို့ကို စည်းကမ်းဟူသော ကန့်သတ်ချက်ဖြင့် ထိန်းချုပ်လိုက်သည့်အခါ ဆိုးကျိုးထက် ကောင်းကျိုးရှိသောအရာများကိုသာ ပိုမို ဆောင်ရွက်နိုင်ပေလိမ့်မည်။ စည်းကမ်းဟူသည် လူသားတို့အတွက် အထိန်းအကွပ်တစ်ခုပင်ဖြစ်သည်။ လူ့ဘောင်အဖွဲ့အစည်း၊ လူ့ပတ်ဝန်းကျင်တွင် စည်းကမ်းသည် အလွန်အရေးကြီးသည်။ လူသားတို့၏ စားသောက်နေထိုင်ရေး အသက်မွေးဝမ်းကျောင်း လုပ်ငန်းဟူသမျှတို့တွင် သတ်မှတ်ထားသောစည်းကမ်း မရှိလျှင် ထင်တိုင်းကြဲ၍ ပရမ်းပတာဖြစ်နေပေလိမ့်မည်။ ထို့ကြောင့်ပင် ကျောင်းစည်းကမ်း၊ ရုံးစည်းကမ်း၊ လမ်းစည်းကမ်း စသည်မှသည် မိသားစုအတွက်ပင် လျှင် ကိုယ်ပိုင်အိမ်စည်းကမ်းဟူ၍ သတ်မှတ်ထားခြင်းဖြစ်သည်။

စည်းကမ်းမရှိလျှင် "အကွပ်မဲ့ကြမ်းပရမ်းပတာ" ဆိုသကဲ့သို့ ဖရိုဖရဲဖြစ်တတ်သည်။ မည်သည့်အဆောက်အအုံတွင်ဖြစ်စေ ကြမ်းခင်းသည့်အခါ ကြမ်းခင်းများကို ဖရိုဖရဲမဖြစ်စေရန်အတွက် အကွပ်ပြုလုပ်ရသည်။ ဝါးကြမ်းခင်းဖြစ်လျှင် ကြမ်းခင်းကို ကြေးနန်းနှင့် ဝါးခြမ်းပြားကိုအသုံးပြု၍ ကွပ်ကြရသည်။ သစ်သားကြမ်းခင်းဖြစ်လျှင် ပျဉ်များစေ့အောင်ပြုလုပ်ပြီး သံဖြင့်ရိုက်ရသည်။ အင်္ဂတေကြမ်းခင်းဖြစ်လျှင် ညီညာခိုင်ခံ့၍ ဘောင်စနစ်တကျဖြစ်ရန် သစ်သားပြား၊ စတီးပြားတို့ဖြင့် ဘောင်ရိုက်၍ ခင်းကြရသည်။ သို့မှသာ ညီညာခိုင်ခံ့၍ ဦးနင်းပဲ့ထောင်၊ ပဲ့နင်းဦးထောင် အက်ကွဲခြင်းမရှိဘဲ သေသပ်လှပပေလိမ့်မည်။ ထိုနည်းတူစွာပင် လူသားတို့၏ဘဝတွင်လည်း စည်းကမ်းရှိခြင်းသည် လူ့ဘဝတိုးတက်ရေးအတွက် သေသပ်လှပသောဒေါက်တိုင်ဖြစ်သည့်အပြင် အသက်အိုးအိမ်စည်းစိမ်ကိုလည်း ကြိုတင်ကာကွယ်ရာ ရောက်ပေသည်။

**စည်းကမ်းရှိလျှင် ဘေးကင်းမည်**

စည်းကမ်းရှိလျှင် ဘေးဘယာကင်းဝေးမှုအကျိုးကို ခံစားရပေမည်။ ခရီးသွားသည့်အခါ လမ်းစည်းကမ်းကို လိုက်နာရမည်။ လမ်းလျှောက်သွားသည်ဖြစ်စေ၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ စက်ဘီးစသည်တို့ဖြင့်ဖြစ်စေ သွားလာခဲ့လျှင် သတ်မှတ်ထားသော လမ်းစည်းကမ်းကိုလိုက်နာရမည်။ လမ်းလျှောက်လျှင် သတ်မှတ်ထားသောလူသွားလမ်းမှသာလျှောက်ရမည်။ လမ်းဖြတ်ကူးလျှင် မီးပွိုင့်ရှိပါက မီးနီ၊ မီးစိမ်းကိုကြည့်၍ စည်းကမ်းတကျဖြတ်ကူးကြရမည်။ မော်တော်ဆိုင်ကယ်စီးလျှင် ဆိုင်ကယ်ဦးထုပ်ဆောင်းကြရမည်။ ကိုယ်ပိုင်ကားဖြင့်ခရီးသွားလျှင် ခါးပတ်ပတ်ကြရမည်။ မည်သည့်ယာဉ်ဖြစ်စေ မီးပွိုင့်ကိုဖြတ်သည့်အခါ မီးစိမ်းသည်ထိ အချိန်ကိုတိကျစွာစောင့်ဆိုင်းပြီးမှ ဖြတ်ကြရမည်။ အချိန်တိကျစွာ မစောင့်ဆိုင်းဘဲ စက္ကန့်ပိုင်းအတွင်း ဖြတ်သန်းခြင်းမျိုးသည် မတော်တဆမှုများကို ဖြစ်ပေါ်စေပြီး အသက်အန္တရာယ်ကိုလည်း ဖြစ်ပေါ်စေသည်။ ထို့ကြောင့် လမ်းစည်းကမ်းကို လိုက်နာပါ၊ ယာဉ်စည်းကမ်းကို လိုက်နာပါ၊ "စည်းကမ်းလိုက်နာဘေးကင်းကွာ"ဟူသော ဆောင်ပုဒ်များကို လူအများထင်သာမြင်သာရှိသည့်နေရာများတွင် စိုက်ထူထားခြင်းဖြစ်သည်။

မိမိအိမ်ခြံဝင်းနှင့် မိမိပတ်ဝန်းကျင်တွင်လည်း စည်းကမ်းရှိလျှင် ဘေးကင်းပေလိမ့်မည်။ မိမိအိမ်၌ လျှပ်စစ်မီးသုံးရာတွင် စည်းကမ်းတကျအသုံးပြုရမည်။ အိမ်ခြံဝင်းအတွင်း အမှိုက်များကို စနစ်တကျစည်းကမ်းရှိစွာသိမ်းဆည်းရမည်။ သို့မှသာ မီးဘေးအန္တရာယ်ကင်းမည်။ စွန့်ပစ်ပစ္စည်းများကို စည်းကမ်းရှိစွာစွန့်ပစ်မှသာလျှင် ရောဂါလည်းကင်းပေလိမ့်မည်။ မိမိ၏ အိမ်နီးနားချင်းများနှင့်လည်း စည်းကမ်းရှိစွာနေထိုင်မှသာလျှင် ချစ်ကြည်ရင်းနှီးမှုခိုင်မာမည်ဖြစ်သည်။ စည်းကမ်းရှိစွာကျင့်ကြံနေထိုင်ခြင်းသည် မိမိအပါအဝင် မိသားစုသာမက ပတ်ဝန်းကျင်တွင်လည်း အေးချမ်းသာယာ၍ ကျန်းမာပျော်ရွှင်မှုကို ရရှိမည်မှာ မလွဲကေန်ပင်ဖြစ်သည်။

❖ လူတစ်ဦးတစ်ယောက်၏အောင်မြင်ခြင်း၊ ကြီးပွားတိုးတက်ခြင်းတို့ကို လေ့လာကြည့်လျှင် စည်းကမ်းရှိမှုမှာ အရေးပါသည်။ စာမေးပွဲတစ်ခုကို ဖြေဆိုသောသူ၊ ပြိုင်ပွဲတစ်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်သောသူတို့တွင် ကြိုးစားကြမှုတို့နှင့်အတူ စည်းကမ်းပြည့်ဝမှသာလျှင် အောင်မြင်ခြင်းကို ရသည်မဟုတ်ပါလား။ စည်းကမ်းသည် လူ့ဘဝ၏ညွှန်ကိန်းတစ်ခုလည်း ဖြစ်ပေသည်။ ကြီးပွားတိုးတက်သောပုဂ္ဂိုလ်များကို လေ့လာကြည့်လျှင်လည်း ထိုသူတို့၏ပြောဆိုနေထိုင်မှု၊ လုပ်ငန်းဆောင်ရွက်မှုတို့သည် ကိုယ်ပိုင်စည်းကမ်းချက်များနှင့် ထိန်းသိမ်းထားကြသည်ကို တွေ့မြင်ကြရသည်။ ထို့ကြောင့်ပင် "စည်းကမ်းရှိမှတိုးတက်မည်"ဟူသောဆိုစကားကို ယခုထက်ထိတိုင် လက်ကိုင်ပြုကြရခြင်းဖြစ်သည်။ ❖

**စည်းကမ်းရှိလျှင် အောင်မြင်မည်**

လူသားတိုင်းသည် မိမိ၏အသက်မွေးဝမ်းကျောင်းအတွက် အလုပ်လုပ်ကြရသည်။ ကာယလုပ်သားများရှိသကဲ့သို့ ဉာဏလုပ်သားများလည်းရှိသည်။ ကာယလုပ်သားများသည် လုပ်ငန်းခွင်တွင်စည်းကမ်းရှိကြရမည်။ လုပ်ငန်းခွင်မှချမှတ်ထားသောစည်းကမ်းများကို လိုက်နာလုပ်ဆောင်ကြရမည်ဖြစ်သည်။ သို့မှသာ လုပ်ငန်းအတွက်လည်း အကျိုးရှိ၊ မိမိအတွက်လည်း အကျိုးရှိစေမည်ဖြစ်သည်။ ကိုယ်ပိုင်လုပ်ငန်းဖြစ်စေ၊ တစ်ပါးသူ၏လုပ်ငန်းဖြစ်စေ စည်းစနစ်ကျစွာလုပ်ကိုင်မှသာ ရေရှည်တည်တံ့အောင်မြင်ပေလိမ့်မည်။ မည်သည့်အလုပ်မဆို ဆောလျင်စွာအောင်မြင်ရန် ကြိုးစားသည်ထက် စည်းကမ်းအပြည့်အဝဖြင့် တစ်စတစ်စ ပိုမိုအောင်မြင်လာခြင်းသည်သာလျှင် အချိန်ကြာမြင့်စွာ ရပ်တည်နိုင်မည်ဖြစ်ကြောင်းကို နားလည်သဘောပေါက်ကြရမည်ဖြစ်သည်။

ဉာဏလုပ်သားများဟူသည် ပညာဖြင့်အသက်မွေးဝမ်းကျောင်းပြုသူများဖြစ်သည်။ ဉာဏလုပ်သားများသည် အစိုးရရုံးဌာနများ၊ ကုမ္ပဏီများ၊ အရောင်းဆိုင်များတွင် ပိုမိုများပြားစွာလုပ်ကိုင်သည်ကို တွေ့ကြရသည်။ မိမိတာဝန်ယူသောအခန်းကဏ္ဍတွင် စည်းကမ်းကျနစွာ တာဝန်ထမ်းဆောင်ရန်လိုအပ်သည်။ စည်းကမ်းရှိလျှင် အချိန်ကိုလည်း လေးစားမည်။ ရုံးဌာနတို့၏ စည်းကမ်းကိုလည်း လိုက်နာလျှင် ရုံးနှင့် ပတ်သက်သောလုပ်ငန်းပိုင်းဆိုင်ရာတွင် အဆင်ပြေချောမွေ့ပေလိမ့်မည်။ ထိုနည်းတူစွာပင် ကုမ္ပဏီများ၊ အရောင်းဆိုင်များတွင် တာဝန်ထမ်းဆောင်သော ဉာဏလုပ်သားများသည် စာရင်းအင်းကို စည်းကမ်းကျနစွာ ပြုစုကြရမည်။ စည်းကမ်းရှိမှသာ အလုပ်အပေါ်လည်း လေးစားမှုရှိသကဲ့သို့ အလုပ်ရှင်၊ အလုပ်သမားနှင့် ဈေးဝယ်သူတို့ကြား အဆင်ပြေချောမွေ့မှုရှိပြီး လုပ်ငန်းအောင်မြင်ပေလိမ့်မည်။ လုပ်ငန်းအောင်မြင်လျှင် ဉာဏလုပ်သားတို့၏ အခြေအနေသည်လည်း အောင်မြင်တိုးတက်ပေလိမ့်မည်။

ထို့အတူ ကျောင်းသားလူငယ်တို့သည်လည်း ပညာသင်ကြားရာ၌ ကျောင်းစည်းကမ်းကို လိုက်နာကြရမည်ဖြစ်သည်။ မိမိတို့ လေ့လာသင်ယူနေသော သင်ခန်းစာများကို အာရုံစိုက်၍ လေ့လာမှတ်သားကြရမည်။ စာအုပ်ထဲစာရှိလျှင်ပြီးတာပဲဟူသော စိတ်ဖြင့် မှတ်သားလျှင် မိမိလိုအပ်သောအခါ ရှာဖွေရသည့်အချိန်ပိုကုန်ပေလိမ့်မည်။ အချိန်ဟူသည်ကား အစားထိုး၍မရနိုင်သောကြောင့် မည်သည့်အရာကိုမဆို စည်းကမ်းရှိစွာဆောင်ရွက်မှသာလျှင် အောင်မြင်မှုပန်းတိုင်ကို ရရှိပေလိမ့်မည်။ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"ဆိုသကဲ့သို့ မိမိပညာသင်သည့် အရွယ်ကတည်းက ကျောင်းစည်းကမ်းကို လိုက်နာကျင့်သုံးကြရပေမည်။ ကျောင်းတော်ကြီးမှ ရရှိလာသော စည်းကမ်း၊ ပညာတို့သည် မိမိတို့၏ အနာဂတ်လမ်းတွင် အောင်မြင်ခြင်းကို မလွဲမသွေရရှိမည်ဖြစ်သည်။

**စည်းကမ်းရှိမှ ချမ်းသာမည်**

ချမ်းသာခြင်းတွင် စိတ်၏ချမ်းသာခြင်းနှင့်ငွေကြေးချမ်းသာခြင်းဟူ၍ နှစ်မျိုးရှိသည်။ စိတ်၏ချမ်းသာခြင်းသည် စည်းကမ်းရှိမှုအပေါ်တွင် များစွာမူတည်သည်။ မိမိ၏ နေထိုင်စားသောက်မှုတို့စည်းကမ်းတကျရှိမည်ဆိုလျှင် ကျန်းမာရေးကောင်းမွန်ပေလိမ့်မည်။ "ကျန်းမာခြင်းသည်လာဘ်တစ်ပါး"ဟု ဆိုထားသည်။ ကျန်းမာလျှင် အလုပ်လုပ်နိုင်မည်။ စိတ်ချမ်းသာမှုလည်းရှိမည်။ ရောဂါဘယကင်းစင်ခြင်းသည် လူသားတို့အတွက် သောကအပူတစ်ဝက်မက ငြိမ်းအေးပေသည်။ ထို့ကြောင့် နေထိုင်မှု၊ စားသောက်မှုတို့တွင် စည်းကမ်းတစ်ခုသတ်မှတ်၍ ကျင့်ကြံဆောင်ရွက်ပါက စိတ်ချမ်းသာမည်မှာ မလွဲကေန်ဖြစ်သည်။

လူသားတို့သည် အသွေးအသားနှင့်ဖြစ်တည်ထားသောခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားကြသည်။ ထိုခန္ဓာကိုယ်အား ထိန်းသိမ်းမှု၊ အစာအာဟာရဖြည့်တင်းမှု၊ အလှအပအဆင်တန်ဆာခြယ်သမှု စသောအရာများကို နေ့စဉ်ပြုမူကြရသည်။ မလိုအပ်ဘဲခန္ဓာကိုယ်ထိန်းသိမ်းမှုအတွက် ခေတ်မီနည်းပညာဖြင့် ထိန်းသိမ်းခြင်း၊ တန်ဖိုးများစွာပေး၍ ပြုပြင်ခြင်းတို့သည် ငွေကြေးအကုန်အကျများရုံသာမက အသက်အန္တရာယ်ကိုလည်း ဖြစ်စေသည်။ ထို့ကြောင့် ငွေကြေးကိုမလိုအပ်သောနေရာ၌ သုံးစွဲခြင်းမပြုဘဲ တကယ်လိုအပ်သည့်နေရာ၌သာ စည်းကမ်းတကျသုံးစွဲပြီး ချွေတာစုဆောင်းပါက ချမ်းသာလာနိုင်သည်။ အစာအာဟာရဖြည့်တင်းမှုတွင် ကိုယ်တိုင်ချက်ပြုတ်စားသောက်ခြင်းမပြုဘဲ အဆင့်မြင့်စားသောက်ဆိုင်များသို့ သွားရောက်စားသုံးခြင်း၊ အသင့်စားအစားအစာများကို အလွယ်တကူဝယ်ယူစားသုံးခြင်းကဲ့သို့သော ငွေကြေးသုံးစွဲခြင်းမျိုးရှိလျှင် ငွေကြေးစုဆောင်းခြင်းမျိုးမဟုတ်သောကြောင့် ငွေကြေးလည်း မချမ်းသာသလို စိတ်လည်းချမ်းသာမည်မဟုတ်ပေ။ နေထိုင်စားသောက်မှုပုံစံများတွင် စည်းကမ်းရှိပါက မိသားစုလည်းစိတ်ချမ်းသာမည်၊ ငွေကြေးလည်းသင့်တင့်လျောက်ပတ်စွာ ပြည့်စုံပေလိမ့်မည်။ ထို့ကြောင့် အရာရာတိုင်းတွင် စည်းကမ်းရှိပါမှ ချမ်းသာမည်ဟုဆိုရခြင်းဖြစ်သည်။

**စည်းကမ်းသည် လူ၏တန်ဖိုး**

လူသားဟုဖြစ်တည်လာကတည်းက တစ်ဦးတစ်ယောက်တည်းခွဲထွက်နေထိုင်၍ရသည်မဟုတ်ပေ။ လူသားအချင်းချင်းပေါင်းသင်းဆက်ဆံရေးရှိကြရသည်။ ထိုသို့ပေါင်းသင်းဆက်ဆံရာတွင် စည်းကမ်းရှိကြရမည်။ ကန့်သတ်ချက်ဘောင်ကိုကျော်လွန်ခြင်းသည် စည်းကမ်းဖောက်ခြင်းပင်ဖြစ်သည်။ "စည်းကမ်း"ဟူသော ကန့်သတ်ချက်ကိုတန်ဖိုးထားကြမှသာ အေးချမ်းခြင်းရှိပေလိမ့်မည်။ နေရာဒေသ၊ အချိန်အခါနှင့်အညီ အရာရာတိုင်းအတွက် အကောင်းဆုံးဖြစ်ရန် စည်းကမ်းသတ်မှတ်ချက်များရှိပေမည်။ ထိုစည်းကမ်းသတ်မှတ်ချက်များကို လူသားတိုင်းအတိအကျလိုက်နာလျှင် ပဋိပက္ခဟူသောဖြစ်စဉ်များလည်း ကင်းစင်ပေလိမ့်မည်။

လူတစ်ဦးတစ်ယောက်၏အောင်မြင်ခြင်း၊ ကြီးပွားတိုးတက်ခြင်းတို့ကို လေ့လာကြည့်လျှင် စည်းကမ်းရှိမှုမှာ အရေးပါသည်။ စာမေးပွဲတစ်ခုကိုဖြေဆိုသောသူ၊ ပြိုင်ပွဲတစ်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်သောသူတို့တွင် ကြိုးစားကြမှုတို့နှင့်အတူ စည်းကမ်းပြည့်ဝမှသာလျှင် အောင်မြင်ခြင်းကိုရသည်မဟုတ်ပါလား။ စည်းကမ်းသည် လူ့ဘဝ၏ညွှန်းကိန်းတစ်ခုလည်းဖြစ်ပေသည်။ ကြီးပွားတိုးတက်သောပုဂ္ဂိုလ်များကို လေ့လာကြည့်လျှင်လည်း ထိုသူတို့၏ပြောဆိုနေထိုင်မှု၊ လုပ်ငန်းဆောင်ရွက်မှုတို့သည် ကိုယ်ပိုင်စည်းကမ်းချက်များနှင့် ထိန်းသိမ်းထားကြသည်ကို တွေ့မြင်ကြရသည်။ ထို့ကြောင့်ပင် "စည်းကမ်းရှိမှတိုးတက်မည်"ဟူသော ဆိုစကားကို ယခုထက်ထိတိုင် လက်ကိုင်ပြုကြရခြင်းဖြစ်သည်။

လူတစ်ဦး၏ အရည်အသွေးကိုသိလိုလျှင် ထိုသူ၏ စည်းကမ်းရှိမှုကို ဦးစွာလေ့လာကြရမည်ဖြစ်သည်။ စေ့စပ်သေချာခြင်းသည် စည်းကမ်းရှိခြင်း၏အခြေခံသဘောတရားပင်ဖြစ်သည်။ စည်းကမ်းရှိမှသာလျှင် လူ့ဘဝသက်တမ်းတစ်လျှောက်၌ အရွယ်သုံးပါးလုံးတွင် ချမ်းသာခြင်းအစစ်အမှန်ကိုရရှိမည်ဖြစ်သည်။ လူ့ဘဝသက်တမ်းတစ်လျှောက် လူသားတို့၏ အနိမ့်အမြင့် အခြေအနေသဘောတရားသည် စည်းကမ်းရှိမှုအပေါ်တွင် မူတည်ပြောင်းလဲနေပေသည်။ ထို့ကြောင့်ပင် "စည်းကမ်းသည် လူ့တန်ဖိုး"ဟူ၍ သတ်မှတ်ထားခြင်းဖြစ်ပေသည်။ "ခါးသီးသောစည်းကမ်းသည် ချိုမြိန်သောအနာဂတ်ကိုဖြစ်စေသည်"ကို စိတ်နှလုံးသွင်း၍ လူသားတိုင်းစည်းကမ်းရှိစွာပြုမူနေထိုင်သွားကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

0w Kw d @

# လူယုံ

နန်းထိုက်အောင်



(၁)

တမာတောရွာ၏ ဘေးပတ်လည်၌ ညီညာပြန့်ပြူးသော လယ်ယာမြေများစွာရှိ၏။ ရွာ၏အရှေ့ဘက်ထန်းတောကိုဖြတ်ပြီးသွားသည်နှင့် လမ်းတစ်ဖက်တစ်ချက်၌ တမာပင်၊ မန်ကျည်းပင်၊ ထနောင်းပင်များ အစီအရီပေါက်ရောက်နေကြသည်။ ရွာထဲသို့ဝင်လိုက်သည်နှင့် တမာတောရွာဟုခေါ်စမှတ်ပြုလောက်အောင် တမာပင်များစွာ ပေါက်ရောက်ရှင်သန်နေကြသည်။ ရွာသူ၊ ရွာသားများသည် အချင်းချင်းကူညီရိုင်းပင်းကြပြီး ချစ်ချစ်ခင်ခင်နေကြသည်။ ထိုသူများထဲတွင် ဘဝတူ ဆင်းရဲသားများဖြစ်သော ကိုအောင်စိန်နှင့်ကိုဖိုးမောင်တို့ အချစ်ဆုံးသူငယ်ချင်းနှစ်ယောက်လည်း အပါအဝင်ဖြစ်သည်။ ကိုအောင်စိန်နှင့် ကိုဖိုးမောင်သည် ညအိပ်ချိန်မှလွဲ၍ ကျန်အချိန်များ၌ အမြဲတမ်းတွဲသွားတွဲလာများသော သူငယ်ချင်းများဖြစ်သည်။ သူငယ်ချင်းအချင်းချင်းရန်ဖြစ်စကားများတိုင်း စကားသွက်သော ကိုအောင်စိန်က အနေအေးသောကိုဖိုးမောင်ကို စ၍ ခေါ်ပြောဆက်ဆံရသည်။ တစ်ခါတလေ ကိုဖိုးမောင် နေမကောင်းသည့်အခါ အစိုးရိမ်လွန်ပြီး ရှေ့ဆုံးမှ ပျာပျာသလဲဖြစ်နေသူမှာ ကိုအောင်စိန်ဖြစ်သည်။ ရွာရှိ တောင်သူကြီးတို့၏ လယ်ယာမြေတို့၌ နှမ်းနုတ်၊ စပါးရိတ်၊ ပဲချ စသောအလုပ်များကို အခင်းပြတ်ယူ၍ သူငယ်ချင်းနှစ်ယောက် ညီညီညာညာတက်ညီလက်ညီ လုပ်ကိုင်ကြသည်။ သို့မှသာ နေ့စားသမားများထက် ပို၍ပိုက်ဆံရသည်။

မိမိတို့ရွာနှင့် ပတ်ဝန်းကျင်ရွာများ၏အလှူပွဲများတွင် အငြိမ့်ပွဲများငှားလေ့ရှိသဖြင့် သူတို့လို တောသူ၊ တောင်သားများအတွက် မည်သည့်အရာနှင့်မျှမလဲလှယ်နိုင်သောဆုလာဘ်ကြီးတစ်ခုပင်ဖြစ်သည်။ အငြိမ့်ပွဲသွားခါနီးတိုင်း ရေချိုးဖြီးလိမ်းပြီး သီချင်းတကြော်ကြော်ဆိုကာ ဓာတ်မီးတစ်လက်စီဖြင့် သူငယ်ချင်းနှစ်ယောက် အငြိမ့်ပွဲရှိရာသို့ ချီတက်ကြသည်။ ထိုသို့ ပျော်ပွဲရွှင်ပွဲများကိုသွားတိုင်း အမြဲတမ်းတက်ကြွနေသူမှာ ကိုအောင်စိန်ဖြစ်သည်။ ကိုအောင်စိန်သည် ရုပ်ရည်ခံ့ညားသူဖြစ်ပြီး ကိုဖိုးမောင်၏ရုပ်ရည်မှာ ရွက်ကြမ်းရေကျိုမျှသာဖြစ်သည်။ ကိုအောင်စိန်သည် ပျိုတိုင်းကြိုက်သည့်နှင်းဆီခိုင်ဖြစ်သည့်အလျောက် ရည်းစားများသူဖြစ်သည်။ ကိုဖိုးမောင်ကို စိတ်ဝင်စားသည့် အရိပ်အယောင်ပြမည့်သူမှာ ယနေ့ထိ ရှိမလာသေးပေ။ သို့သော် ကိုဖိုးမောင်တစ်ဖက်သတ်စိတ်ဝင်စားနေသော မိန်းကလေးတစ်ယောက်ရှိ၏။ ရွာမျက်နှာဖုံးသူဌေးဦးဘစီ၏သမီးမရွှေအိသည် နာမည်နှင့်လိုက်အောင်ပင် အသားအရေမှာ ရွှေလိုဝင်းနေပြီး မျက်နှာလေးက အမြဲပြုံးကာ စကားကို ချိုသာယဉ်ကျေးစွာပြောတတ်သော အမျိုးကောင်းသမီးဖြစ်သည်။ မရွှေအိကို ကိုဖိုးမောင်စိတ်ဝင်စားမိသည်မှာ မဆန်းပေ။ မရွှေအိကို ချွေးမတော်ချင်သူများက သီတင်းဝါလကျွတ်သည်နှင့် သူတို့သားများဖြင့်ထိမ်းမြားပေးရန် ဦးဘစီထံ မကြာခဏ လာရောက်တောင်းရမ်းကြသည်။ ဦးဘစီသည် အမိမဲ့သမီး၏ အိမ်ထောင်ရေးကို သမီးကိုယ်တိုင်စဉ်းစားဆုံးဖြတ်စေသည်။

(၂)

"ရွှေအိက တော်တော်လှလာတယ်ကွာ ဖိုးမောင်ရာ"

သူငယ်ချင်းကိုအောင်စိန်၏ စကားအသွားအလာကို နားထောင်လိုက်သည်နှင့် ကိုဖိုးမောင် နားလည်သဘောပေါက်မိ၏။ ကိုအောင်စိန်နှင့် ကိုဖိုးမောင်သည် ဘဝတူလူတန်းစားများဖြစ်ကြသော်လည်း စရိုက်ချင်းမတူကြပေ။ ကိုအောင်စိန်သည် ပြောရေးဆိုရာ၌ လိမ္မာပါးနပ်သောကြောင့် လူချစ်လူခင်ပေါများသည်။ ကိုဖိုးမောင်ကိုလည်း ရိုးဂုဏ်ကြောင့် ခင်မင်သူများကြသည်။

"ဟုတ်တယ် အောင်စိန်။ ရွှေအိက လှလဲလှတယ်၊ ယဉ်လဲယဉ်တယ်။ ရွှေအိကို ငါချစ်တယ်ကွာ အောင်စိန်ရာ"

"ဘာကွ ဖိုးမောင်။ မင်းနှယ်ကွာ ကိုယ့်ရုပ်ကိုယ်လဲ မှန်ထဲပြန်ကြည့်အုံး။ တူသလား၊ တန်သလားလို့။ ရွှေအိလေးက ငါနဲ့ရမှ နေနဲ့လ ရွှေနဲ့မြ ဖြစ်တော့မှာပေါ့ကွ ဖိုးမောင်ရ။ ဟား ဟား ဟား"

ကိုအောင်စိန်၏ အထေ့အငေါ့စကားများကြောင့် ကိုဖိုးမောင်၏ရင်ထဲ၌ မခံချိမခံသာဖြစ်ရ၏။ မရွှေအိ၏ အချစ်ကိုတောင်းခံရန် သူငယ်ချင်းနှစ်ယောက်အပြိုင်ပိုးပန်းကြသည်။ သူတို့နှစ်ယောက်အပြင် အခြားသူများကလည်း မရွှေအိ၏မေတ္တာကို တောင်းခံကြ၏။ သို့သော် ရိုးဂုဏ်ကိုမက်သော မရွှေအိသည် ရည်းစားများသော ကိုအောင်စိန်ကို မရွေးချယ်ဘဲ ကိုဖိုးမောင်၏အချစ်ကိုသာ လက်ခံလိုက်လေသည်။

(၃)

ကိုဖိုးမောင်နှင့်မရွှေအိတို့၏မင်္ဂလာပွဲကို ကျင်းပပြီးနောက် ဆင်းရဲသားဖိုးမောင်ဘဝမှ သူဌေးလေးကိုဖိုးမောင်ဘဝသို့ ရောက်သွားသော်လည်း ကိုဖိုးမောင်၏စိတ်ဓာတ်သည် ပြောင်းလဲမသွားဘဲ ပိုနေမြဲကျားနေမြဲသာဖြစ်သည်။ နံနက်မိုးလင်းသည်နှင့် တစ်ပြိုင်နက် နွားတစ်ရှဉ်းကို လှည်းတွင်တပ်ကာ လယ်ယာလုပ်ငန်းခွင်သို့ ကိုဖိုးမောင်ရောက်နှင့်ပြီ။ လယ်ထဲမှ စပါးများနှင့်ယာသီးနှံများကို အထွက်တိုးအောင် ကြိုးစားလုပ်ကိုင်သော ကိုဖိုးမောင်ကို ကြည့်ပြီး အပြုံးပန်းဝေဆာနေကြသူများမှာ ဦးဘစီနှင့် မရွှေအိတို့သားအဖပင်ဖြစ်၏။ ဦးဘစီသည် လယ်မြေယာမြေပေါများသည့်အတွက် သူ၏လယ်ယာကွက်များအားလုံးကို တစ်နေ့တစ်ခေါက်သွားပြီး စောင့်ရှောက်နိုင်ရန် ကိုဖိုးမောင်ကို စီးမြင်းတစ်ကောင်ဝယ်ပေး၏။ ကိုဖိုးမောင်လည်း သူရင်းငှားများကို နွားတစ်ရှဉ်းစီနှင့် ရှေ့ကသွားနှင့်စေပြီး လယ်ယာများကို ထွန်ယက်စေသည်။ သူသည် စီးမြင်းကိုစီး၍ အခြားယာကွက်များကို လှည့်ပတ်ကြည့်ပြီးမှ သူရင်းငှားများထွန်ယက်နေသည့် နေရာသို့ လာရောက်လေ့ရှိသည်။ ကိုဖိုးမောင်နှင့် မရွှေအိတို့တွင် သားသမီးသုံးယောက်ထွန်းကားသည်။

ကိုဖိုးမောင်၏မင်္ဂလာပွဲကိုပင်မနေဘဲ ရွာမှထွက်ခွာသွားသော ကိုအောင်စိန်သည် ထိုအချိန်မှ ရွာသို့ ပြန်ရောက်လာသည်။ ကိုအောင်စိန်တစ်ယောက်တည်း မဟုတ်ဘဲ အမျိုးသမီးတစ်ယောက်နှင့် ကလေးနှစ်ယောက်ပါ ပါလာသည်။ ကိုအောင်စိန်လည်း မိသားစုနှင့်ဖြစ်နေပြီ။ ငယ်စဉ်ကတည်းက ပေါင်းသင်းခဲ့သော အချစ်ဆုံးသူငယ်ချင်းဖြစ်သည့်အတွက် ကိုအောင်စိန်တို့မိသားစုကို ရွာတောင်ဘက်ယာကွက်ထဲတွင် သုံးပင်အိမ်တစ်လုံးဆောက်ပေးပြီး နေထိုင်စေသည်။ မိမိ၏ တောင်သူလုပ်ငန်းခွင်အတွက် လုပ်ကိုင်ကူညီရန် ကိုအောင်စိန်ကို နွားတစ်ရှဉ်း မွေးဖက်ပေးလိုက်သည်။ ထိုသို့ ကိုအောင်စိန်တို့မိသားစုအား ကူညီနေသည်ကို မရွှေအိက သဘောမကျပေ။

"ကိုဖိုးမောင် တော့်သူငယ်ချင်းက လက်ကြောကော တင်းပါ့မလား"

"ရွှေအိရယ် လူတစ်ဖက်သားကို အဲဒီလိုမပြောစမ်းပါနဲ့။ သူ့ခမျာ ဒုက္ခရောက်နေလို့ပါဟ"

ကိုအောင်စိန်သည် ကိုဖိုးမောင်ခိုင်းသမျှအလုပ်များကို ငြီးငြင်မှုမရှိဘဲ စေတနာထား၍ လုပ်ကိုင်ပေးသည်။ ကိုအောင်စိန်၏အမျိုးသမီးသည်လည်း အလုပ်သမားပြတ်သည်ဟူ၍မရှိသော ကိုဖိုးမောင်တို့အိမ်၌ မရွှေအိကို ကူညီချက်ပြုတ်ပေးရသည်။ ညနေစောင်းမှသာ ကိုအောင်စိန်တို့ဇနီးမောင်နှံသည် သူတို့အိမ်လေးသို့ပြန်၍ အနားယူကြရသည်။ နံနက်မိုးလင်းသည်နှင့် ကိုအောင်စိန်သည် ကိုဖိုးမောင်၏စီစဉ်ပေးမှုအောက်တွင် လုပ်ကိုင်ဆောင်ရွက်ရသည်။

"အောင်စိန်ရေ ရေဆုံလည်ကြီးထဲက စပါးတွေက ရွက်ဖျားတွေ နည်းနည်းခြောက်နေတယ်ကွ။ ပိုးဝင်နေတာလားမသိဘူး။ ပိုးသတ်ဆေးသွားဖျန်းလိုက်ပါအုံးကွ"

(၄)

ကိုအောင်စိန်ရောက်လာသည့် နောက်ပိုင်းတွင် ကိုဖိုးမောင်၏လယ်ယာမြေများမှသီးနှံတို့သည် သိသိသာသာအထွက်တိုးလာသည်။ ကိုဖိုးမောင်ကိုယ်တိုင် ယာထဲသို့လိုက်စရာမလိုအောင် ကိုအောင်စိန်သည် အားကိုးရသူဖြစ်သည်။ ကိုဖိုးမောင်မအားသည့်နေ့များတွင် ကိုအောင်စိန်ကိုယ်တိုင် မြို့သို့ သီးနှံများကို တက်ရောင်းလေ့ရှိသည်။ မရွှေအိသည် ကိုအောင်စိန်ကို အမြင်မကြည်လင်သောကြောင့် ကိုဖိုးမောင်အား တဖျစ်တောက်တောက်ပြောသည်။ သို့သော် ကိုအောင်စိန်သည် မရွှေအိထင်သလိုမဟုတ်ဘဲ သီးနှံကုန်ချိန်နှင့် ငွေပမာဏကို အတိအကျအပ်သည်။ အချိန်ကာလကြာလာသည်နှင့်အမျှ ကိုဖိုးမောင်နှင့် မရွှေအိတို့၏ အိမ်၌ ကိုအောင်စိန်တို့မိသားစုသည် မရှိလျှင်မဖြစ်သော လူယုံများဖြစ်လာကြသည်။ သီးနှံများအထွက်တိုး၍ ကြီးပွားချမ်းသာလာသည်နှင့်အမျှ အရွယ်ရောက်လာသော သားသမီးများကို ရှင်ပြုနားသပေးရန် ကိုဖိုးမောင်တို့ဇနီးမောင်နှံသည် ရွာဦးကျောင်းဆရာတော်ထံသွား၍ အလှူကြီးပေးမည့်ရက်ကို လျှောက်ထားကြသည်။ ဆရာတော်သတ်မှတ်ပေးသည့်ရက်တွင် အလှူကြီးပေးနိုင်ရန် စီစဉ်စရာရှိသည်များကို စီစဉ်သည်။ မနက်ဖြန် မန္တလေးသို့သွား၍ ဆိုင်းနှင့် ဘိသိက်ငှားပြီးအပြန်တွင် ကျောက်ပန်းတောင်းမှအငြိမ့်မင်းသမီးတစ်လက်ကိုပါ တစ်ခါတည်းငှားခဲ့ရန် အလှူရှင်ကိုဖိုးမောင်က ဆိုင်းဝါသနာအိုးကိုအောင်မောင်းကို သေသေချာချာမှာနေသည်။ အလှူတွင် ဒုံးခြောက်ကြော်ကျွေးမွေးရန် လိုအပ်သောဒုံးခြောက်များကို ဝယ်ရန် ကိုအောင်စိန်နှင့် ဖိုးသူကြီးဦးလှဒင်ကို တာဝန်ပေးလိုက်သည်။

"ဖိုးမောင်ရာ အလှူအတွက် တအားကြီးမလောစမ်းပါနဲ့"

"ဘယ့်နှယ်ပြောလိုက်တာလဲ အောင်စိန်ရာ။ လောရတာပေါ့ကွ။ မင်းတို့မြို့သွားပြီး နှစ်ရက်လောက်နေရင် ငါနဲ့ရွှေအိက သင်္ကန်းပရိက္ခရာတွေ သွားဝယ်ရအုံးမှာကွ"

(၅)

ကောင်းကင်ယံမှ ကြယ်မှုန်ကြယ်မွှားလေးတို့၏ အလင်းရောင်သည် လကွယ်ည၏အမှောင်ထုကို မဖြိုခွင်းနိုင်ပေ။ သန်းခေါင်ယံကြက်တွန်သံကြောင့် သစ်ပင်အသီးသီးမှာ အနားယူအိပ်စက်နေကြသော ငှက်ကလေးတို့ပင် လန့်နိုးသွားကြသည်။ မြောက်ပြန်လေတိုက်ခတ်မှုကြောင့် သစ်ရွက်တို့တွင် ခိုတွဲနေသော ငွေနှင်းစက်တို့သည် မြေပြင်၌ ကျဆင်းကြကုန်သည်။ ညတစ်ချက်တီးအချိန်၌ လူတစ်စုသည် တမာတောရွာထဲသို့ ခြေဖွဖွနင်းကာ လျှောက်လာကြ၏။

"ဖိုးမောင် ပိုက်ဆံတွေကို အဝတ်နှစ်ထပ်ထုပ်ပါကွ။ ကြိုးနဲ့ပါစည်းလိုက်ကွာ။ တို့က ဈေးသွားဝယ်ရမှာ။ ကိုကြီးလှဒင်ကော ငါပါ နှစ်ယောက်စလုံးခေါင်းကြီးရတယ်ဟ"

"အဲဒီလောက်ကြီး တွေးပူမနေပါနဲ့ အောင်စိန်ရာ။ အဆင်ပြေသွားမှာပါသူငယ်ချင်းရ"

ကိုဖိုးမောင်က အေးအေးဆေးဆေးဖြစ်နေသော်လည်း ကိုအောင်စိန်မှာ မနက်ဖြန်မြို့သွားရမည်ကို ခေါင်းခြောက်နေပုံရသည်။ ကိုဖိုးမောင်သည် အစိုးရိမ်လွန်နေသောသူငယ်ချင်း ကိုအောင်စိန်၏ ပခုံးကို လက်ဖြင့်ဆုပ်ကိုင်၍ အေးဆေးပါဟူသည့် အဓိပ္ပာယ်ပါသော အပြုံးဖြင့် နှစ်သိမ့်၏။

စာမျက်နှာ ၂၅သို့ ➤

# ရန်ကုန်တိုင်းဒေသကြီးရှိ ပြည်သူ့အငှားအိမ်ရာစီမံကိန်းတိုက်ခန်းများတွင် နေထိုင်သူများ လျှပ်စစ်မီးအခက်အခဲမဖြစ်စေရန် ယာယီဓာတ်အားလိုင်းများ သွယ်တန်းပေးမည်



**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီးရှိ ပြည်သူ့အငှားအိမ်ရာစီမံကိန်းတိုက်ခန်းများတွင် နေထိုင်သူများ ဓာတ်အားခွဲရုံများတည်ဆောက်နေစဉ်အတွင်း လျှပ်စစ်မီးအခက်အခဲမဖြစ်စေရန်အတွက် ယာယီဓာတ်အားလိုင်းများ သွယ်တန်း၍ လျှပ်စစ်မီးရရှိစေရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့အငှားအိမ်ရာစီမံကိန်းကြီးကြပ်ရေးအဖွဲ့၏သတင်းများအရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ ပြည်သူ့အငှားအိမ်ရာစီမံကိန်းကို နိုင်ငံတော်ဘဏ္ဍာငွေများဖြင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်တို့က တာဝန်ယူတည်ဆောက်နေကြောင်း၊ အဆိုပါပြည်သူ့အငှားအိမ်ရာစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် 11KV Overhead Line ၆ ဒသမ ၅ မိုင်သွယ်တန်းခြင်းလုပ်ငန်း၊ 11/0.4 KV, 315KVA, 200KVA Transformer ၄၇ လုံးတည်ဆောက်ခြင်းလုပ်ငန်းနှင့် တိုက်ခန်းများမီးရရှိရေးလုပ်ငန်း၊ 100W LED Lamp လမ်းမီးတိုင်များဆောင်ရွက်ခြင်းလုပ်ငန်းများအတွက် တင်ဒါခေါ်ယူဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(YESC)မှ Technical Specification စိစစ်ဆောင်ရွက်နေကြောင်း၊ ထို့အတူ 66/11 KV ဓာတ်အားလိုင်းနှင့်30 MVA ဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ တည်ဆောက်မည့်အချိန်ကာလကြာမြင့်မည်ဖြစ်သောကြောင့် ဓာတ်အားခွဲစက်ရုံများ တည်ဆောက်နေစဉ်ကာလအတွင်း ပြည်သူ့အငှားအိမ်ရာစီမံကိန်းတိုက်ခန်းများတွင် နေထိုင်သူများအတွက် လျှပ်စစ်မီးအခက်အခဲမဖြစ်စေရေးအတွက် ယာယီဓာတ်အားလိုင်းများ သွယ်တန်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၃၃၆)

---

➤ စာမျက်နှာ ၂၄မှအဆက်

"ကိုဖိုးမောင်တို့ သူငယ်ချင်းနှစ်ယောက်ညဥ့်နက်နေပြီ။ အိပ်ရေးပျက်နေကြအုံးမယ်"

"အိပ်တော့မှာပါ ရွှေအိရာ။ မနက်ဖြန် မန္တလေးသွားမဲ့လူတွေအတွက်ရယ်၊ မြို့ကို ဒုံးခြောက်သွားဝယ်မဲ့လူတွေအတွက်ရယ် ငွေသတ်သတ်စီထုပ်ပိုးနေတာဟ"

"ကဲ. . . သူငယ်ချင်းဖိုးမောင် ငါပြန်အုံးမယ်"

ကိုအောင်စိန်သည် မိမိအိမ်သို့ပြန်ရန် ကိုဖိုးမောင်အိမ်၏လှေကားပေါက်ဝအနားသို့အရောက်တွင် လူတစ်ယောက်က အားပါသောလက်သီးချက်ဖြင့် ကိုအောင်စိန်၏မျက်နှာကိုထိုးလိုက်ပြီး အင်္ကျီလည်ကုပ်ကို အားပါပါဆုပ်ကိုင်ကာ ကြမ်းပြင်အတိုင်းတရွတ်တိုက်ဆွဲကာ အိမ်ထဲသို့တစ်ဖွဲ့လုံးဝင်လာကြသည်။ ထိုအဖွဲ့ထဲမှလူတစ်ယောက်က ကိုဖိုးမောင်၏ပါးစပ်ကို လက်ဖြင့်အုပ်ထားကာ ခါးကို ဓားမြှောင်ဖြင့်ထောက်ထားပြီး-

"တစ်ယောက်မှမလှုပ်နဲ့၊ ငြိမ်ငြိမ်နေ။ ရှိတာအကုန်ထုတ်"

မရွှေအိတို့သားအမိလေးယောက်ပေါ်တွင်လည်း ဓားများဖြင့် အုပ်မိုးထားကြသည်။

"ရှင်တို့ဘယ်သူတွေလဲ။ ကျွန်မတို့အသက်တွေကို ချမ်းသာပေးပါရှင်"

"အေးလေ နင်တို့အသက်တွေချမ်းသာချင်ရင် ရှိတာအကုန်ပေးလေ"

"ကျွန်မတို့သားလေးတွေကို ရှင်ပြုချင်လို့ စုဆောင်းထားတာပါရှင်"

"တော်တော်အရစ်တက်တဲ့မိန်းမပဲ။ ငါခုတ်လိုက်ရ"

မရွှေအိသည် ကိုဖိုးမောင်ထုပ်ပိုးထားသော ငွေထုပ်များကို ဓားပြခေါင်းဆောင်အား ပေးလိုက်သည်။ ဓားပြများသည် မရွှေအိကိုယ်ပေါ်၌ဝတ်ထားသောဆွဲကြိုး၊ လက်ကောက်၊ လက်စွပ်၊ နားတောင်းတို့ကိုပါ ချွတ်ယူကြသည်။

"ကျွန်မတို့မှာ ရှိတာအကုန်ပါပဲရှင်"

"နင်တို့မှာရှိသေးတယ်၊ တို့ကိုလာမလိမ်နဲ့ သေသွားမယ်"

ပြောပြောဆိုဆိုနှင့် ဓားပြတစ်ယောက်က မရွှေအိ၏အငယ်ဆုံးသားလေးကို ခြေထောက်မှဆွဲကာ ဇောက်ထိုးချထားပြီး ကလေး၏လည်ပင်းပေါ်၌ ချွန်ထက်သောဓားဦးဖြင့် တေ့ထားလိုက်သည်။ ထိုအချိန်တွင် ကိုဖိုးမောင်သည် အတင်းရုန်း၍ သားလေးဆီသို့ ပြေးလာ၏။ ကိုဖိုးမောင်၏ကြိုးစားမှုသည် အချည်းနှီးသာ။ ဓားပြနှစ်ယောက်က ကိုဖိုးမောင်ကိုနောက်မှသိုင်း၍ ဖမ်းချုပ်ထားလိုက်သည်။ ကိုအောင်စိန်သည်လည်းပဲ ကိုဖိုးမောင်ကဲ့သို့ ဖမ်းချုပ်ထားခြင်းခံထားရသည့်အတွက် သူငယ်ချင်းမိသားစုအတွက် မည်သို့မျှအကူအညီမပေးနိုင်ချေ။

"ရွှေအိရယ် ရှိတာတွေ အကုန်ထုတ်ပေးလိုက်ပါဟာ။ ငါ့သားလေး သေသွားပါအုံးမယ်ဟ"

မရွှေအိသည် ကိုဖိုးမောင်ပြောသည့်အတိုင်း ရှိသမျှရွှေထည်ပစ္စည်းတို့ကို ဓားပြများအားပေးလိုက်သည်။ သူတို့လိုချင်တာကို ရသွားသော်လည်း ဓားပြများသည် ကိုဖိုးမောင်၏မျက်နှာအား အဝတ်ဖြင့်စည်း၍ လက်ပြန်ကြိုးတုပ်ကာ ဓားစာခံအဖြစ် ခေါ်သွားလေသည်။

"ဟိတ် ဒီမှာ။ နင့်ပါးစပ်က ဓားပြ ဓားပြလို့ အော်လိုက်တာနဲ့ နင့်ယောကျ်ားကို သတ်ပစ်လိုက်မယ်။ ကြားလား"

**(၆)**

သူရိန်နေမင်းသည် ကမ္ဘာမြေပြင်ပေါ်သို့ အလင်းရောင်ဖြန့်ကြက်၍ နေ့သစ်ကိုစတင်ချိန်တွင် ကိုဖိုးမောင်တို့အိမ် ဓားပြတိုက်ခံရသည့်သတင်းသည် အနီးအနားမှရွာများတွင်ပါ ဟိုးလေးတကျော်ဖြစ်သွားသည်။ ထွက်သမျှသီးနှံတို့ရောင်းရငွေများနှင့်ရွှေလေးဆယ်ကျပ်သားပါ ဓားပြတိုက်ခံရသည့်အတွက် အရုပ်ကြိုးပြတ်ဖြစ်နေကြသော ကိုဖိုးမောင်တို့ဇနီးမောင်နှံကို မည်သူကဖျောင်းဖျဖျောင်းဖျမရပေ။ ဆရာတော်ကိုယ်တိုင်အိမ်သို့ကြွလာပြီး ဆုံးမဩဝါဒပေးလိုက်မှ အဆင်ပြေသွားတော့သည်။

ကိုဖိုးမောင်တို့ဇနီးမောင်နှံသည် အဆင်ပြေသွားသော်လည်း ဒေါသုပုန်ထနေသူမှာ သူကြီး(ရွာလူကြီး)ဖြစ်သည်။ တမာတောရွာသမိုင်းတွင် အစဉ်အလာမရှိခဲ့သည့် ဓားပြတိုက်မှုသည် သူ့အုပ်ချုပ်စဉ်ကာလမှ ဖြစ်ရလေသလားဆိုပြီး အလွန်အမင်းစိတ်ဆိုးနေသည်။

"လာ ဖိုးမောင်။ ရဲစခန်းသွားတိုင်ရအောင်၊ မင်းသူငယ်ချင်းအောင်စိန်ကိုပါ အဖော်ခေါ်ခဲ့ကွာ။ တို့သုံးယောက်သွားကြရအောင်"

"အောင်စိန်ကိုတော့ မခေါ်တော့ပါနဲ့သူကြီးရယ်။ သူ့ခမျာ ညက ဓားပြတွေရဲ့လက်သီးချက်နဲ့ မျက်နှာကြီးကိုရောင်လို့"

"အေးလေ အဲဒါဆိုလဲ မင်းနဲ့ငါပဲ သွားကြရအောင်ပေါ့"

သူကြီးနှင့်ကိုဖိုးမောင်သည် မြို့ရဲစခန်းသို့ရောက်သောအခါ ညက ဖြစ်ပျက်ခဲ့သမျှကိစ္စအလုံးစုံကို တိုင်ချက်ဖွင့်ကြသည်။ စခန်းမှူးသည် ဓားပြတိုက်မှုကို မရရအောင်ဖော်ထုတ်မည်ဟု သူကြီးနှင့်ကိုဖိုးမောင်ကို ကတိပေး၏။ ကျေးရွာလုံခြုံရေးအတွက် တစ်ရွာလုံးကိုတိုင်ပင်ပြီး လှည့်ကင်းများထားရန် သူကြီးကို ညွှန်ကြားလိုက်၏။ ကိုဖိုးမောင်သည် သူ့ကိစ္စကို စိတ်ပါလက်ပါကူညီပေးသော သူကြီးအား စားသောက်ဆိုင်တစ်ဆိုင်တွင် ညှဉ့်ခံပါရစေဟုပြောလိုက်သည်။ ကိုဖိုးမောင်အရက်မသောက်တတ်မှန်းသိသောသူကြီးသည် ဆိုင်တွင်မထိုင်ဘဲ သူ့အတွက်သောက်စရာအရက်တစ်ပုလင်းနှင့် ကိုဖိုးမောင်အတွက် ခေါက်ဆွဲကြော်တစ်ပွဲကို ပါဆယ်ဝယ်ရန် ဆိုင်ဘက်သို့ တစ်ယောက်တည်းသွားလေသည်။ သူကြီးဆိုင်ထဲသို့ဝင်ဝင်ချင်း ချောင်ကျကျစားပွဲဝိုင်းဆီမှလူတစ်စု၏စကားပြောသံတချို့ကို ကြားလိုက်ရ၍ အပြင်တွင်ရပ်စောင့်နေသော ကိုဖိုးမောင်ကို လက်ယပ်ခေါ်လိုက်၏။ ကိုဖိုးမောင်သည် မှန်ထူနေသောအရက်နံ့တို့နှင့် ညှော်နံ့တို့ကိုဖြတ်သန်း၍ ဆိုင်ထဲသို့ဝင်ရောက်လာပြီး သူကြီးညွှန်ပြသော စားပွဲဝိုင်းမှလူတစ်စုကို လှမ်းကြည့်လိုက်ပြီး သူတို့ပြောစကားများကို သေချာနားစွင့်လိုက်၏။

"ရပါတယ် ငါ့တပည့်ရယ်။ တစ်သက်စာချမ်းသာဖို့အတွက် လက်သီးတစ်ချက်လေး ထိုးခံရတာလောက်တော့ အောင်စိန့်ဘဝမှာ စာမဖွဲ့လောက်ပါဘူးကွာ။ ဟား ဟား ဟား ဟား"

မီးရောင်မှိန်မှိန်အောက်တွင် လူကိုသဲသဲကွဲကွဲမမြင်ရသော်လည်း ထိုအသံရှင်ကို ဖိုးမောင် ကောင်းစွာသိလိုက်လေသည်။

---

## စစ်တမ်း

\- မမြင်သင့်ရာ
မြင်ပါများတော့
ယိုးမှားဖွယ်တွေ ကြုံပြန်လေရဲ့။

\- မကြားသင့်ရာ
ကြားပါများတော့
ခါးသီးဖွယ်တွေ ဆုံပြန်လေရဲ့။

\- မာန်မာနဖုံး ဟန်အပြုံးတွေ
မိတ်ဖွဲ့နေကြ ယစ်မူးသမျှတော့
အလှလွှင့်ပြယ်
မာယာခြယ်လှမ်း သစ္စာပန်းတွေ
နွမ်းခြောက်နေမှာ အသေချာ။

\- အမြင် အကြား
ရိုးသားမှုကင်း ဟန်ဆောင်ခြင်းတွေ
အခင်းမလှ အားပြိုင်ကြ၍
ဇောကြွနိုးထ ပစ္စက္ခဝယ်
သိလည်းမှိန် မတည်ငြိမ်နှင့်
ချိုမြိန်ခြင်းများ ဆိတ်သုဉ်းသွားရင်း
ခါးသီးမှုအောက် လမ်းကြောင်းပျောက်အုံ့။

\- မည်သို့ဖြစ်စေ
ကိုယ့်ခြေရာနောက် လမ်းမပျောက်အောင်
လမ်းကောက်ကိုဖြောင့် ဇောအမှောင့်ထဲ
ကြောင့်ကြမှုကင်း ရင့်ကျက်ခြင်းဖြင့်
အလင်းပွင့်သစ် ရှက်ဖွင့်လှစ်ချိန်
ကိုယ့်စစ်တမ်းကို ကိုယ်တိုင်ဖွေ
လမ်းထွင်မားမတ် လျှောက်နိုင်စေ။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**

---

# မိုးမိတ်မြို့နယ် မြစ်ဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးမိတ် နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစ်ဆုံကျေးရွာရှိ ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ချစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘရန်ဆိုင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုးနှုန်းကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ မြစ်ဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းပဉ္စမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်ရန် စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၂ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၅၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ယခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၂၅ ရက်ထိ ရန်ကုန်ဆိပ်ကမ်းများသို့ နိုင်ငံတကာသင်္ဘောလိုင်းများမှ ကုန်သေတ္တာတင်သင်္ဘော ၄၃ စီး ဝင်ရောက်



**ရန်ကုန် နိုဝင်ဘာ ၂၆**

ယခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၂၅ ရက်ထိ ရန်ကုန်ဆိပ်ကမ်းများသို့ နိုင်ငံတကာ သင်္ဘောလိုင်းများမှ ကုန်သေတ္တာတင်သင်္ဘော ၄၃ စီး ဝင်ရောက်ခဲ့ပြီး ကုန်တင်ကုန်ချ ဆိပ်ကမ်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလကုန်ထိ ကာလအတွင်း ရန်ကုန်ဆိပ်ကမ်းများသို့ နိုင်ငံတကာ သင်္ဘောလိုင်းများမှ ကုန်သေတ္တာတင်သင်္ဘော ၅၁၅ စီး ဝင်ရောက်ခဲ့ကာ ကုန်တင်ကုန်ချ ဆိပ်ကမ်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ယခုနိုဝင်ဘာလတွင် နိုင်ငံတကာ သင်္ဘောလိုင်း ၁၆ လိုင်းမှ ကုန်သေတ္တာတင်သင်္ဘော ၅၁ စီး ဝင်ရောက်ရန်ရှိရာ နိုဝင်ဘာ ၁ ရက်မှ ၂၅ ရက်ထိ ကုန်သေတ္တာတင်သင်္ဘော ၄၃ စီး ဝင်ရောက်ခဲ့ပြီးဖြစ်ကာ ကုန်သေတ္တာတင်သင်္ဘော ရှစ်စီး ထပ်မံဝင်ရောက်ရန် ရှိနေကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ လက်ထောက်အထွေထွေမန်နေဂျာ ဦးစိန်လွင်ဇော် ထံမှ သိရသည်။

"အခု နိုဝင်ဘာလအတွင်းမှာ မြန်မာနိုင်ငံကို ကုန်သေတ္တာတင်သင်္ဘော ၅၁ စီး ဝင်ရောက်ဖို့ရှိတဲ့အထဲမှာ နိုဝင်ဘာ ၁ ရက်ကနေ ၂၅ ရက်ထိ ကုန်သေတ္တာတင်သင်္ဘော ၄၃ စီး ဝင်ရောက်ပြီးဖြစ်ပါတယ်။ ပြည်တွင်းမှာ စက်မှုစားသောက်ကုန်၊ စိုက်ပျိုးရေးနဲ့ တည်ဆောက်ရေး လုပ်ငန်းတွေလည်ပတ်မှုမြင့်တက်လာတဲ့အတွက် ကွန်တိန်နာ သင်္ဘောတွေကတော့ စက်မှုကုန်ကြမ်းတွေ၊ စိုက်ပျိုးရေးသွင်းအားစုတွေ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းတွေကို အဓိကတင်ဆောင်လာပြီး လယ်ယာထွက်ကုန်၊ ရေထွက်ကုန်တွေနဲ့ CMP အထည်ချုပ်ကုန်ချောတွေကို ပြန်လည် တင်ဆောင်သွားမှာဖြစ်ပါတယ်"ဟု ဦးစိန်လွင်ဇော်က ပြောပြ၍ သိရသည်။ ASH

# မြေပုံမြို့နယ် ဖလောင်းကျကျေးရွာ၌ လက်တူးတွင်းတူးဖော်ခြင်းဆောင်ရွက်မှု စစ်ဆေး

**မြေပုံ နိုဝင်ဘာ ၂၆**

ရခိုင်ပြည်နယ် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဖလောင်းကျကျေးရွာအုပ်စု ဖလောင်းကျကျေးရွာ၌ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးဘစောနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာ ရေရရှိရေး ကော်မတီဝင်များနှင့်အတူ ဖလောင်းကျကျေးရွာ၌ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်နေသော မျိုးမြတ်ထည်ကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ ရှင်းလင်းတင်ပြမှုအပေါ် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘစောက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ကြီးကြပ်ဆောင်ရွက်သွားရန် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြေပုံမြို့နယ် ဖလောင်းကျကျေးရွာ၌ အကျယ် ရှစ်ပေ၊ အနက် ပေ ၂၀ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေ ကျပ် ၆ ဒသမ ၅ သန်းဖြင့် မျိုးမြတ်ထည်ကုမ္ပဏီက ဩဂုတ် ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ဖလောင်းကျကျေးရွာရှိ အိမ်ခြေ ၃၈၃ အိမ်၊ လူ ၁၆၉၂ ဦး နှင့် ကျွဲ နွားတိရစ္ဆာန်များအတွက် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘစောကပြောပြ၍ သိရသည်။

**ကိုသန်း**

# လှိုင်းဘွဲ့မြို့နယ် မဲလောင်းကြီးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**လှိုင်းဘွဲ့ နိုဝင်ဘာ ၂၆**

ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လှိုင်းဘွဲ့မြို့နယ် မဲလောင်းကြီးကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ယနေ့ နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်၊ ခရိုင်နှင့်မြို့နယ် တာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များ၊ သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ မဲလောင်းကြီးကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်း၊ အမြင့်တင်ရေစင် တည်ဆောက်ခြင်း၊ ရေစက်ရုံ တည်ဆောက်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ကြီးကြပ်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။



မဲလောင်းကြီးကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အမြင့်ပေ ၂၀ ရှိဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်းနှင့် ရေစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၁၆ ဒသမ ၈၉၇ သန်းဖြင့် တိမ်ယံမြင့်မိုရ်ကုမ္ပဏီက ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက မဲလောင်းကြီးကျေးရွာရှိ အိမ်ခြေ ၉၃ အိမ်၊ လူဦးရေ ၆၈၀ တို့အတွက် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိနိုင်မည်ဖြစ်ကြောင်း ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်ထံမှ သိရသည်။

**သူသူ**

# ဟုမ္မလင်းမြို့နယ် ချောင်းဆုံကျေးရွာတွင် ကျောက်ရောမြေခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဟုမ္မလင်း နိုဝင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် ချောင်းဆုံကျေးရွာတွင် ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟုမ္မလင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်ယုမေ၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟန်မင်းဆွေ၊ VDP စီမံကိန်း တာဝန်ခံတို့နှင့်အတူ ချောင်းဆုံကျေးရွာတွင် ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဟုမ္မလင်းမြို့နယ် ချောင်းဆုံကျေးရွာတွင် အလျားပေ ၂၇၀၀၊ အနံ ၁၈ ပေနှင့် အမြင့် ကိုးလက်မရှိ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၉ သိန်းတို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာ ပံ့ပိုးကူညီမှုဖြင့် ကျေးရွာလူထုကိုယ်တိုင် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟန်မင်းဆွေထံမှ သိရသည်။

**ချစ်ဦးကို**

# ယခုဘဏ္ဍာနှစ်အတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသများတွင် တံတားတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်

**နေပြည်တော် နိုဝင်ဘာ ၂၆**

ယခုဘဏ္ဍာနှစ်အတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသများတွင် တံတားတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၏ နိုဝင်ဘာ ၂၄ ရက် သတင်းများအရ သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၁)၊ တံတားအထူးအဖွဲ့ (၄) မန္တလေးမြို့နှင့် တည်ဆောက်ရေးအဖွဲ့ (၃)၊ တံတားအထူးအဖွဲ့ (၁၂) ညောင်ရွှေတို့က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေများဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသများတွင် တံတားများတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ တည်ဆောက်ပေးမည့် တံတားများအတွက် တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းများကို လုပ်ငန်းခွင်အရောက် ဝယ်ယူခြင်းနှင့် သယ်ယူပို့ဆောင်ပေးခြင်း လုပ်ငန်းများကို ပုဂ္ဂလိက လုပ်ငန်းရှင်များထံမှ အိတ်ဖွင့် တင်ဒါဖိတ်ခေါ်ဝယ်ယူဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ကြောင့် တင်ဒါအဆိုပြုလွှာများကို ဒုတိယညွှန်ကြားရေးမှူး (မြို့ပြရုံး)၊ တံတားအထူးအဖွဲ့(၄) နှင့် ဒုတိယညွှန်ကြားရေးမှူး(မြို့ပြရုံး)၊ တံတားအထူးအဖွဲ့ (၁၂) ညောင်ရွှေမြို့တွင် နိုဝင်ဘာ ၂၈ ရက်မှ စတင်ရောင်းချပေးသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၁ ရက်တွင် တင်ဒါပိတ်သိမ်းမည်ဖြစ်ရာ ဒီဇင်ဘာ ၁၃ ရက် နံနက် ၉ နာရီ မိနစ် ၃၀ တွင် ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြရုံး)ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် တင်ဒါဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အသေးစိတ် သိရှိလိုပါက တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့၊ ဖုန်း ၀၉-၅၄၁၅၈၁၄၊ ၀၉-၇၈၁၃၀၀၄၀၉ နှင့် တံတားအထူးအဖွဲ့(၁၂) ညောင်ရွှေမြို့ ဖုန်း ၀၈၁-၄၅၄၂၀၊၀၉-၄၀၀၄၄၈၇၆၉၊ ၀၉-၂၆၇၀၄၂၆၇၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

SKL

မီးဘေးရှောင် မလောင်ခင်တား

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## ကျန်းမာသန်စွမ်း၍ ဉာဏ်ထက်မြက်စေဖို့

“သားရေ. . . ပေါက်စီလုံး ဘာလုပ်နေလဲ။ သားရဲ့ မမပန်းပွင့်ရောက်နေတယ်။ ခြံထဲမှာ ခွေးကလေးမဲလုံးနဲ့ ကစားရင်းစောင့်နေမယ်တဲ့”

အခန်းပေါက်ဝက လှမ်းပြောလိုက်တဲ့ဖေဖေ့အသံကြောင့် ပေါက်စီလုံးတစ်ယောက် လက်ထဲကဖုန်းကို ခေါင်းအုံးအောက်ထိုးသွင်းလိုက်ပါတယ်။ ပြီးတော့ ဘေးမှာချထားတဲ့ ပုံပြင်စာအုပ်ကိုကောက်ယူပြီး ဖတ်ချင်ယောင်ဆောင်နေလိုက်ပါတယ်။ အခန်းထဲဝင်လာတဲ့ ဖေဖေက သူလုပ်တာကို သိများသိနေမလားလို့ တွေးကာ ရင်ထိတ်နေပါတယ်။ ဘိုးဘိုး၊ ဘွားဘွားနဲ့ မေမေတို့ကို ချစ်ကြောက်ရိုသေရတာထက် ဖေဖေ့ကို ပိုတဲ့အတွက် ပေါက်စီလုံးတစ်ယောက် မလုံမလဲဖြစ်နေပါတယ်။ ခုတင်ဘေးမှာ တောင်တစ်ဖက်၊ မြောက်တစ်ဖက် ချွတ်ထားတဲ့ပေါက်စီလုံးရဲ့ဖိနပ်ကို ဖေဖေက ပြန်စီပေးရင်း-

“သားရေ. . . ဖိနပ်ချွတ်ရင် ဘယ်လိုချွတ်ရမှာလဲ”

“ဟုတ်ကဲ့ဖေဖေ။ ခြေစုံရပ်ပြီးမှ ညီညီညာညာ ချွတ်ရမှာပါ။ သားနောက်ကို ဒီလိုမချွတ်တော့ပါဘူး”

“ကြည့်စမ်း စားပွဲပေါ်မှာလဲ စာအုပ်တွေရှုပ်ပွနေပါလား။ သားစာအုပ်တွေကို သားကိုယ်တိုင် ရိုရိုသေသေကိုင်ပြီး သပ်သပ်ရပ်ရပ်စီထားရမှာလေ”

“ဟုတ်ကဲ့ပါဖေဖေ”

စာအုပ်တွေကို စီကာထပ်နေရင်း ဖေဖေ့ကို မညာချင်တဲ့ပေါက်စီလုံးက ခေါင်းအုံးအောက်ထဲကဖုန်းကို နှိုက်ယူပြီး ဖေဖေ့ကိုပေးလိုက်ပါတယ်။

“ဖေဖေ။ သား မေမေ့ဖုန်းကို မေမေမသိအောင် ယူပြီးဂိမ်းဆော့နေတာပါ။ ဖေဖေ့ကို စာဖတ်နေတယ်လို့ ညာမိပါတယ်”

“ဖေဖေ့သားက လိမ္မာတဲ့ကလေးဆိုတာ ဖေဖေ သိပါတယ်။ အခု သားဂိမ်းဆော့ထားတော့ ညောင်းနေမှာပေါ့။ ဟုတ်လားသား”

“ဟုတ်ပါတယ်ဖေဖေ။ သားမျက်စိလဲ ညောင်းတယ်။ လက်တွေလဲ ညောင်းပြီး ခေါင်းမူးနေသလိုဖြစ်နေတယ်ဖေဖေ”

“ဒါဆိုရင်အတော်ပဲ။ ခြံထဲမှာ သားမမပန်းပွင့် စောင့်နေတယ်။ ဖေဖေနဲ့အတူသွားကြရအောင် လာသား”

အပြစ်ရှိတဲ့သူ့ကို ဖေဖေကမဆူလို့တော်ပါသေးတယ်။ ခြံထဲကပန်းပင်တွေကြားမှာ မမပန်းပွင့်က လိပ်ပြာလေးတွေနောက် ပြေးလိုက်နေပါတယ်။ မမရဲ့နောက်မှာ ပေါက်စီလုံးရဲ့ ခွေးကလေးမဲလုံးက တကောက်ကောက်လိုက်နေတာကြောင့် သူတို့ကို




ကြည့်ပြီး ပေါက်စီလုံးက ပျော်ရွှင်လာတာမို့ သူတို့ရှိရာကို ပြေးသွားလိုက်ပါတယ်။

“မောင်လေးရေ. . . လာဟေ့။ လိပ်ပြာလေးတွေ လှလိုက်တာ လာကြည့်ပါအုံး”

ရောင်စုံလိပ်ပြာလေးတွေနောက် လိုက်ကြည့်ရင်း ခွေးကလေးမဲလုံးနဲ့ကစားရင်း ပေါက်စီလုံးတို့မောင်နှမနှစ်ယောက် ရယ်မောပျော်ရွှင်နေကြပါတယ်။ သူတို့ကို ကြည့်နေတဲ့ဖေဖေက ပြုံးရွှင်နေပါတယ်။ ပေါက်စီလုံးက အမောဖြေရင်း ဖေဖေ့ဆီ ပြေးသွားလိုက်ပါတယ်။ မမပန်းပွင့်နဲ့ ခွေးကလေးမဲလုံးတို့ပါ နောက်ကလိုက်လာကြပါတယ်။

“သားရေ. . . အညောင်းပြေပြီလား။ ခေါင်းကော မူးသေးလား”

“မမူးတော့ဘူးဖေဖေ။ အညောင်းလဲ ပြေသွားပါပြီ”

“အခုလို ပြေးလွှားလှုပ်ရှားကစားလိုက်တော့ အညောင်းလဲပြေတယ်။ ပျော်စရာလဲကောင်းလို့ စိတ်လဲ လန်းဆန်းတယ်ကွသားရဲ”

“ဟုတ်ကဲ့ဖေဖေ။ ဂိမ်းဆော့တာကြာရင် လူက ညောင်းညာပြီး ပင်ပန်းနွမ်းနယ်လာမယ်။ မျက်စိလဲ အားနည်းလာမယ်။ ခေါင်းကလဲ မကြည်မလင်ဖြစ်လာမယ်။ လူကပင်ပန်းလာတော့ စိတ်လဲမလန်းဆန်းတော့ဘူးသားရဲ”

“ဟုတ်ကဲ့ဖေဖေ”

“စိတ်ကမလန်းဆန်းရင် ကျောင်းစာတွေကျက်လို့ မှတ်လို့မရနိုင်ဘူး။ ဒီတော့ သားဖြစ်ချင်တဲ့ပညာတတ်ကြီးလဲ ဖြစ်မလာနိုင်တော့ဘူးသားရဲ”

“ဟုတ်တယ်နော်ဖေဖေ။ သားဂိမ်းဆော့ပြီး စာကျက်ရင် ကျက်မရဘူး။ ခေါင်းကမူးပြီး လူက ညောင်းနေတာ။ အခု ဖေဖေပြောပြမှသိတော့တယ်”

“ဂိမ်းကို အကြာကြီးထိုင်ဆော့နေရင် ခန္ဓာကိုယ်က လှုပ်ရှားမှုနည်းပြီး မသန်စွမ်း မကျန်းမာတော့ဘူးကွ။ ဂိမ်းကိုအချိန်အကြာကြီး စွဲစွဲမြဲမြဲကစားရင် ဦးနှောက်ဖွံ့ဖြိုးမှု ရပ်တန့်သွားပြီး ဉာဏ်ရည်နိမ့်ကျသွားနိုင်တယ်ကွဲ့။ သားတို့ကလေးတွေဆိုတာ လှုပ်ရှားဆော့ကစားနေမှ ခန္ဓာကိုယ်သန်စွမ်းကျန်းမာပြီး ဉာဏ်ကောင်းလာမှာ သားရဲ။ ဒါမှ သားဖြစ်ချင်တဲ့ ပညာတတ်ကြီး ဖြစ်လာမှာ”

“ဟုတ်ကဲ့ပါဖေဖေ။ သားဖြစ်ချင်တဲ့ပညာတတ်ကြီး ဖြစ်အောင် သားကြိုးစားပါ့မယ်”

“ဒါဆို နောက်ကို သားဘာတွေလုပ်ရမယ်၊ ဘာတွေမလုပ်ရဘူးဆိုတာ သိပြီနော်”

“နောက်ကိုဖုန်းမကြည့်တော့ပါဘူး။ ဂိမ်းလဲမဆော့တော့ပါဘူး ဖေဖေ။ ကစားချိန်မှာကစားပြီး စာကျက်ချိန်ရောက်ရင် စာကျက်ပါမယ်ဖေဖေ”

“ကဲ. . . လိမ္မာတဲ့ဖေဖေ့သားကို ဖေဖေက အရုပ်တွေ အများကြီးဝယ်ပေးမယ်”

“ဟေး. . . ဒါမှတို့ဖေဖေ”

ခုန်ပေါက်မြူးထူးနေတဲ့ ပေါက်စီလုံးလေးကို ကြည့်ပြီး ဖေဖေနဲ့ မမပန်းပွင့်တို့က ရယ်မောနေပါတော့တယ်။

ကလေးတို့အားလုံးလဲ သန်စွမ်းကျန်းမာပြီး ဉာဏ်ထက်မြက်တဲ့ ကလေးတွေဖြစ်ကြစေဖို့ ကစားချိန်မှာ ခုန်ပေါက်ကစားပြီး စာကျက်ချိန်ရောက်ရင် စာကျက်ကြပြီး ဂိမ်းမဆော့တဲ့ လိမ္မာတဲ့ကလေးလေးတွေဖြစ်ကြပါစေကွယ်။

**ယဉ်မျိုးနွယ်(လိပ်ဆံခွန်)**

## ပန်းချီဆွဲကြစို့

- တကုပ်ကုပ် တကုပ်ကုပ်
  မောင်ထွေး ဘာတွေလုပ်။

- စာတစ်အုပ်နဲ့ စားပွဲမှာ
  ပန်းချီဆွဲနေတာ၊
  တောင်တန်းပြာ ဟိုအဝေး
  စမ်းချောင်းရေကြည်အေး။

- ကြက်တူရွေးက သစ်ပင်ပေါ်
  ဖားက မိုးကိုမျှော်၊
  ကန်သင်းပေါ်မှာ ပုစွန်လုံး
  ဗျိုင်းဖြူအလှဆုံး။ ။




**စော်မင်း(ပင်းကြိုင်း)**

## အာဟာရမျှအောင် စားကြမယ်

- ကျန်းမာရေးအတွက် အရေးပါ
  အာဟာရစုံစွာ၊
  မျှတကာပင် သေချာရွေး
  စားသောက်ကြမယ်လေး။

- ခွန်အားပေးတဲ့ ဖြည့်စွက်စာ
  လိုအပ်တာသေချာ၊
  ဗီတာမင်တွေ အစုံရဖို့
  ရွေးချယ်စားသောက်စို့။ ။

**သာလွန်(နတ်မောက်)**



# (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၃ ခုနှစ်၊ (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပြီး ကဗျာနှင့် ဝတ္ထုများအား မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းနှင့်တပ်မတော်စာစဉ်တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ။**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်း၊ ပြည်ပရန်ဟူသမျှကိုချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့်လက်ရှိခေတ်ကာလတွင်ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာတွင်ပါဒ ၃၀၀ မှ ၄၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့်မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များမစုံလင်ခြင်းနှင့် သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၁၀၀၀၀၀ | ကျပ် |

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတိုစာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၆၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်စာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# တောင်တွင်းကြီးမြို့နယ် ဆီမီးထွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေး

**တောင်တွင်းကြီး နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ကျေးရွာဖြစ်သည့်ဆီမီးထွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးလာစေရန် နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသောတောင်သူများလိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန် အတိုးနှုန်းသက်သာစွာဖြင့် ပံ့ပိုးပေးနိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များကို ရန်ပုံငွေများ စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ပထမအကြိမ်အဖြစ် တောင်တွင်းကြီးမြို့နယ် ဆီမီးထွန်းကျေးရွာရှိ ဆီထွက်သီးနှံနေကြာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ၃၃ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၁၀၀ ကို ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ထုတ်ချေးဆောင်ရွက်ပေးခဲ့ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးခုတ်မွန်းလျှန်က ပြောပြ၍ သိရသည်။



**သန်းလွင်(မကွေး)**

# ရန်ကုန်-တောင်ငူရထားလမ်းပိုင်းအဆင့်မြှင့်တင်ရေးစီမံကိန်းကို ၂၀၂၄ ခုနှစ် မေလတွင် အပြီးဆောင်ရွက်သွားနိုင်ရေး လျာထားဆောင်ရွက်နေ



**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်-တောင်ငူရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းကို ၂၀၂၄ ခုနှစ် မေလတွင် အပြီးဆောင်ရွက်သွားနိုင်ရေး လျာထားဆောင်ရွက်နေကြောင်း မြန်မာ့မီးရထား၏သတင်းများအရ သိရသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားသည် ရန်ကုန်-မန္တလေးလမ်းပိုင်းအဆင့်မြှင့်တင်ရေးစီမံကိန်းကို ရန်ကုန်-တောင်ငူလမ်းပိုင်းနှင့် တောင်ငူ-မန္တလေးလမ်းပိုင်းဟူ၍ အဆင့်နှစ်ဆင့်ခွဲဆောင်ရွက်နေပြီး စီမံကိန်းအပိုင်း(၁)ဖြစ်သည့် ရန်ကုန်-တောင်ငူ လမ်းပိုင်းရထားလမ်းအဆင့်မြှင့်တင်တည်ဆောက်ရေးလုပ်ငန်းကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရန်ကုန်-တောင်ငူကြား နှစ်လမ်းသွားလမ်းတွင် တစ်လမ်းတည်း၌သာ အစုန်၊ အဆန်ရထားများသွားလာစေသည့်စနစ်အသုံးပြု၍ ကျန်တစ်လမ်းကို ပိတ်ပြီး လမ်းအဆင့်မြှင့်ပြုပြင်နေကြောင်း၊ အဆိုပါရထားလမ်းပိုင်းတွင် ပဲခူး၊ ညောင်လေးပင်၊ ဖြူးဘူတာတို့ဖြစ်ပြီး ပဲခူးဘူတာနှင့် ညောင်လေးပင်ဘူတာတို့မှာ နှစ် ၁၀၀ ကျော်ဘူတာဖြစ်၍ ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်-တောင်ငူရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်းကို နိုင်ငံတော်ဘတ်ဂျက်ဖြင့် ကွန်ကရစ်ဇလီဖားထုတ်လုပ်ခြင်းလုပ်ငန်း၊ လမ်းခင်းကျောက်ဝယ်ယူစုဆောင်းခြင်းလုပ်ငန်း၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းနှင့် အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါရထားလမ်းပိုင်းအဆင့်မြှင့်တင်မှုလုပ်ငန်းစီမံကိန်းတွင် ဂျပန်နိုင်ငံ ODA ချေးငွေဖြင့် ရထားလမ်းအဆင့်မြှင့်တင်ခြင်းနှင့် အချက်ပြ ဆက်သွယ်ရေးစနစ် တပ်ဆင်ခြင်းလုပ်ငန်း၊ တံတားတည်ဆောက်ခြင်းလုပ်ငန်းနှင့် DEMU ခေတ်မီရထားတွဲသစ် ၂၄ တွဲဝယ်ယူခြင်းလုပ်ငန်းများ ပါဝင်ကြောင်း၊ ယခုအခါ ရန်ကုန်-တောင်ငူရထားလမ်းပိုင်းအဆင့်မြှင့်တင်ဆောင်ရွက်မှုလုပ်ငန်းစီမံကိန်းမှာ ၆၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သဖြင့် ၂၀၂၄ ခုနှစ် မေလတွင် အပြီး ဆောင်ရွက်သွားနိုင်ရေး လျာထားဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါ ရန်ကုန်-တောင်ငူရထားလမ်းပိုင်း အဆင့်မြှင့်တင်မှုလုပ်ငန်းစီမံကိန်း ဆောင်ရွက်ပြီးစီးပါက စီမံကိန်း၏ အဆင့်(၂)ဖြစ်သည့် တောင်ငူ-မန္တလေးလမ်းပိုင်း အဆင့်မြှင့်တင်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၃၃၆)

# ကျောက်မဲမြို့နယ် ကွဲကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မှု စစ်ဆေး

**ကျောက်မဲ နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကွဲကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်း၊ ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းချစ်၊ ကျောက်မဲမြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလွင်နှင့် တာဝန်ရှိသူများက ကွဲကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ဖြင့် ဆီထွက်သီးနှံဆောင်းနေကြာစိုက်ပျိုးထားရှိမှုနှင့် ငွေစာရင်းပုံစံများစနစ်တကျဖြည့်သွင်းထားခြင်းရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်းက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ ကွဲကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများလိုအပ်လျက်ရှိသည့် မျိုးစေ့နှင့်သွင်းအားစုများ ဝယ်ယူသုံးစွဲနိုင်စေရန် ပထမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေကျပ်သိန်း ၁၀၀ ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလွင်က ပြောပြ၍ သိရသည်။

**နီလာ**

**စာပေမြင့်မှ လူမျိုးတင့်မည်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၀၅ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၀ | ၂၀၅၀ | ၂၀၇၀ | ၂၀၅၅ | ၂၀၃၅ | ၂၁၃၀ | ၂၁၄၅ | ၂၀၄၀ | ၂၀၅၀ | ၂၀၈၅ | ၂၀၈၅ | ၂၀၉၀ | ၂၃၀၅ | ၂၉၂၀ |
| 95 Ron | ၂၁၁၀ | ၂၁၅၅ | ၂၁၅၅ | ၂၁၁၅ | ၂၁၅၅ | ၂၁၇၅ | ၂၁၆၀ | ၂၁၄၀ | ၂၂၃၅ | ၂၂၅၀ | ၂၁၄၅ | ၂၁၆၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၄၁၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၃၈၅ | ၂၄၃၀ | ၂၄၂၅ | ၂၃၉၀ | ၂၄၃၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၅ | ၂၅၃၀ | ၂၅၂၅ | ၂၄၂၀ | ၂၄၃၀ | ၂၄၆၅ | ၂၄၆၅ | ၂၄၆၅ | ၂၆၈၅ | ၃၆၄၀ |
| HSD (50 ppm) | ၂၄၆၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၆၅ | ၂၅၀၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၉၀ | ၂၆၀၅ | ၂၆၀၀ | ၂၄၉၅ | ၂၅၀၅ | ၂၅၄၀ | ၂၅၄၀ | ၂၅၄၅ | ၂၇၆၀ | ၃၆၆၅ |
| HSD (10 ppm) | ၂၄၆၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၆၅ | ၂၅၀၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၉၀ | ၂၆၀၅ | ၂၆၀၀ | ၂၄၉၅ | ၂၅၀၅ | ၂၅၄၀ | ၂၅၄၀ | ၂၅၄၅ | ၂၇၆၀ | ၃၆၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၀၅ | ၁၉၇၇ |
| 95 Ron | ၂၀၀၇ | ၂၀၈၁ |
| HSD (500 ppm) | ၂၂၇၃ | ၂၃၄၈ |
| HSD (50 ppm) | ၂၃၄၇ | ၂၄၂၃ |
| HSD (10 ppm) | ၂၃၄၇ | ၂၄၂၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၈၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# STARMART MANDALAY Wholesale

**အရည်အသွေးမြင့် စားသောက်ကုန်များ အပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။**





STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊မန္တလေးမြို့
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

## Myanmar Mobile Money(MMM) မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင်



Digital Mobile Money-DMM(App) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကိုထပ်မံရယူနိုင်ပါပြီ။

ပြည်တွင်း/ပြည်ပမှ ပြည်တွင်းငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊လျှပ်စစ်မီတာခများ ပေးဆောင်ခြင်း၊
မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊
e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊နစ်အတွင်း ကာလတိုချေးငွေလျှောက်ထားခြင်း၊ဒီဂျစ်တယ်လူမှုဘဝဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း ။

အငြိမ်းစား လစာ အပါအဝင်
ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို
ဘဏ်ကိုသွားရန်မလိုဘဲ
မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty များပေးဆောင်ရာတွင် MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

# ဝန်ထမ်းအလိုရှိသည်

**(၁) အရောင်းဝန်ထမ်း အမျိုးသမီး (၅) ဦး**

**(၂) စာရင်းကိုင် အမျိုးသမီး (၂) ဦး**

အမှတ်စဉ်(၁) ဘွဲ့ရပြီးဖြစ်ရမည်၊ အသက်(၂၅)နှစ်အောက် အိမ်ထောင်မရှိသူ ဖြစ်ရမည်၊ ပြုံးရွှင်ချိုသာမှုဖြင့် စိတ်သဘောထားပြည့်ဝစွာ ဆက်ဆံနိုင်သူ ဖြစ်ရမည်၊ အရောင်းမြှင့်တင်ရေးတွင် စိတ်ရှည် သွက်လက် ချက်ချာပြီး စိတ်ပါဝင်စားစွာ လုပ်ကိုင်နိုင်သူ ဖြစ်ရမည်၊ အကျင့်စာရိတ္တ အထူး ကောင်းမွန်ရမည်၊ မိမိတာဝန် မိမိကျေပွန်စွာ အပြည့်အဝ တာဝန်ယူနိုင်သူဖြစ်ရမည်၊ မိဘနှင့် စိတ်ချရသော ထောက်ခံမှုရှိသူကို ဦးစားပေးမည်၊ ရုပ်ရည်ချောမောပြေပြစ်ရမည်၊ အဆောင်နေထိုင်သူများ လျှောက်ထားရန်မလိုပါ။

အမှတ်စဉ်(၂) ဘွဲ့ရပြီး အသက်(၂၅)နှစ်အောက် အိမ်ထောင်မရှိသူ ဖြစ်ရမည်၊ LCCI LevelI, II & III အောင်မြင်ပြီးသူဖြစ်ရမည်၊ ပြုံးရွှင်ချိုသာစွာဆက်ဆံ၍ လူမှုဆက်ဆံရေး အထူးကောင်းရမည်၊ ရုပ်ရည် ချောမောပြေပြစ်ရမည်၊ အရောင်းဝယ်နှင့်ပတ်သက်၍ စိတ်ရှည်သွက်လက်ချက်ချာပြီး စိတ်ပါဝင်စားသူဖြစ်ရမည်၊ အကျင့်စာရိတ္တအထူးကောင်းမွန်ရမည်၊ မိဘနှင့်စိတ်ချရသော ထောက်ခံမှုရှိသူကို ဦးစားပေးမည်၊ ကွန်ပျူတာ ကျွမ်းကျင်သူကို ဦးစားပေးမည်၊အဆောင်နေထိုင်သူများ လျှောက်ထားရန်မလိုပါ။

မှတ်ချက်၊ လျှောက်ထားသူများသည် ကိုယ်တစ်ပိုင်းဓါတ်ပုံ၊ အိမ်ထောင်စုဦးရေစာရင်း၊ မှတ်ပုံတင်မိတ္တူ၊ လုပ်ငန်းအတွေ့အကြုံထောက်ခံစာ၊ ရဲစခန်းနှင့်ရပ်ကွက် ထောက်ခံစာ၊ မိဘနှင့်သက်ဆိုင်ရာ ထောက်ခံစာ၊ လျှောက်ထားလိုသော လုပ်ငန်းအတွက် လျှောက်လွှာတို့နှင့်အတူအလုပ်အားအမှန်တကယ်လုပ်ကိုင်လိုသူများလျှောက်ထားရန်၊ (၂၀.၁၂.၂၀၂၂) နေ့ နောက်ဆုံး ရုံးချိန်အတွင်း လာရောက်လျှောက်ထားရန်။

အမှတ် - 249၊ 26-B လမ်း၊ 82nd x 83rd လမ်းကြား၊ တော်ဝင် စိန်တိုက်၊ မန္တလေးမြို့။

# တဟုန်ဖန်

**စန်းဆီးလိုက်ကာ၊ လျှပ်စစ်၊ ရှင့်ဟိုင်ရေချိုးခန်းသုံးပစ္စည်း**

၁။ Marketing ကျား (၁၀)ဦး / မ (၄)ဦး
- (က) လိုင်စင်နှင့် ကိုယ်ပိုင်ဆိုင်ကယ်ရှိရမည်။
- လစာ အခြေခံ + %
- အသက် (၃၀)နှစ်အောက်

၂။ တရုတ်စကားပြန် မ (၁)ဦး
- တရုတ်စာ ရေး/ပြောကျွမ်းကျင်
- အသက်(၂၆)နှစ်အောက်
- လစာ အခြေခံ + %

လိပ်စာ- ၆၂လမ်း၊ ၁၁၀ × ၁၁၁
ဖုန်း - 09-402669618 , 09-783249663

**<u>တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်လှစ်ပို့ချမည်</u>**

| | |
|---|---|
| ရည်ရွယ်ချက် | ➡ ရာသီအလိုက် ပေါများစွာထွက်ရှိသော ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံများ ကို တန်ဖိုးမြှင့်စားသောက်ကုန်များအဖြစ် ကျန်းမာရေးနှင့် ညီညွတ်စွာ ထုတ်လုပ်တတ်စေရန် |
| သင်တန်းကာလ | ➡ ၁-၁၂-၂၀၂၂ မှ ၈-၁၂-၂၀၂၂ ရက်နေ့အထိ |
| သင်တန်းချိန် | ➡ နံနက် ၀၉:၀၀ နာရီမှ ၁၆:၃၀ နာရီထိ |
| ဖွင့်လှစ်မည့်နေရာ | ➡ ၈၂ လမ်း၊ ၂၅ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး |
| ပို့ချမည့် ဘာသာရပ်များ | ➡ ကိတ်မုန့်မျိုးစုံ၊ ပေါင်မုန့်မျိုးစုံ၊ စာကလေးခွေ၊ အာလူးကြော်၊ သစ်သီးဖျော်ရည်မျိုးစုံ၊ သစ်သီးယိုမျိုးစုံ ထုတ်လုပ်နည်းများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည် ဖြစ်ပါသည်။ |
| သင်တန်းကြေး | ➡ သင်တန်းကြေး (၁၀၀၀၀/-)နှင့် သင်တန်းကုန်ကျစရိတ်အား အချိုးကျ ကျခံရမည်။ ပတ်စ်ပို့ ဓာတ်ပုံ (၁)ပုံ ယူဆောင်လာပါရန်။ |
| အထောက်အကူပြု ဘာသာရပ်များ | ➡ ဈေးကွက်ဆိုင်ရာနည်းပညာများ၊ စားသုံးသူရေးရာဦးစီးဌာနမှ အစားအသောက်နှင့် ပတ်သက်သည့် သိရှိရမည့် အချက်အလက်များ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အစားအစာများ ဘေးအန္တရာယ် ကင်းရှင်းအောင် စနစ်တကျ ထုတ်လုပ်တတ်စေရန် နည်းလမ်းများ၊ |
| သင်တန်းပို့ချမည့်ဆရာများ | ➡ မန္တလေးတိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်များ ကိုယ်တိုင်ပို့ချပါမည်။ |

သင်တန်းပြီးဆုံးသည်နှင့် စီးပွားဖြစ် ထုတ်လုပ်ရောင်းချနိုင်သည်အထိ သင်ကြားပေးမည်ဖြစ်ပြီး ဌာနမှ လိုအပ်သော အကြံဉာဏ်များနှင့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပါမည်။

ဆက်သွယ်စာရင်းပေးရန်

မန္တလေးတိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊
၈၂လမ်း ၊ ၂၅လမ်းထောင့်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့
☎ ၀၂- ၄၀၃၉၆၀၉၊ ☎ ၀၉-၇၉၃၀၉၁၂၆၁၊ ၀၉-၉၅၇၄၈၅၉၀၄
★★★ သင်တန်းဆင်းလက်မှတ် ပေးအပ်ပါမည်။
သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။

**သစ်ပင် စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

**သစ်တော သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

ကျွန်တော်တို့အစိုးရအနေနဲ့ တိုင်းပြည်တာဝန်များကို ထမ်းဆောင်နေရချိန်မှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တာဝန်ထမ်းဆောင်နေခြင်းသာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊ ရပ်တည်နေခြင်းတို့ဟာ ဒီမိုကရေစီနည်းလမ်းကျပေါ်ထွက်လာတဲ့ အခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်နေတာ၊ တစ်နည်းအားဖြင့် ပြည်သူလူထုလိုလားတောင့်တတဲ့ ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းစောင့်ရှောက်နေတာပဲဖြစ်တယ်လို့ ခိုင်ခိုင်မာမာပြောလိုပါတယ်။ ဒါ့ကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေနဲ့လည်း အစိုးရနဲ့လက်တွဲပြီး ဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ကြဖို့၊ ငြိမ်းချမ်းရေးလမ်းကို လျှောက်လှမ်းကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၇)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပထမအသုတ်အနေဖြင့် ဆန်တန်ချိန် ၁၀၅၆၅ တန် တင်ပို့နိုင်ခဲ့



**ရန်ကုန် နိုဝင်ဘာ ၂၆**

မြန်မာနိုင်ငံမှဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ G to G သဘောတူညီမှုအရ ဆန်တန်ချိန် နှစ်သိန်းတင်ပို့ရန် ဆောင်ရွက်လျက်ရှိရာ အချို့သောဆန်များကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ စက်မှုမြို့တော်ဆိပ်ကမ်းမှ ပထမဆုံးအကြိမ်အဖြစ် တိုက်ရိုက်တင်ပို့ခဲ့ပြီး နိုဝင်ဘာ ၂ ရက်မှ ၂၂ ရက်ထိ ဆန်တန်ချိန် ၁၀၅၆၅ တန်ကို ပထမအသုတ်အဖြစ် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ပုသိမ်မြို့ စက်မှုမြို့တော်ဆိပ်ကမ်း(International Industrial Port AIIP)မှ နိုဝင်ဘာ ၂ ရက်တွင် ရောဟသ်ာကုမ္ပဏီမှ MV MCL-7 သင်္ဘောဖြင့် ဆန်တန်ချိန် ၂၆၅၀ ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တိုက်ရိုက်စတင်တင်ပို့ခဲ့ပြီး နိုဝင်ဘာ ၇ ရက်တွင် MV MCL-21 သင်္ဘောဖြင့် ဆန်တန်ချိန် ၂၆၁၅ တန်ကိုလည်းကောင်း၊ နိုဝင်ဘာ ၁၃ ရက်တွင် MV MCL-12 သင်္ဘောဖြင့်

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

(၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ဖိတ်ခေါ်

စာမျက်နှာ - ၂၀

မဲခေါင်ဒေသတွင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆန်းသစ်တီထွင်မှုနှင့် လုပ်ငန်းစွန့်ဦးတီထွင်ခြင်းဆိုင်ရာ နှီးနှောဖလှယ်ပွဲနှင့် ထုတ်ကုန်ပြပွဲကျင်းပ

စာမျက်နှာ - ၁၇



နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်းပဲတီစိမ်းနှင့် နှမ်းစပါး စိုက်တောင်သူများကို ထောက်ပံ့ပေးသွားမည်

စာမျက်နှာ - ၁၈

**PDF** အမည်ခံအကြမ်းဖက်သမားများက ပုလောမြို့နယ် ပလမြို့ အမှတ်(၃)ရပ်ကွက်၌ ရွှေထည်ပစ္စည်းမျိုးစုံအလေးချိန် ၁၆ ကျပ် ၁ မတ်သားနှင့် ငွေကျပ်သိန်း ၃၀ခန့်တို့ကို သေနတ်ပြခြိမ်းခြောက်ကာ လုယက်ယူဆောင်၊ နေအိမ်ကို မိုင်းခွဲဖျက်ဆီး

စာမျက်နှာ - ၂၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ငွေကျပ် ၂၈ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

စာမျက်နှာ - ၂၂

| မြို့ | အနိမ့်ဆုံးအပူချိန် | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၀˚C | / | ၃၁˚C |
| ရန်ကုန် | ၂၃˚C | / | ၃၀˚C |
| မန္တလေး | ၂၀˚C | / | ၃၃˚C |

